mgyoe.com

SAMPLE BOOK

# SIDNEY SHELDON

# TELL ME YOUR DREAMS

ဇင်သန့်

## တစ်ရေးနိုး အိပ်မက်



designed by tin htoon

mgyoe.com

mgyoe.com SAMPLE BOOK



# SIDNEY SHELDON

# TELL ME YOUR DREAMS

## ဇင်သန့်

## တစ်ရေးနိုး အိပ်မက်

mgyoe.com

mgyoe.com

SAMPLE BOOK

ဒုတိယ အကြိမ်၊ ၂၀၂၀၊ ဩဂုတ်
[ပထမ အကြိမ်၊ ၂၀၀၄၊ ဇွန်၊ treasure Publishing House ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

# ဇင်သန့်
# တစ်ရေးနိုး အိပ်မက်

Tell Me Your Dreams

**Sidney Sheldon**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

သူမကို တစ်စုံတစ်ယောက်က နောက်ယောင်ခံ လိုက်နေသည်။

နောက်ယောင်ခံ လိုက်နေသူများ အကြောင်း ဖတ်ဖူးခဲ့၏။ သို့သော် ၄င်းတို့မှာ ဆိုးသွမ်း လောကမှ လူများ ဖြစ်၏။ မည်သူ ဟူ၍တော့ မသိ။ မိမိကို အန္တရာယ် ပေးမည့်သူမှာ မည်သူ ဖြစ်လေမည်နည်း။

မကြောက်ရန်တော့ ကိုယ့်ကိုယ်ကိုယ် စိတ်ထိန်းထားသည်။ သို့သော် အခုတလော အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးခဲ့ရသည်များ ရှိသည်။ မိမိ စိတ်က ထင်၍ ဖြစ်တာပါလေ။ အက်ရှ်လေ ပက်တာဆင် တစ်ယောက်တည်း တွေးနေမိသည်။ မိမိကလည်း အလုပ်တွေ သိပ်လုပ်နေသည်။ အနားယူ အပန်းဖြေဦးမှ ဖြစ်တော့မည်။

အိပ်ခန်းထဲက မှန်တွင် သူမကိုယ် သူမ ပြန်ကြည့်သည်။ အသက် သုံးဆယ် နီးပါး၊ ကိုယ်လုံး သွယ်သွယ်၊ ထက်မြက်သော မျက်လုံးများနှင့် သပ်ရပ်စွာ ဝတ်စားထားသော မိန်းမ တစ်ယောက်ကို တွေ့လိုက်ရသည်။ အတော်ကလေး စွဲမက်စရာ ကောင်းသော ရုပ်ရည်မျိုး။ နက်မှောင်သော ဆံပင်များက ပခုံးပေါ်တွင် ဝဲကျနေသည်။ သူမ၏ ရုပ်ကို သူမ သဘောမကျ။ ပိန်လွန်းသည်။ နည်းနည်း အစား ပိုစားမှ ဖြစ်တော့မည်။

ထို့ကြောင့် မီးဖိုခန်းထဲ သွား၍ နံနက်စာ ပြင်သည်။ လက်ရှိ ဖြစ်နေသည့် ကြောက်မက်ဖွယ် ကိစ္စများကို မေ့ထားရန် ကြိုးစားပြီး ကြက်ဥမွှေကြော် ကြော်သည်ကို အာရုံစိုက်ထားလိုက်သည်။ ကော်ဖီ ဖျော်စက်ကို ခလုတ် ဖွင့်ပြီး ပေါင်မုန့် တစ်ချပ်ကို ပေါင်မုန့် မီးကင်စက်ထဲသို့ ထည့်လိုက်သည်။ ဆယ်မိနစ်ခန့် ကြာသော အခါ အားလုံး အသင့် ဖြစ်သွားသည်။

အက်ရှ်လေက ကြက်ဥမွှေကြော် ပန်းကန်ကို စားပွဲပေါ် တင်ပြီး ထိုင်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ခက်ရင်းကို ယူပြီး ပန်းကန်ကို ကြည့်ကာ စိတ်ပျက်စွာ ခေါင်းကို ယမ်းနေမိသည်။ ကြောက်စိတ်ကြောင့် အစား စားချင်စိတ်ပင် မရှိတော့။

ဤအတိုင်းတော့ အဖြစ် မခံနိုင်။

သူ မည်သူပင်ဖြစ်စေ မိမိအား အန္တရာယ် ပေးသည်မျိုးတော့ မဖြစ်စေရ။

အက်ရှ်လေ နာရီကို ကြည့်လိုက်သည်။ အလုပ် သွားဖို့ အချိန် တန်နေပြီ။ သူမက မိမိ အခန်းကို ပို၍ စိတ်ချရစေရန် လှည့်ပတ် ကြည့်ရှုလိုက်သည်။ အခန်းမှာ တတိယထပ် ဖြစ်ပြီး ပရိဘောဂတို့ဖြင့် လှပစွာ ပြင်ဆင်ထားသည်။ အိပ်ခန်း၊ ဧည့်ခန်း၊ သီးသန့် အပေါ်ခန်း၊ ရေချိုးခန်း၊ မီးဖိုခန်း၊ ဧည့်သည်များအတွက် အိမ်သာခန်း စသည်တို့ ရှိသည်။ ကာလီဖိုးနီးယား ပြည်နယ်၊ ကူပါတင်နို မြို့ကလေးတွင် သူမ နေထိုင်လာခဲ့သည်မှာ သုံးနှစ်ပင် ရှိခဲ့ပြီ။ ပြီးခဲ့သည့် နှစ်ပတ်ခန့် အထိ ဤအခန်းလေးကို ကောင်းကင်ဘုံကလေး အဖြစ် သူမ သဘောကျခဲ့သည်။ ယခုတော့ ဤတိုက်ခန်းမှာ သူမအား မည်သူမျှ အန္တရာယ် မပြုနိုင်သည့် ရဲတိုက် တစ်ခု ပမာတည်း။

အက်ရှ်လေက အပြင် တံခါးသော့ကို စစ်ဆေးသည်။ မင်းတုပ် ခိုင်ခိုင် တစ်ခု ဝယ်တပ်လိုက်ဦးမည်။ သူမက မီးများ အားလုံးပိတ်ပြီး သော့ကို အသေအချာ ခတ်ကာ မြေအောက်ထပ် ကားဂိုဒေါင်သို့ ဓာတ်လှေကားဖြင့် ဆင်းခဲ့သည်။

ကားဂိုဒေါင်ထဲတွင် မည်သူမျှ မရှိ။ ကားမှာ ဓာတ်လှေကားနှင့် ပေ နှစ်ဆယ်ခန့် ဝေးနေသေးသည်။ သူမက ဘေးဘီကို လှည့်ကြည့်ပြီး ကားဆီသို့ ပြေးကာ ကားတံခါးကို အမြန် တံခါး ဖွင့်ပြီး တံခါး ပြန်ပိတ်၍ သော့ချလိုက်သည်။ ထို့နောက် မှိုင်းပျပျ ကောင်းကင် အောက်တွင် မြို့လယ်သို့ မောင်းလာခဲ့တော့သည်။ မိုးလေဝသ သတင်းက မိုးရွာမည် ဆိုသည်။ မိုးရွာမည် မထင်။ နေသာလာဖွယ် ရှိသည်။ သင်းနှင့်တော့ တွေ့သေးတာပေါ့။ မိုးမရွာလျှင်တော့ အားလုံး အဆင်ပြေမည်။

နောက်ဆယ်မိနစ်ခန့် ကြာတော့ မြို့လယ်သို့ ရောက်လာသည်။ ယခင်က ဘာမျှမဟုတ်သည့် ဤစန်တာကလာရာ တောင်ကြား ယခုလို ဖြစ်လာသည်ကို သူမ အံ့သြနေမိ၏။ ဆန်ဖရန်စစ္စကိုမြို့မှ မိုင်ငါးဆယ် ဝေးသော ဤနေရာလေးတွင် ကွန်ပျူတာ တော်လှန်ရေး စခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းကို အကြောင်းပြု၍ ဤနေရာကို စီလီကွန် တောင်ကြားဟု အမည် ပေးခဲ့ကြသည်။

အက်ရှ်လေမှာ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီတွင် အလုပ် လုပ်သည်။ ဝန်ထမ်းပေါင်း နှစ်ရာ ရှိပြီး သေးငယ်သော်လည်း လျင်မြန်စွာ တိုးတက် အောင်မြင်သော ကုမ္ပဏီကလေး ဖြစ်သည်။

ကားကို စလစ်ဘာဒို လမ်းထဲသို့ ချိုးဝင်လိုက်တော့ ထိုလူ မိမိ နောက်သို့ လိုက်လာနေသည်ဟု ခံစားနေရသည်။

သူ မည်သူနည်း။

ဘာကြောင့် လိုက်လာသနည်း။

နောက်ကြည့်မှန်မှ ကြည့်လိုက်တော့လည်း အရာရာ ပုံမှန်လို ဖြစ်နေသည်။

သို့ရာတွင် စိတ်ထဲတွင်တော့ မိမိအား လိုက်နေသည်ဟုသာ ထင်နေသည်။ ရှေ့ဘက်ဆီတွင် မိမိ၏ ရုံး ခေတ်မီ အဆောက်အအုံကြီးကို တွေ့နေရသည်။ ကားရပ်မည့် နေရာသို့ မောင်းလာပြီး လုံခြုံရေးအား မိမိ ဝန်ထမ်းကတ် ပြကာ ကားကို ရပ်လိုက်သည်။

စိတ်ချသွားရလေပြီ။

သူမ ကားထဲက ထွက်တော့ မိုးရွာလာသည်။

မနက် ကိုးနာရီတွင် ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီ ရုံး၌ စတင် လှုပ်ရှား အလုပ် လုပ်ကြသည်။ မှန်ခန်းငယ်လေး ရှစ်ခုတွင် ကွန်ပျူတာ ကျွမ်းကျင်သူများ ထိုင်၍ အလုပ် လုပ်နေကြသည်။ အင်တာနက်နှင့် ဆက်သွယ်သူက ဆက်၊ ကုမ္ပဏီများ အတွက် တံဆိပ် အမှတ်အသား ထုတ်သူက ထုတ်၊ စာအုပ် ထုတ်ဝေရေး ကုမ္ပဏီများ အတွက် စာပေ မှတ်တမ်း တင်ပေးသူက တင်ပေး၊ မဂ္ဂဇင်း သရုပ်ဖော်ပုံများ ထုတ်သူက ထုတ်ဖြင့် လုပ်နေကြသည်။ ဌာနတွေလည်း ခွဲထားသည်။ အုပ်ချုပ်ရေး ဌာန၊ အရောင်း ဌာန၊ ဈေးကွက် ဌာန၊ အတတ်ပညာ ပံ့ပိုးရေး ဌာန စသည်တို့ ဖြစ်၏။ ဝန်ထမ်းတွေလည်း သွားလာ လှုပ်ရှားနေကြသည်။

အက်ရှ်လေ သူမ စားပွဲ ရှိရာသို့ သွားနေစဉ် သူမ၏ အုပ်ချုပ်ရေးမှူး ရှိန်း မီလာက အနားသို့ ရောက်လာပြီး 'မင်္ဂလာပါ အက်ရှ်လေ'


mgyoe.com

mgyoe.com SAMPLE BOOK

ရှိန်း မီလာမှာ အသက် သုံးဆယ်ကျော်ရှိသော ရှိပြီး လူပုံ ထွားထွား၊ ရုပ်ရည် သန့်သန့်နှင့် လေးလေးနက်နက် ရှိသည့် ပုံမျိုး။ ပထမတွင် သူက အက်ရှ်လေအား ပိုးပန်းခဲ့သေးသည်။ နောက်တော့ သူ လက်လျှော့သွားပြီး နှစ်ယောက်သား ခင်မင်သွားသည်။

သူက အက်ရှ်လေအား နောက်ဆုံးထုတ် တိုင်းမ် မဂ္ဂဇင်းကို ပြပြီး 'ဒါ ဖတ်ပြီးပြီလား'

အက်ရှ်လေက မျက်နှာဖုံးကို ကြည့်လိုက်တော့ ဆံပင် ဖြူဖြူ၊ အသက် ငါးဆယ်ကျော် အရွယ် ထင်ရှားသည့် ပုဂ္ဂိုလ် တစ်ဦး၏ ပုံကို မြင်လိုက်ရ သည်။

အောက်မှ စာတန်းကလည်း 'ဒေါက်တာ စတီဗင် ပက်တာဆင်၊ နှလုံး ခွဲစိတ်မှု ဖခင်' ဟု ရေးထားသည်။

'ဖတ်ပြီးပါပြီ'

'ကျော်ကြားတဲ့ ဖခင် တစ်ယောက်ရဲ့ သမီး ဖြစ်ရတာ စိတ်ထဲမှာ ဘယ် လို နေသလဲ'

အက်ရှ်လေက ပြုံး၍ 'ဝမ်းသာတာပေါ့'

'ဒီလူကတော့ တကယ့် ကြီးကျယ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ပါပဲဗျာ'

'ရှင်က အဲဒီလို ပြောတဲ့ အကြောင်း ကျွန်မ အဖေ့ကို ပြောလိုက်ပါ့မယ်၊ ကျွန်မတို့ နှစ်ယောက် ညစာ စားဖို့ ရှိတယ်'

'ကောင်းပါတယ်၊ ဒါထက်..'

ရှိန်း မီလာက ကုမ္ပဏီ တစ်ခု ကြော်ငြာတွင် သုံးမည့် ရုပ်ရှင်မင်းသမီး တစ်ဦး၏ ဓာတ်ပုံကို ပြရင်း 'ဒီမှာ အခက်အခဲလေး တစ်ခု ရှိနေလို့၊ ဒေစီ ရေးဟာ နည်းနည်းလေး ဝနေတယ်၊ မျက်ကွင်းက နည်းနည်း ညိုနေတယ်၊ မိတ်ကပ် လိမ်းထားတဲ့ ကြားက မျက်နှာမှာ အစက်အပြောက်တွေ ပေါ်နေ တယ်၊ အဲဒါ ကွန်ပျူတာနှင့် မင်း ပြင်ပေးလို့ ရမလား'

အက်ရှ်လေက ဓာတ်ပုံကို ကြည့်လိုက်ပြီး 'မျက်လုံးကတော့ ပြင်ပေး လို့ ရပါတယ်၊ ဒါပေမဲ့ မျက်နှာကို နည်းနည်း ပိန်အောင် လုပ်လိုက်မယ် ဆိုရင် ရုပ်ပျက်သွားလိမ့်မယ်၊ တချို့ နေရာလေးတွေကို နည်းနည်းပါးပါး ပြင် လိုက်ရင်တော့ ရလိမ့်မယ်'

'ကျေးဇူးပဲ၊ စနေနေ့ကျရင် ကိုယ်တို့ ညစာ စားမယ်နော်'

'ရပါတယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိန်း မီလာက ဓာတ်ပုံကို မေးငေါ့ပြပြီး 'သိပ်တော့ အရင် မလိုပါဘူး၊ သူတို့က ပြီးခဲ့တဲ့လတည်းက အပ်ထားတာ'

အက်ရှ်လေက ပြုံးပြီး 'နောက် ဘာပြောစရာ ရှိသေးလဲ'

အက်ရှ်လေမှာ ဂရပ်ဖစ် ဒီဇိုင်းကို ကျွမ်းကျင်သည်။ မဂ္ဂဇင်း အတွင်း ဒီဇိုင်းများကို တီထွင်နိုင်စွမ်း ရှိသူလည်း ဖြစ်၏။

နောက်နာရီဝက်လောက် ကြာသော အခါ သူမ ရုပ်ရှင်မင်းသမီး ဓာတ်ပုံကို ကွန်ပျူတာဖြင့် ပြုပြင်နေသည်။ တစ်စုံတစ်ယောက်က ကြည့်နေသည်ဟု ထင်သည်။ ဒင်းနစ် တစ်ဘဲလ် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'မင်္ဂလာပါ'

သူ့အသံက မုန်းစရာ ကောင်းလှသည်။ တစ်ဘဲလ်မှာ ကွန်ပျူတာ ဝိဇ္ဇာ ဖြစ်၏။ ကွန်ပျူတာ တစ်လုံး ပျက်ပြီ ဆိုလျှင် သူ့ကို ခေါ်ရသည်။ လူပုံက ပိန်ပိန်ပါးပါး၊ နဖူးက ပြောင်ပြောင်၊ သွေးကြီးတတ်သည့် ပုံစံမျိုး။

သူ အက်ရှ်လေကို ပိုးနေသည်ဟု တစ်ရုံးလုံး သတင်း ပျံ့နေသည်။

'အကူအညီ လိုနေလား'

'ဟင့်အင်း၊ ရပါတယ်'

'ကိုယ်တို့ စနေနေ့ကျရင် ညစာ စားကြရအောင်လား'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မ အလုပ် များနေလို့ပါ'

'ဘာလဲ၊ သူဌေးနှင့်ပဲ သွားစားဦးမလို့ မဟုတ်လား'

အက်ရှ်လေက သူ့ကို ဒေါသတကြီး လှည့်ကြည့်ပြီး 'ဒီမယ်၊ ဒါ ရှင်နှင့် ဘာမှ..'

'မင်းမျက်လုံးထဲမှာ သူ့ကို ဘယ်လို မြင်မလဲ မသိဘူး၊ ဒီလူဟာ ထုံထုံ ထိုင်းထိုင်းကြီးပါ၊ ကိုယ်နှင့်မှ မင်း ပျော်စရာ ကောင်းမှာ'

အက်ရှ်လေက ဒေါသကို ထိန်းရင်း 'ကျွန်မ အလုပ် လုပ်စရာ ရှိတယ် ဒင်းနစ်'

ဒင်းနစ်က သူမ အနားသို့ တီးတိုး ကပ်၍ 'ကိုယ့်ရဲ့ စွမ်းရည်ကို မင်း သိစေချင်လို့ပါကွာ၊ ကိုယ်ကတော့ ဘယ်တော့မှ စိတ်မလျှော့ဘူး'

သူ ထွက်သွားသည်ကို ကြည့်နေရင်း သူလေများလားဟု သူမ တွေးနေမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၂ နာရီခွဲတော့ ဖခင်နှင့် နေ့လယ်စာ စားရန် ချိန်းထားသည့် စားသောက်ဆိုင်သို့ ထွက်လာခဲ့သည်။

စားသောက်ဆိုင် ထောင့်ကျကျ စားပွဲတွင် သူမ ထိုင်ရင်း ဖခင် ဝင်လာသည်ကို ကြည့်နေသည်။ ဖခင်မှာ လူချော တစ်ယောက် ဖြစ်၏။ အက်ရှ်လေ ရှိရာ စားပွဲသို့ လျှောက်လာနေသော ဖခင်ကို လူတွေက ဝိုင်းကြည့်နေကြသည်။

စောစောပိုင်း နှစ်များက ဆိုလျှင် ဖခင် ဒေါက်တာ စတီဗင် ပက်တာဆင်မှာ နှလုံး ခွဲစိတ် ကုသမှုတွင် ရှေ့ဆောင် တစ်ဦး ဖြစ်ခဲ့သည်။ ကမ္ဘာ့ဆေးရုံကြီး အတော်များများက သူ့ကို လာရောက် ကုသရန် ခေါ်ယူခဲ့ကြရသည်။ မိခင်ကတော့ အက်ရှ်လေ ၁၂ နှစ်သမီး အရွယ်ကတည်းက ဆုံးပါးသွားသည်။ ထို့ကြောင့် အက်ရှ်လေတွင် ဖခင် တစ်ဦးတည်းသာ ရှိသည်။

'အဖေ နောက်ကျသွားတယ် အက်ရှ်လေ'

သူက အက်ရှ်လေ၏ ပါးကို ငုံ့၍ နမ်းကာ နှုတ်ဆက်လိုက်သည်။

'ရပါတယ်၊ သမီးလည်း ခုပဲ ရောက်တာ'

သူက ထိုင်လိုက်ပြီး 'တိုင်းမ် မဂ္ဂဇင်း သမီး မြင်ပြီးပြီလား'

'ဟုတ်ကဲ့၊ ရှိန်း သမီးကို လာပြတယ်'

ဖခင်က မျက်မှောင် ကြုတ်လိုက်ပြီး 'ရှိန်း ဟုတ်လား၊ သမီးတို့ အလုပ်ရှင်လား'

'အလုပ်ရှင် မဟုတ်ပါဘူး၊ သူက ကြီးကြပ်ရေးမှူးပါ'

'လုပ်ငန်းနှင့် အပျော်အပါးကို ရောထွေးတာ မကောင်းဘူး သမီး၊ သမီးနှင့် သူ အမြဲ တွေ့နေတယ် မဟုတ်လား၊ အဲဒါ မှားတယ်'

'အဖေရယ်၊ သမီးတို့က ကောင်းကောင်းမွန်မွန်..'

စားပွဲထိုး တစ်ယောက် သူတို့ စားပွဲသို့ ရောက်လာပြီး 'စားသောက်ဖွယ် စာရင်း ကြည့်လိုပါသလား ခင်ဗျာ'

ဒေါက်တာ ပက်တာဆင်က သူ့ကို လှည့်ကြည့်ပြီး 'ငါတို့ စကား ပြောနေတာ မင်း မတွေ့ဘူးလား၊ သွားစမ်း၊ ငါတို့ မခေါ်မချင်း မလာခဲ့နှင့်'

'ကျွန်တော်.. ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ'

စားပွဲထိုး လှည့်ထွက်သွားသည်။ အက်ရှ်လေ ရှက်သွားသည်။ ဖခင် စိတ်ကြမ်းတတ်သည်ကို သူမ မေ့နေခဲ့၏။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါကလည်း ခွဲစိတ် ကုသနေစဉ် အလုပ်သင် ဆရာဝန် တစ်ယောက် မှားယွင်း ဆုံးဖြတ်မိသည့် အတွက် လက်သီးဖြင့် ဆွဲထိုးခဲ့ဖူးသေးသည်။ မိခင်နှင့် ဖခင် အော်ကြီးဟစ်ကျယ် စကားများခဲ့ကြသည်ကိုလည်း သတိရနေမိ၏။ ထိုအခါက သူမ အတော်ပင် ကြောက်ခဲ့ရသည်။ မိဘ နှစ်ပါးမှာ အကြောင်း တစ်ခုတည်းကို အကြောင်းပြု၍ ရန်ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုအကြောင်းကိုမူ သူမ မေ့နေသည်။

ဖခင်က ဆက်၍ ပြောနေသည်။

'အဖေတို့ ပြောတာ ဘယ်ရောက်သွားပါလိမ့်၊ သြော် ဟုတ်ပြီ၊ ရှိန်း မီလာနှင့် အပြင် ထွက်တာ မှားတယ်၊ သိပ်ကြီးတဲ့ အမှားပဲ'

ထိုစကားများကြောင့် ကြောက်မက်ဖွယ် အတိတ်ကြောင်းများကို ပြန် သတိရနေမိပြန်သည်။

ဖခင် ပြောသည့် စကားများကို ပြန်လည် ကြားယောင်နေမိ၏။

'ဂျင် ကလာရီနှင့် အပြင် ထွက်တာ မှားတယ်၊ သိပ်ကြီးတဲ့ အမှားပဲ'

အက်ရှ်လေ ၁၈ နှစ် အရွယ်တွင် သူမကို မွေးဖွားရာ ပင်ဆိုက်ဗေးနီးယား ပြည်နယ်၊ ဘက်ဖို့ဒ် မြို့တွင် နေထိုင်သည်။ ဘက်ဖို့ဒ် အထက်တန်း ကျောင်းတွင် ဂျင် ကလာရီမှာ အတော်ပင် ရေပန်းစားသူ ဖြစ်သည်။ ဘောလုံး အသင်းတွင် ပါသည်။ ချောလည်း ချောသည်။ ပျော်တတ် ရွှင်တတ်ပြီး အေး စက်စက် အပြုံးကလေး ရှိသည်။ ကျောင်းက မိန်းကလေးတိုင်းလိုလို သူ့ကို ချစ်ကြသည်။ အားလုံးလိုလိုနှင့်လည်း သူ တွဲခဲ့ဖူးသည်။ ဂျင်က သူမအား အပြင် ထွက်လည်ရန် ခေါ်တော့ မိမိ သူနှင့် လွန်လွန်ကျူးကျူး မဖြစ်စေရဟု ဆုံးဖြတ်ထားခဲ့သည်။ မိမိကို သူ လိုလားနေမှန်း သူမ သိနေသည်။ သို့ရာတွင် နောက်တော့ သူမ စိတ်ပြောင်းသွားသည်။ မိမိ သူနှင့် နေရသည်ကို ပျော်သည်။ သူကလည်း မိမိနှင့် တွဲရသည်ကို တကယ်ပင် ပျော်ဟန် တူ၏။

ဆောင်းကာလ တစ်ခုတွင် အတန်းကြီး ကျောင်းသားများ နှင်းလျှော စီးရန် တောင်ပေါ်သို့ တက်ကြသည်။ ဂျင် ကလာရီကလည်း နှင်းလျှောစီး ဝါသနာ ပါ၏။

'ငါတို့ သိပ်ပျော်စရာ ကောင်းမှာပဲ'

သူက အက်ရှ်လေကို ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ငါတော့ မလိုက်ဘူး'

သူက အံ့ဩသလို သူမကို ကြည့်ရင်း 'ဘာဖြစ်လို့လဲ'

'အေးတဲ့ ရာသီကို ငါ မကြိုက်လို့၊ လက်အိတ် စွပ်ထားတာတောင် လက်တွေ ထုံကျဉ်နေတာပဲ'

'ပျော်စရာ ကောင်းမှာပါဟ'

'ငါ မလိုက်ချင်ဘူး'

သို့ဖြင့် ဂျင်လည်း မလိုက်ဘဲ သူနှင့် အတူ နေခဲ့သည်။ နှစ်ယောက်သားမှာ ဝါသနာတူ ရည်ရွယ်ချက်ချင်းလည်း တူကြသည်။ နှစ်ယောက်သား ပျော်လည်း ပျော်ခဲ့ကြ၏။

ဂျင် ကလာရီက 'ဒီမနက် သူငယ်ချင်း တစ်ယောက်က ကိုယ့်ကို မေးတယ်၊ မင်းက ကိုယ့်ရည်းစားလားတဲ့၊ ငါ သူ့ကို ဘယ်လို ပြောရမလဲ'

အက်ရှ်လေက ပြုံးပြီး 'ဟုတ်တယ်လို့ ပြောလိုက်ပေါ့'

ဒေါက်တာ ပက်တာဆင်က စိတ်ပူပြီး 'ကလာရီ ဆိုတဲ့ ကောင်လေးနှင့် သမီး တွေ့တာ သိပ်များနေပြီ'

'သူက လူကောင်းလေးပါ အဖေရယ်၊ သမီးလည်း သူ့ကို ချစ်တယ်'

'ဘာဖြစ်လို့ ချစ်ရတာလဲ၊ သူက ဘောလုံးသမား၊ သမီးကို ဘောလုံးသမားနှင့် မပေးစားနိုင်ဘူး၊ သမီး အပေါ် သူ ကောင်းနိုင်စရာ မရှိဘူး'

သမီးနှင့် တွဲသည့် ကောင်လေး မှန်သမျှကိုလည်း ဖခင် ထိုအတိုင်း ပြောခဲ့သည်။ ကလာရီနှင့် ပတ်သက်၍ ဖခင် တစ်ခုမှ အကောင်း မပြော။ အထက်တန်းကျောင်းဆင်းပွဲ ညတွင် အကြီးအကျယ် ပေါက်ကွဲတော့သည်။

ဂျင် ကလာရီက အက်ရှ်လေအား ထိုညတွင် ကျောင်းဆင်းပွဲသို့ ခေါ်သွားသည်။ ကလာရီ လာခေါ်တော့ အက်ရှ်လေမှာ တရှုံ့ရှုံ့ ငိုနေ၏။

'ဘာဖြစ်လို့လဲ'

'အဖေက ငါ့ကို လန်ဒန် ခေါ်သွားမလို့တဲ့၊ အဲဒီက ကောလိပ်မှာ ငါ့ကို ထားမယ်တဲ့'

ဂျင် ကလာရီက သူမအား အံ့ဩစွာ စိုက်ကြည့်နေပြီး 'ဒါ ငါတို့ နှစ်ယောက် ဖြစ်နေတာကို အကြောင်းပြုပြီး လုပ်တာပေါ့လေ'

အက်ရှ်လေက စိတ်ဆင်းရဲစွာ ခေါင်းညိတ်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မင်းတို့ ဘယ်တော့ သွားကြမှာလဲ'

'မနက်ဖြန်'

'ဟာကွာ၊ ကိုယ် ဒါမျိုး လုပ်တာတော့ မခံနိုင်ဘူး၊ ဒီမယ် ကိုယ် မင်းကို လက်ထပ်ချင်တယ်၊ ငါ့ဦးလေးက ရှီကာဂိုမြို့မှာ ရှိတဲ့ သူ့ရဲ့ ကြော်ငြာကုမ္ပဏီမှာ ငါ့ကို အလုပ် ကောင်းကောင်း ပေးမယ်တဲ့၊ တို့ ခိုးပြေးကြမယ်၊ မနက်ဖြန် မနက် ငါ့ကို ဘူတာရုံမှာ စောင့်၊ ရှီကာဂို သွားတဲ့ ရထား မနက် ခုနစ်နာရီမှာ ရှိတယ်၊ နင် လိုက်မယ် မဟုတ်လား'

သူမက သူ့ကို အတန်ကြာအောင် ကြည့်နေပြီး 'အင်း'

နောက်ပိုင်း ပြန်စဉ်းစားကြည့်တော့ ကျောင်းဆင်းပွဲ ဆိုသည်မှာ မည်သို့မှန်းပင် မသိခဲ့။ သူမနှင့် ဂျင်မှာ တစ်ညနေလုံး မိမိတို့ အနာဂတ်နှင့် ပတ်သက်၍သာ ဆွေးနွေးနေခဲ့ကြသည်။

'တို့ ရှီကာဂိုကို လေယာဉ်နှင့် သွားရင် မကောင်းဘူးလား'

အက်ရှ်လေက ဆိုသည်။

'အဲဒါ ဆိုရင် လေဆိပ်မှာ ငါတို့ နာမည်တွေ ပေးခဲ့ရမှာပေါ့၊ ရထားနှင့် ဆိုရင် ငါတို့ ဘယ်သွားတယ် ဆိုတာ ဘယ်သူမှ မသိဘူး'

ကျောင်းဆင်းပွဲက ပြန်လာတော့ ဂျင် ကလာရီက အက်ရှ်လေအား တိုးတိုးကလေး ကပ်မေးသည်။

'ငါတို့ အိမ်ကို ခဏလောက် လိုက်ခဲ့ပါလား၊ ငါတို့ အိမ်သားတွေ စနေ တနင်္ဂနွေ ခရီး ထွက်နေလို့ အိမ်မှာ ဘယ်သူမှ မရှိဘူး'

အက်ရှ်လေက တွေဝေနေပြီးမှ 'ဂျင်ရယ်၊ ငါတို့ ဒီလောက်ထိအောင် စောင့်လာခဲ့ပြီးမှ တစ်ရက် နှစ်ရက် ထပ်စောင့်ရတာလည်း ဘာမှ မထူးပါဘူး'

'နင် ပြောတာ မှန်ပါတယ်လေ၊ ဒီအမေရိကတိုက်ကြီး တစ်ခုလုံးမှာ အပျိုစစ်စစ် တစ်ယောက်ကို လက်ထပ်ခွင့် ရတာ ငါ တစ်ယောက်တည်း ရှိမှာပါ'

ဂျင် ကလာရီက အက်ရှ်လေအား ကျောင်းဆင်းပွဲမှ အိမ်ကို ပြန်ပို့တော့ ဒေါက်တာ ပက်တာဆင် အိမ်မှ စောင့်နေသည်။ ဒေါသလည်း ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျနေရတာလဲ'

'ကျွန်တော် တောင်းပန်ပါတယ် ဦး၊ ကျောင်းဆင်းပွဲက..'

'ဘာဆင်ခြေမှ မလိုချင်ဘူး၊ ကလာရီ၊ ငါ့ကို ဘာကောင် အောက်မေ့ လို့လဲ'

'ကျွန်တော်..'

'အခုချိန်က စပြီး မင်း ငါ့သမီးနှင့် မပတ်သက်နှင့်၊ နားလည်လား'

'အဖေ..'

'ဒီမယ် ကလာရီ၊ မင်း ခု ထွက်သွား၊ လုံးဝ လာမပတ်သက်နှင့်'

'ကျွန်တော်နှင့် ဦးရဲ့ သမီးက..'

'ဂျင်..'

'နင့်အခန်းကို နင် သွားနေစမ်း'

'ဦး..'

'နောက်တစ်ခါ မင်းကို ဒီအနီးအနား တစ်ဝိုက်မှာ တွေ့ရင် အရိုး တခြား အသား တခြား ဖြစ်ပြီသာ မှတ်'

ဖခင် ထိုမျှ စိတ်ဆိုးသည်ကို အက်ရှ်လေ မမြင်ဖူးခဲ့။ တစ်ချိန်လုံး အော်ငေါက်နေတော့သည်။ ပြီးတော့ ဂျင်လည်း ပြန်သွားပြီး အက်ရှ်လေမှာ မျက်ရည်စက်လက်နှင့် ကျန်ခဲ့သည်။

ဖခင် မိမိအား ထိုသို့ မလုပ်သင့်။ ယင်းမှာ မိမိဘဝကို ဖျက်ဆီးခြင်း ဖြစ်သည်။ သူမ ခုတင်ပေါ်တွင် ကြာမြင့်စွာ ထိုင်နေ၏။ ဂျင်သည် မိမိ၏ အနာဂတ်။ သူနှင့်သာ မိမိ နေချင်သည်။ ယခု အိမ်တွင် မနေလိုတော့။ သူမ ထကာ အထုပ်အပိုးများ ပြင်သည်။ နာရီဝက်ခန့် ကြာသော အခါ အက်ရှ်လေ နောက်ဖေးပေါက်မှ ထွက်ပြီး ဂျင်၏ အိမ်သို့ လာခဲ့သည်။ ယခုည သူ့အိမ်တွင် အိပ်ပြီး မနက်ဖြန် ရထားဖြင့် ရှီကာဂိုသို့ သွားမည်။ အိမ်နား ရောက်ခါနီးမှ ဤသို့ လုပ်၍ မဖြစ်သေး။ အားလုံး ကမောက်ကမ ဖြစ်ကုန်မည်။ သူ့ကို ဘူတာရုံတွင်သာ တွေ့တော့မည်ဟု တွေးလိုက်မိ၏။ သို့ဖြင့် သူမ အိမ်သို့ ပြန်လာသည်။

အက်ရှ်လေ တစ်ညလုံး အိပ်မပျော်ဘဲ မိမိတို့ အနာဂတ်ရေးကိုသာ တွေးနေမိသည်။ ငါးနာရီခွဲတော့ ခရီးဆောင်အိတ်ကို ယူကာ တံခါး ပိတ်ထားသော

mgyoe.com

mgyoe.com SAMPLE BOOK

ဖခင်၏ အခန်း ရှေ့မှ တိတ်တိတ်ကလေး ထွက်လာခဲ့တော့သည်။ အပြင်ရောက်တော့ ဘတ်စ်ကားဖြင့် ဘူတာရုံသို့ လာခဲ့၏။ ဂျင်က မရောက်သေး။

အက်ရှ်လေ ခုံရှည် တစ်လုံးတွင် ထိုင်ရင်း စိတ်မောစွာ စောင့်နေသည်။ ဖခင် နိုးလျှင် မိမိ မရှိတော့ကြောင်း သိသွားတော့မည်။ သူ မည်မျှ စိတ်ဆိုးနေမည်နည်း။

ဖခင်ကို မိမိ ဘဝထဲ၌ မထားလိုတော့။ အချိန်ကျလျှင် ဂျင် အကြောင်း သူ သိပြီး မိမိ မည်မျှ ကံကောင်းသည်ကို သူ နားလည်နိုင်လိမ့်မည်။ ၆း၃၀ နာရီ၊ ၆း၄၀ နာရီ၊ ၆း၄၅ နာရီ၊ ၆း၅၀ နာရီ။ ဂျင်၏ အရိပ်အယောင်ပင် မတွေ့ရ။

အက်ရှ်လေ စိတ်ပူလာမိသည်။ ဘာများ ဖြစ်နေပြီလဲ။ သူ့ထံသို့ ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။ တစ်ဖက်တွင် ဖုန်းကို ကိုင်မည့်သူ မရှိ။

၆း၅၅ နာရီ။

သူ အချိန်မရွေး ရောက်လာနိုင်သည်။ ခပ်လှမ်းလှမ်းဆီမှ ရထား ဥသြသံကို ကြားနေသဖြင့် နာရီကို ကြည့်လိုက်တော့ ၆း၅၉ နာရီ ဖြစ်နေပြီ။

ရထား ဆိုက်လာသည်။ သူမ ထိုင်ရာမှ ထပြီး ထိတ်ထိတ်ပျာပျာဖြင့် ပတ်ဝန်းကျင်ကို လိုက်ရှာနေသည်။

သူ တစ်ခုခု ဖြစ်နေသည်လား။ တစ်ခုခု ဖြစ်၍ ဆေးရုံများ ရောက်နေပြီလား။

ခဏ ကြာတော့ ရှီကာဂိုသို့ သွားမည့် ရထား ဘူတာရုံမှ ထွက်ခွာသွားပြီး သူမ တစ်ယောက်တည်း မတ်တတ် ရပ်ကျန်ခဲ့သည်။

မိမိ၏ စိတ်ကူးလေးများ ရထားနှင့် အတူ ပါသွားလေပြီ။ သူမ နောက်ထပ် နာရီဝက် စောင့်ပြီး ဂျင်ထံ ဖုန်းဆက်ရန် ကြိုးစားလိုက်သေးသည်။

တစ်ဖက်မှ ဖုန်းမကိုင်တော့ သူမ အိမ်သို့ နုံးချည့်စွာ ပြန်လာခဲ့တော့သည်။

မွန်းတည့်ချိန်လောက်တွင် လန်ဒန်သို့ သွားမည့် လေယာဉ်ပေါ်၌ အက်ရှ်လေနှင့် သူမ ဖခင် ပါသွားကြသည်။

လန်ဒန်ရှိ ကောလိပ် တစ်ခု၌ အက်ရှ်လေ နှစ်နှစ် တက်သည်။ ထို့နောက် ကွန်ပျူတာဖြင့် အလုပ် လုပ်မည်ဟု ဆုံးဖြတ်သဖြင့် ဆန်တာခရုဇ် မြို့ရှိ ကာလီ


mgyoe.com

mgyoe.com SAMPLE BOOK

ဖိုးနီးယား တက္ကသိုလ်၌ အမျိုးသမီး အင်ဂျင်နီယာ သင်တန်းသို့ ပညာသင်ဆု လျှောက်လိုက်သည်။ ထိုပညာသင်ဆု ရခဲ့သည်။ နောက်သုံးနှစ် ကြာသော အခါ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကော်ပိုရေးရှင်းတွင် အလုပ် ရသည်။

အစကတော့ သူမ ဂျင် ကလာရီထံ စာတွေ ရေးလိုက်သေးသည်။ ရေးပြီး သူမ ပြန်ဆုတ်ဖြဲပစ်လိုက်သည်။ သူ့လုပ်ရပ်က မိမိကို မည်သို့ သဘောထားသည်ကို သိသာသည် မဟုတ်လား။

ဖခင်၏ အသံကြောင့် အတိတ်က ပစ္စုပ္ပန်ကို ပြန်ရောက်ခဲ့သည်။

'သမီး အတွေး နယ်ချဲ့နေပုံပဲ၊ ဘာတွေများ စဉ်းစားနေတာလဲ သမီး'

အက်ရှ်လေက သူ့ဖခင်ကို ကြည့်လျက် 'ဘာမှ မဟုတ်ပါဘူး'

ဒေါက်တာ ပက်တာဆင်က စားပွဲထိုးကို ခေါ်လိုက်ပြီး ပြုံးပြလျက် 'ကဲ ငါတို့ စားသောက်ဖွယ် စာရင်း ကြည့်တော့မယ်'

ရုံးသို့ ပြန်လာကာမှ တိုင်းမ် မဂ္ဂဇင်းတွင် ဖခင် ပါလာသည့် အတွက် မိမိ ဂုဏ်ယူကြောင်း ပြောဖို့ သတိရတော့သည်။ သူမ စားပွဲသို့ ပြန်ရောက်သွားသည်တွင် ဒင်းနစ် တစ်ဘဲလ် ထိုင်စောင့်နေကြောင်း တွေ့လိုက်ရသည်။

'မင်းအဖေနှင့် နေ့လယ်စာ သွားစားတယ်လို့ ကြားတယ်'

ဤလူသည် သူများ အကြောင်းကို အမြဲ လိုက်စုံစမ်းတတ်သည်ပါလား။ ဤရုံးတွင် ဖြစ်ပျက်သမျှ သူ့ကိစ္စ ကျနေတာပဲ။

'ဟုတ်တယ်'

'ဒါဆိုရင်တော့ ဘယ်ပျော်စရာ ကောင်းမလဲ၊ ကိုယ်နှင့် တစ်ခါလောက် နေ့လယ်စာ လိုက်စားပါလား'

သူက လေသံကို မြှင့်ကာ ပြောနေသည်။

'ဒင်းနစ်၊ ကျွန်မ စိတ်မဝင်စားပါဘူးလို့ ပြောထားပြီးပြီပဲ'

သူက ပြုံးဖြဲဖြဲဖြင့် 'မင်း စိတ်ဝင်စားလာမှာပါ၊ စောင့်ကြည့်ရသေးတာပေါ့'

ထိုလူမှာ အတော်ပင် အသည်းယားစရာ ကောင်းသည်။ ကြောက်စရာလည်း ကောင်းသည်။ မိမိ နောက်သို့ လိုက်နေသည်မှာ သူများလား။



mgyoe.com

mgyoe.com SAMPLE BOOK

သူမ ခေါင်းကို ယမ်းလိုက်လေသည်။
ထိုအကြောင်းတွေကို မေ့ထားချင်၏။

အိမ်အပြန် လမ်းတွင် သူမ စာအုပ်ဆိုင် ရှေ့၌ ကားကို ရပ်လိုက်သည်။ ဆိုင်ထဲ မဝင်ခင် ဆိုင်ရှေ့တွင် ကာထားသည့် မှန်ဖြင့် မိမိနောက်သို့ တစ်စုံတစ်ယောက် လိုက်လာလေမည်လားဟု ကြည့်လိုက်သေးသည်။ လိုက်လာသူ မရှိ။ ထို့ကြောင့် ဆိုင်ထဲသို့ ဝင်သွားသည်။

လူငယ် အမျိုးသား အရောင်း စျေးသည်က သူမထံသို့ ရောက်လာပြီး 'ဘာ အလိုရှိပါသလဲ ခင်ဗျာ'

'ဟုတ်ကဲ့၊ ဒီဆိုင်မှာ အနောက်က လိုက်ချောင်းသူတွေရဲ့ အကြောင်း ရေးထားတဲ့ စာအုပ် ရှိလား'

အရောင်း စျေးသည်က ထူးဆန်းသလို သူမအား ကြည့်နေပြီး 'နောက်က လိုက်ချောင်းတဲ့ သူတွေ ဟုတ်လား'

အက်ရှ်လေက မိမိကိုယ်မိမိ ကြောင်တောင်တောင်များ ဖြစ်နေသည်လားဟု စိတ်မသိုးမသန့် ဖြစ်နေသည်။

'ဟုတ်ကဲ့၊ နောက်ပြီး ဟို ပန်းဥယျာဉ် ပြုပြင်နည်းရယ်၊ အာဖရိက တိရစ္ဆာန်တွေ အကြောင်းရယ်လည်း လိုချင်တယ်'

'နောက်က လိုက်ချောင်းတဲ့ သူတွေ အကြောင်းရယ်၊ ပန်းဥယျာဉ် ပြုပြင်နည်းရယ်၊ အာဖရိက တိရစ္ဆာန်တွေ အကြောင်းရယ် ဟုတ်လား'

'ဟုတ်ပါတယ်'

ဥယျာဉ်လေး တစ်ခုကို စိုက်ပျိုးနိုင်သည့် အာဖရိကသို့ မိမိ ခရီးလည်း ထွက်ကောင်း ထွက်နိုင်သည်။ မည်သူ သိနိုင်မည်နည်း။

အက်ရှ်လေ ကားဆီ ပြန်ရောက်တော့ မိုးက ရွာလာပြန်သည်။ ကား လေကာမှန်ကို မိုးစက်များ လာရောက် ထိမှန်ပြန်သဖြင့် ကားရှေ့ဘက် မြင်ကွင်းမှာ မှုန်ဝါးဝါး ပန်းချီကား တစ်ချပ်မျှသာတည်း။

သူမက ရေသုတ်တံကို ဖွင့်သည်။ မှန်ပေါ်တွင် ရွေ့လျားနေသည့် ရေသုတ်တံ၏ အသံက မြည်နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'သူ နင့်ကို သတ်တော့မယ်၊ သူ နင့်ကို သတ်တော့.. သူ..'

ရေသုတ်တံ၏ အသံကို သူမ ထိုအတိုင်း ကြားနေ၏။ သူမ လျှင်မြန်စွာ ပြန်ပိတ်လိုက်သည်။ မဟုတ်ပါဘူး။ ဘယ်သူမှ မရှိဘူး၊ ဘယ်သူမှ မရှိဘူး ဟူသည့် အသံသာ ဖြစ်ပါလိမ့်မည်။

သူမက ရေသုတ်တံကို ပြန်ဖွင့်ပြန်သည်။

'သူ နင့်ကို သတ်တော့မယ်၊ သူ နင့်ကို သတ်တော့မယ်၊ သူ နင့်ကို သတ်တော့မယ်'

အက်ရှ်လေက ကားကို မြေအောက် ကားဂိုဒေါင်တွင်း ရပ်ပြီး ဓာတ်လှေကား ခလုတ်ကို နှိပ်လိုက်သည်။ နှစ်မိနစ်ခန့် ကြာသော အခါ သူမ အခန်း ရှိရာသို့ လျှောက်လာနေသည်။

သူမ အခန်း တံခါးကို သော့ဖွင့်လိုက်သည်။ ပြီးတော့ တံခါးကို ဖွင့် လိုက်ရာ တစ်ကိုယ်လုံး ကြက်သေ သေသွားမိသည်။

အခန်းထဲတွင် မီးများ ထိန်လင်းနေသောကြောင့်တည်း။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

ပိုးစာချို့ တစ်ဝိုက် မျောက်က မြွေပါကို လိုက်
ပျော်စရာရယ်လို့
မျောက်က သဘောထား
ဟိုက် မြွေပါ လွတ်သွား။

ဤ ဘာမဟုတ်သည့် သီချင်းကို မိမိ ဘာကြောင့် ကြိုက်နေမှန်း တိုနီ ပရက်စကော့ သိသည်။ ထိုသီချင်းကို မိမိ အမေက မုန်း၍ မဟုတ်လား။

'ပေါက်ကရ သီချင်းတွေ မဆိုစမ်းနှင့်၊ ငါ ပြောတာ ကြားလား၊ အသံ ကလည်း မကောင်း' ဟု အမေက ပြောသည်။

'ဟုတ်ကဲ့ အမေ'

ဒီသီချင်းကို အသံ မထွက်ဘဲ အကြိမ်ကြိမ် ထပ်ဆိုသည်။ ကြာတော့ ကြာခဲ့ပြီလေ။

ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီတွင် အလုပ် လုပ်နေရသည်ကို တိုနီ ပရက်စကော့ မကြိုက်။ သူမ အသက် ၂၂ နှစ် ရှိပြီ။ ရုပ်ရည် ချောမောပြီး ဘာကိုမှလည်း မကြောက်။ ရဲရဲတင်းတင်းလည်း ရှိသည်။ သူမမှာ တငွေ့ငွေ့ လောင်ကျွမ်းတတ်သည့် သဘောနှင့် ပေါက်ကွဲတတ်သည့် သဘောများ ရော ယှက်နေ၏။ မျက်နှာက အသည်းပုံ ဝိုင်းသွယ်သွယ် ဖြစ်သည်။ မျက်လုံးများ က ထက်မြက်၍ အညိုရောင် ရှိပြီး ကိုယ်လုံးကိုယ်ပေါက်မှာ တပ်မက်ဖွယ်ရာ ဖြစ်၏။ သူမကို လန်ဒန်တွင် မွေး၍ စကားပြောသည့် အခါ ဗြိတိသျှ လေသံ ဝဲသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သူမက အားကစားသမား တစ်ယောက် ဖြစ်ပြီး အားကစားကိုလည်း နှစ်သက်သည်။ အထူးသဖြင့် လျှောစီးခြင်း၊ ရေခဲပြင် စကိတ် စီးခြင်းကဲ့သို့ သော ဆောင်းရာသီ အားကစားများကို ပိုမို နှစ်သက်သည်။

လန်ဒန် တက္ကသိုလ်တွင် တက်စဉ်က နေ့ဘက်တွင် သူမ သမားရိုးကျ ဝတ်စား ဆင်ယင်တတ်ပြီး ညဘက်တွင်မူ မီနီ စကတ်နှင့် ဒစ္စကို အပြင်အဆင်များ ဝတ်ဆင်ကာ လှည့်လည် ပျော်ပါးနေတတ်သည်။

ညနေခင်းနှင့် ညပိုင်းများတွင် ကပွဲများ၊ နိုက်ကလပ်များတွင် အချိန် ဖြုန်းတတ်၏။ အသံလည်း ကောင်းပြီး ကလပ်များတွင် တစ်ခါတစ်ရံ စန္ဒရား တီး၍ သီချင်းလည်း ဆိုသည်။ ပရိသတ်ကလည်း ဩဘာ ပေး၏။ ထိုစဉ်က သူမ အတော်ပင် ပျော်ခဲ့သည်။

'မင်းဟာ သိပ်ပြီး အဆို တော်ပါလား တိုနီ'

'ဟုတ်ကဲ့'

'အရက် တစ်ခွက်လောက် တိုက်ပါရစေ'

'ကောင်းတာပေါ့'

ကလပ်များတွင် ညတိုင်းလိုလို ထိုစကားများ ကြားနေကျ။ မိမိနှင့် အတူ ချိန်း၍ လည်သော ယောကျ်ားများကလည်း 'ကိုယ့်တိုက်ခန်းပေါ် တက်ပြီး ပျော် ကြရအောင်လား' စသည်ဖြင့် အနားနား ကပ်၍ တီးတိုး ပြောသည်မှာလည်း အကြိမ်ကြိမ်။

'သေလိုက်ပါလား'

တိုနီက ပြောပြီး ထိုနေရာမှ ထွက်လာတော့သည်။ တိုနီက မိမိ ခုတင် ပေါ်တွင် အိပ်ရင်း စဉ်းစားသည်။ ယောကျ်ားတွေများ တယ်မိုက်မဲပါလား၊ သူ တို့ကို ထိန်းချုပ်ရသည်မှာလည်း တယ်လွယ်ပါလား စသည်ဖြင့် တွေးနေသည်။ ဤသည်ကို သကောင့်သားများ မသိကြ။ သူတို့က အထိန်းချုပ် ခံချင်သည်။ သူတို့ကို ထိန်းချုပ်ဖို့တော့ လိုသည်။

ထို့နောက် လန်ဒန်မှ ကူပါတင်နိုမြို့သို့ ပြောင်းခဲ့ရသည်။ အစတော့ အတော် စိတ်ပျက်ဖွယ် ကောင်းသည်။ ကူပါတင်နိုမြို့တွင် နေရသည်နှင့် ဂလိုဘယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီတွင် အလုပ် လုပ်ရသည်ကို တိုနီက အလွန် မုန်း၏။ ကွန်ပျူတာ ဝေါဟာရတွေကို ကြားနေရသည်မှာ အလွန်ပင် ငြီးငွေ့ဖွယ် ကောင်းသည်။

လန်ဒန်တွင် ညဘက် လျှောက်လည် ပျော်ပါးရသည်ကို တိုနီ တမ်းတနေမိ၏။ ကူပါတင်နိုမြို့တွင် ညဘက် ပျော်ပါးစရာ နေရာ အနည်းငယ်တော့ ရှိ၏။ ထိုနေရာများသို့ တိုနီ မကြာခဏ သွားတတ်သည်။ ဆန့်ဂျိုးစ် လိုက်ဖ်၊ သို့မဟုတ် ပီဂျေ မူလီဂန်၊ သို့မဟုတ်ကလည်း ဟောလီဝုဒ် လမ်းဆုံတွင် ဖြစ်သည်။

တိုနီက အသားကပ် မီနီ စကတ်၊ ငါးလက်မ မြင့်သည့် ထိပ်ပွင့် ဒေါက်မြင့် ရှူးဖိနပ်တို့ကို ဝတ်ဆင်ကာ သွားသည်။ မိတ်ကပ်က ထူထူ၊ နှုတ်ခမ်းဆိုးဆေး ထူထူ၊ မျက်တောင် အတု၊ မျက်ခွံ ဆိုးဆေး၊ နီရဲသော နှုတ်ခမ်းဆိုးဆေးများဖြင့် ပြင်ဆင်သည်။ မိမိ၏ အလှများကို တမင် ဖုံးကွယ်လို၍ ခြယ်ထားသည့် သဘောမျိုး ဖြစ်နေသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ ဆိုလျှင် တိုနီ ဆန်ဖရန်စစ္စကိုသို့ သွားကာ ပွဲကြီးတွေကို နွှဲသည်။ တေးဂီတ ခန်းမ ရှိသည့် ဟိုတယ်များ၊ ကလပ်များကို လျှောက်သွားသည်။ ဖြေဖျော်နေသည့် တေးဂီတ ဝိုင်းက နားပြီ ဆိုလျှင် တိုနီက စန္ဒရားဆီသို့ သွားကာ ဆိုတီး တီးသည်။ ပရိသတ်ကလည်း ကြိုက်သည်။

တိုနီက မိမိ စားသောက်ထားသည်များကို ငွေရှင်းမည် ဆိုတော့ စားသောက်ဆိုင် ပိုင်ရှင်က 'မပေးပါနှင့်၊ ဒါ ကျွန်တော်တို့ ဂုဏ်ပြုတာပါ၊ ခင်ဗျား က သိပ်တော်တာပဲ၊ နောက်ထပ်လည်း လာခဲ့ပါဦး'

ကြားရဲ့လား အမေ။ 'ခင်ဗျား သိပ်တော်တာပဲ၊ နောက်ထပ်လည်း လာပါဦး' တဲ့။

စနေည တစ်ညတွင် ကလစ်ဖ် ဟိုတယ်၏ စားသောက် ခန်းမတွင် တိုနီ ညစာ စားနေသည်။ တေးဂီတဝိုင်းလည်း ဖျော်ဖြေ တီးမှုတ်ပြီးပြီ ဖြစ်၍ တူရိယာများကို ထားခဲ့၏။ စားသောက်ခန်း အုပ်ချုပ်သူက တိုနီအား ကြည့်ကာ ခေါင်းညိတ်ပြီး ဖိတ်ခေါ်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

တိုနီက ထပြီး အခန်းကို ဖြတ်ကာ စန္ဒရားဆီသို့ သွားသည်။ ပြီးတော့ သူမက စန္ဒရားတွင် ထိုင်ကာ ကိုး ပေါ်တာ၏ သီချင်း ဟောင်း တစ်ပုဒ်ကို သီဆို တီးခတ်လိုက်သည်။ သီချင်း ဆုံးသော အခါ လက်ခုပ်သံများ ဆူညံသွားတော့သည်။ သူမက နောက်ထပ် သီချင်း တစ်ပုဒ်ကို သီဆိုပြီး စားပွဲတွင် ပြန်သွားထိုင်သည်။

ထိပ်ပြောင်ပြောင်နှင့် လူကြီး တစ်ယောက် သူမထံသို့ ရောက်လာပြီး 'တစ်ဆိတ်ကွယ်၊ မင်းနှင့် လာပြီး အတူ စားလို့ ရမလား'

တိုနီက ပြောမည် ပြုစဉ် လူကြီးက ဆက်၍ 'ကျုပ်နာမည် နော်မန် ဇင်မာမန်းပါ၊ ကျုပ်က ဘုရင်နှင့် ကျွန်ုပ် ဆိုတဲ့ ပြဇာတ် တစ်ပုဒ် ထုတ်လုပ်ဖို့ လုပ်နေပါတယ်၊ ကျုပ် မင်းနှင့် စကား ပြောချင်ပါတယ်'

ထိုလူကြီးနှင့် ပတ်သက်၍ ဆောင်းပါး တစ်ပုဒ် တိုနီ ဖတ်ဖူးသည်။ သူသည် ပြဇာတ်ဘက်တွင် ပါရမီရှင် တစ်ဦး ဖြစ်၏။ သူက ထိုင်ချလိုက်ပြီး 'မင်းမှာ အတော်လေး ပြောင်မြောက်တဲ့ အရည်အသွေး ရှိတယ် မိန်းကလေး၊ ဒီလို နေရာမျိုးမှာ ဘာဖြစ်လို့ လိုက် အချိန် ဖြုန်းနေမှာလဲ၊ မင်းဟာ ဘရော့ဝေး ပြဇာတ် လောကကို ရောက်ဖို့ ကောင်းတယ်'

ဘရော့ဝေးတဲ့၊ ကြားရဲ့လား အမေ။

'မင်းကို ကျုပ် အသံ စစ်ချင်..'

'ဝမ်းနည်းပါတယ်၊ ကျွန်မ လက်မခံနိုင်ပါဘူး'

လူကြီးက သူမကို တအံ့တသြ ကြည့်လျက် 'ဒါဟာ မင်းအတွက် တံခါးတွေ အများကြီး ပွင့်သွားမယ်၊ တကယ် ပြောတာ၊ မင်းမှာ အရည်အသွေး ဘယ်လောက် ရှိတယ် ဆိုတာ မင်းကိုယ်တိုင် မသိဘူးလို့ ကျုပ် ထင်တယ်'

'ကျွန်မမှာ အလုပ် ရှိတယ်'

'ဘာလုပ်တာလဲ'

'ကျွန်မ ကွန်ပျူတာ ကုမ္ပဏီ တစ်ခုမှာ လုပ်တယ်'

'ကဲ ကျုပ် တစ်ခု ပြောမယ်၊ အခု မင်း ရနေတဲ့ လစာထက် နှစ်ဆ ပေးမယ်'

'ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ မလုပ်နိုင်ပါဘူး'

ဇင်မာမန်းမှာ ခြေပစ် လက်ပစ်ဖြင့် ကုလားထိုင်ပေါ်တွင် ထိုင်ရင်း 'ပြဇာတ်တို့ ရုပ်ရှင်တို့လို လုပ်ငန်းမျိုး မင်း စိတ်မဝင်စားဘူးလား'

'ကျွန်မ သိပ်စိတ်ဝင်စားပါတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ဒါဆိုလည်း ဘာဖြစ်လို့လဲ'

တိုနီက အနည်းငယ် တုံ့ဆိုင်းနေပြီးမှ 'ကျွန်မ တစ်ဝက်တစ်ပျက်နှင့် ထွက်ချင် ထွက်ရမှာမို့ပါ'

'ဘာဖြစ်လို့လဲ၊ မင်းယောကျ်ားကြောင့်လား'

'ကျွန်မ အိမ်ထောင် မရှိပါဘူး'

'ကျုပ်တော့ နားမလည်နိုင်အောင်ဘဲ၊ ပြဇာတ် ရုပ်ရှင် လောကကိုလည်း မင်း စိတ်ဝင်စားတယ်လို့ ပြောတယ်၊ ဒါဟာ မင်းအတွက် အကောင်းဆုံး အခွင့်အရေး'

'ဝမ်းနည်းပါတယ်၊ ကျွန်မ ရှင်းမပြနိုင်ပါဘူး'

မိမိ ရှင်းပြလျှင်လည်း သူ နားလည်မည် မဟုတ်။ မည်သူမျှလည်း နားလည်မည် မထင်။ မိမိမှာ တစ်သက်လုံး ကျိန်စာသင့်သွားရသူ ပမာတည်း။

ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီတွင် အလုပ် လုပ်ပြီး လအနည်းငယ် အကြာတွင် တိုနီ အင်တာနက် အကြောင်းကို သိလာသည်။ တစ်ကမ္ဘာလုံး လူတွေနှင့် သိကျွမ်းနိုင်သည့် တံခါးပေါက်ဟုလည်း သဘောပေါက်လာသည်။

သူမသည် ပြင်သစ် ကွန်ပျူတာ ကုမ္ပဏီ တစ်ခုမှ သူငယ်ချင်း ဖြစ်သူ ကက်သီ ဟီလီနှင့် အီဒင်ဘရာ မြို့စားကြီး စားသောက်ဆိုင်တွင် ညစာ စားနေသည်။ ထိုစားသောက်ဆိုင်မှာ အင်္ဂလန်တွင် အတော်ပင် နာမည် ကြီးခဲ့၏။ ထိုဆိုင်က ကာလီဖိုးနီးယား ပြည်နယ်သို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ တိုနီက ထိုဆိုင်တွင် သွားရောက် စားနေကျ။ ထိုဆိုင်ကို ခြေချမိသည်နှင့် မွေး ရပ်မြေကို ရောက်သလို ခံစားရသည်

တိုနီက ကက်သီကို ကြည့်ပြီး 'ငါ့ကို တစ်ခုလောက် ကူညီပါလားဟယ်'

'ဘာလဲ၊ ပြောလေ'

'ငါ့ကို အင်တာနက်နှင့် ဆက်သွယ်နည်း သင်ပေးပါလား သူငယ်ချင်း ရယ်၊ ငါ သုံးတတ်ချင်လို့ပါ'

'ငါ့ကွန်ပျူတာက အလုပ်ထဲမှာ၊ နောက်ပြီး ကုမ္ပဏီရဲ့ စည်းကမ်း အရ လည်း..'

'ကုမ္ပဏီ စည်းကမ်းတွေ ဘာတွေ အသာ ထားလိုက်စမ်းပါ၊ နင် အင် တာနက် အသုံးချတတ်တယ် မဟုတ်လား'

mgyoe.com

mgyoe.com SAMPLE BOOK

'အေးပါ'

တိုနီက ကက်သီ၏ လက်ကို ပုတ်လျက် ပြုံးပြီး 'သိပ်ကောင်းတယ်'

နောက်တစ်နေ့ ညနေတွင် ကက်သီ၏ ရုံးသို့ တိုနီ ရောက်သွားပြီး ကက်သီက အင်တာနက် အသုံးချနည်းကို တိုနီအား သင်ပေးသည်။ တိုနီက အင်တာနက် အိုင်ကွန်တွင် မောက်စ်ကို တစ်ချက် နှိပ်သည်။ ထို့နောက် မိမိ၏ စကားဝှက်ကို ရိုက်သွင်းလိုက်ပြီး အခြား အိုင်ကွန်တွင် မောက်စ်ကို နှစ်ချက် နှိပ်သည်။ သို့ဖြင့် သူမ အင်တာနက် စကားစမြည် ပြောခန်းသို့ ရောက်သွားတော့၏။

ဤတွင် တစ်ကမ္ဘာလုံးက လူတွေ တစ်ယောက်နှင့် တစ်ယောက် စကား ပြောနေကြသည်ကို စာသားများ လျှင်မြန်စွာ ပေါ်လာနေသည်ကို အံ့သြစွာ တွေ့လိုက်ရတော့သည်။

'ငါ့မှာ ကွန်ပျူတာ ရှိမှ ဖြစ်တော့မယ်၊ ငါ့တိုက်ခန်းမှာ တစ်လုံး ဝယ် ထားလိုက်ဦးမယ်၊ ငါ့ကို အင်တာနက်နှင့် ဆက်သွယ်နည်း သင်ပေးပါလား ဟယ်'

'သင်ပေးမှာပေါ့၊ လွယ်ပါတယ်ဟာ၊ မင်း ယူအာရ်အယ်လ်မှာ နောက် တစ်ချက် နှိပ်ပြီး ရှာဖွေ ခလုတ်ကို နှိပ်လိုက်ရုံပဲ၊ ပြီးတော့..'

'သီချင်းထဲက စာသားလိုပဲ ပြောပြမနေပါနှင့်၊ လက်တွေ့သာ ပြပါတော့ ဆိုသလိုပေါ့'

နောက်တစ်ညတွင် တိုနီ အင်တာနက်နှင့် ဆက်သွယ်မိသွားသည်။ ထိုအချိန်မှ စ၍ သူမ ဘဝ ပြောင်းလဲလာခဲ့သည်။ သူမ ပျင်းရိခြင်း မရှိတော့။ အင်တာ နက်မှာ သူမ ကမ္ဘာ တစ်လွှား လည်ပတ်ရန် ကော်ဇောပျံ ပမာတည်း။

သူမ အလုပ်မှ အိမ်ပြန်ရောက်သည်နှင့် ကွန်ပျူတာကို ဖွင့်ကာ ကွန်ပျူ တာ စကားစမြည် ပြောခန်းများကို လိုက်ရှာတော့သည်။

စကားစမြည် ပြောခန်းကို ဖွင့်မိသည်နှင့် သူမက 'ဟဲလို ဘယ်သူ ရှိ သလဲ' စာတန်း ရိုက်လိုက်သည်။

သို့ဖြင့် သူမ ကမ္ဘာနှင့် ထိတွေ့ခဲ့သည်။ ထို့နောက် ပော်လန် နိုင်ငံမှ ဟန် ဆိုသူနှင့် ဆက်သွယ်မိခဲ့သည်။ သူမက ကွန်ပျူတာတွင် ရိုက်လိုက်သည်။

'ရှင့်အကြောင်း ပြောပြပါဦး ဟန်'



mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်တော်က အမ်စတာဒမ်မြို့ နာမည်ကြီး စားသောက်ဆိုင် တစ်ခုက ဂီတပွူးပါ၊ ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်နရီကို မဆို တီးတတ်တယ်၊ ကြိုက်တာ သာ ပြော'

'တယ်တော်ပါလား၊ ကျွန်မက တစ်ညလုံး ကချင်တာ၊ ကျွန်မက ဒစ္စကို ကပွဲရုံကလေးတွေက လွဲလို့ ဘာမှ မရှိတဲ့ စုတ်စုတ်ပြတ်ပြတ် မြို့ကလေးမှာ နေတာပါ'

'စိတ်မကောင်းစရာဘဲ'

'ဟုတ်ပါ့'

'ခင်ဗျားကို ကျုပ် ပျော်အောင် လုပ်ပေးချင်စမ်းပါဘိ၊ ခင်ဗျားကို နောက် ဘယ်လို တွေ့နိုင်မလဲ မသိဘူး'

'တာ့တာ'

သူမက ကွန်ပျူတာ စကားပြောခန်းကို ပိတ်ပစ်လိုက်သည်။

တောင်အာဖရိက နိုင်ငံမှ ပေါလ် ဆိုသူနှင့် ဆက်သွယ်သည်။

'မင်း ပြန်ဆက်သွယ်တာကို စောင့်နေတာ တိုနီ'

'ကျွန်မ ရှိပါတယ်၊ ရှင့်အကြောင်းကို ကျွန်မ သိပ်သိချင်တာပဲ ပေါလ်'

'ကျွန်တော့် အသက်က ၃၂ နှစ်၊ ကျွန်တော် ဂျိုဟန်နက်စ်ဘတ်မြို့ ဆေးရုံ တစ်ရုံက ဆရာဝန် တစ်ယောက်ပါ'

တိုနီက စိတ်ဆိုးစွာ ကွန်ပျူတာကို ပိတ်ပစ်လိုက်သည်။ ဆရာဝန် တစ် ယောက် ဆိုပါလား။ ချောက်ချားဖွယ် အတိတ်၏ ပုံရိပ်များ ပေါ်လာသည်။ မျက်စိ ခေတ္တ မှိတ်ထားလိုက်မိ၏။ ရင်တွေကလည်း တဒုန်းဒုန်းနှင့်။ သက် ပြင်းကို အကြိမ်ကြိမ် ရှိုက်မိသည်။ အင်တာနက်ကို ဆက်မသုံးချင်တော့။ သူမ အိပ်ရာ ဝင်သွားသည်။

နောက်နေ့ ညနေတွင် တိုနီ အင်တာနက်ကို ဖွင့်လိုက်ပြန်၏။ ဒပ်ဗလင် မြို့မှ ရှောင် ဆိုသူနှင့် ဆက်သွယ်မိသည်။

'တိုနီတဲ့လား၊ နာမည်လေးက ချစ်စရာလေး'

'ကျေးဇူးတင်ပါတယ် ရှောင်'

mgyoe.com

mgyoe.com SAMPLE BOOK

'မင်း အိုင်ယာလန်ကို ရောက်ဖူးသလား'

'ဟင့်အင်း'

'မင်း သဘောကျသွားမယ်၊ လူခြောက် တိုင်းပြည်လို့ ဆိုနိုင်တယ်၊ မင်း အကြောင်းကို ပြောပါဦး တိုနီ၊ မင်းဟာ မိန်းမလှလေး ဖြစ်နိုင်တယ် ဆိုတာကို ကိုယ်ပြောရဲတယ်'

'ရှင် ပြောတာ မှန်တယ်၊ ကျွန်မက လှတယ်၊ ပျော်ပျော် နေတတ်တယ်၊ အိမ်ထောင် မရှိဘူး၊ ရှင် ဘာအလုပ် လုပ်သလဲ ရှောင်'

'ကျွန်တော်က ဘားခန်း အရက် ရောင်းတဲ့ လူပါ၊ ကျွန်တော်..'

တိုနီက ကွန်ပျူတာကို ပိတ်ပစ်လိုက်သည်။

တစ်ညနှင့် တစ်ည မတူ။ အာဂျင်တီးနား နိုင်ငံမှ ပိုလို ကစားသမား၊ ဂျပန်နိုင်ငံမှ မော်တော်ကား ရောင်းသူ၊ ရှီကာဂိုမြို့မှ ကုန်တိုက် စာရေး၊ နယူးယောက်မြို့မှ ရုပ်မြင်သံကြား အတတ်ပညာရှင် တစ်ယောက် စသည်တို့နှင့် ဆက်သွယ်မိခဲ့သည်။

အင်တာနက်မှာ အတော်ပင် ပျော်စရာ ကောင်းသော ကစားနည်း တစ်မျိုးပင်။ တိုနီ အလွန်ပင် ကြိုက်မိ၏။ မိမိ သွားလိုသည့် နေရာကို သွား၍ ရသည်။ နောက်ပြီး မိမိကို မသိသည်မို့ လုံခြုံမှုလည်း ရှိသည်။

တစ်ညတွင် အင်တာနက်ပေါ်၌ ယန်းကလောက် ပါရန့် ဆိုသူနှင့် ဆက်သွယ်မိခဲ့၏။

'မင်္ဂလာပါ၊ တွေ့ရတာ ဝမ်းသာပါတယ် တိုနီ'

'ကျွန်မလည်း တွေ့ရတာ ဝမ်းသာပါတယ် ယန်းကလောက်၊ ရှင်က ဘယ်ကလဲ'

'ကွိဘက်မြို့ကလေ'

'ကျွန်မ ကွိဘက်ကို တစ်ခါမှ မရောက်ခဲ့ဖူးဘူး၊ အဲဒီ မြို့က ကျွန်မ သဘောကျစရာ ရှိပါ့မလား ဟင်'

'အဲဒါတော့ မသိဘူး၊ အဲဒါကတော့ မင်းဟာ ဘယ်လို လူစားမျိုးလဲ ဆိုတဲ့ အပေါ်မှာ မူတည်တယ်'

တိုနီက သူ့အဖြေကို စိတ်ဝင်စားသွားပြီး 'ဟုတ်လား၊ အဲဒီမြို့ကို သဘောကျဖို့ ကျွန်မက ဘယ်လို လူစားမျိုး ဖြစ်ရမှာလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'ကွိဘက်က မြောက်အမေရိကရဲ့ နယ်စပ်ပေါ့၊ ပြင်သစ် ဆန်တယ်၊ ကွိဘက် မြို့သားတွေဟာ လွတ်လပ်တယ်'

'ကျွန်မလည်း ဒီလိုပါပဲ'

'ဒါဆိုရင်တော့ မင်း သဘောကျမှာပါ၊ မြို့ကလေးက သာယာတယ်၊ တောင်တွေ ဝိုင်းရံနေပြီး လှပတဲ့ ရေကန်လေးတွေလည်း ရှိတယ်၊ ငါးမျှားဖို့နှင့် အမဲလိုက်ဖို့ အကောင်းဆုံး နေရာပေါ့'

ကွန်ပျူတာပေါ်မှ စာသားများကို ကြည့်ခြင်းအားဖြင့် ယန်းကလောက်၏ စိတ်ဓာတ် တက်ကြွနေပုံကို သိသာသည်။

'သိပ်ကောင်းတာပဲ၊ ရှင့်အကြောင်းကို ပြောပါဦး'

'ပြောစရာ သိပ်မရှိပါဘူး၊ ကျွန်တော်က အသက် ၃၈ နှစ်၊ အိမ်ထောင်မရှိဘူး၊ အိမ်ထောင် ကွဲသွားတာ၊ သင့်တော်တဲ့ မိန်းမ တစ်ယောက်နှင့် အခြေတကျ နေချင်တယ်၊ ခင်ဗျားရော အိမ်ထောင်နှင့်လား'

'ဟင့်အင်း၊ ကျွန်မလည်း ရှာနေတာပဲ၊ ရှင်က ဘာလုပ်သလဲ'

'ရတနာဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားတယ်၊ တစ်နေ့ ခင်ဗျား အဲဒီဆိုင်ကို လာလည်မယ်လို့ မျှော်လင့်ပါတယ်'

'ဒါဟာ ဖိတ်တာလား'

'ဟုတ်ပါတယ်'

'စိတ်ဝင်စားစရာပဲ'

သူမ တကယ် ပြောလိုက်ခြင်းပင် ဖြစ်သည်။ တစ်နေ့ သွားလည်နိုင်ရန်လည်း နည်းလမ်း ရှာဦးမည်။ သူသည် မိမိကို ကယ်တင်နိုင်မည့် လူလည်း ဖြစ်ကောင်း ဖြစ်နိုင်မည်။

ယန်းကလောက် ပါရန့်နှင့် တိုနီ ညတိုင်း ဆက်သွယ်ဖြစ်သည်။

ယန်းကလောက်က သူ၏ ပုံပန်းသဏ္ဍာန်ကို ကွန်ပျူတာတွင် ဒီဇိုင်း ဆွဲကာ ပေးပို့သည်။ သူ့ပုံမှာ ဆွဲဆောင်မှု ရှိ၍ ထက်မြက်ပုံလည်း ရသည်။

တိုနီကလည်း မိမိ၏ ပုံပန်းသဏ္ဍာန်ကို ရေးဆွဲ၍ ပေးပို့လိုက်သော အခါ ယန်းကလောက်က 'မင်းက တယ်လှတာပဲ၊ မင်း လှမယ် ဆိုတာလည်း ကိုယ်သိနေတယ်လေ၊ ကျုပ်ဆီ လာလည်ပါလား'

'လာခဲ့မယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'မကြာခင် လာခဲ့ပါ'

'တာ့တာ'

တိုနီ ကွန်ပျူတာကို ပိတ်လိုက်သည်။

နောက်တစ်နေ့ မနက် အလုပ်ထဲတွင် ရှိန်း မီလာနှင့် အက်ရှ်လေ ပက်တာဆင်တို့ စကား ပြောနေကြသည်ကို ကြားနေရသည်။ ဒီမိန်းမကို သူက ဘာများ သဘောကျနေသည်လဲ။ တိုနီ၏ အမြင်တွင် အက်ရှ်လေသည် စိတ်မတည်မငြိမ်နှင့် သိက္ခာ ထိန်းသိမ်းသည့် အပျိုကြီး ပုံစံမျိုး။ ပျော်ရကောင်းမှန်း မသိ။

အက်ရှ်လေနှင့် ပတ်သက်၍ တိုနီ ဘာကိုမျှ သဘောမကျ။ အက်ရှ်လေမှာ အိမ်တွင်းပုန်းပြီး စာဖတ်ချင် ဖတ်၊ ရုပ်မြင်သံကြားမှ သမိုင်း အစီအစဉ်ကို ကြည့်ချင်လျှင် ကြည့် ဆိုသည့် လူမျိုး။ အားကစားလည်း ဝါသနာ မရှိ။ ငြီးငွေ့စရာပါပေ။ ကွန်ပျူတာ စကားပြောခန်းကိုလည်း သူ မသုံးတတ်။

ကွန်ပျူတာပေါ်တွင် သူစိမ်း တစ်ယောက်နှင့် တွေ့သည့် အလုပ်မျိုး အက်ရှ်လေ လုပ်မည် မဟုတ်။ အေးစက်စက် ငါးတစ်ကောင်နှယ်တည်း။ မိမိဟာကွက်ကို မိမိ မသိသည့် လူမျိုး။ အင်တာနက် စကားပြောခန်းကိုသာ မသုံးမိလျှင် ယန်းကလောက်နှင့် မိမိ ဘယ်တော့မှ တွေ့မည် မဟုတ်ဟု တိုနီ တွေးနေမိသည်။

အမေသာ ရှိလျှင် အင်တာနက်ကို အမေ မည်မျှ မုန်းလိုက်မည်နည်း။ အမေကတော့ အရာရာကို မုန်းတတ်သူပါလေ။

အမေ့မှာ ဆက်သွယ်ရေး နည်းလမ်း နှစ်ခုသာ ရှိသည်။ အော်ဟစ် ငေါက်ငမ်းသည့် နည်းနှင့် မြည်တွန် တောက်တီးသည့် နည်းတို့သာ ဖြစ်၏။ အမေကြိုက်အောင် တိုနီ မည်သို့မျှ မလုပ်တတ်။

'ဘာကိုပဲ ဖြစ်ဖြစ် အဆင်ပြေအောင် မလုပ်တတ်ဘူးလား ငမိုက်မ' ဟူ၍ အမေက ပြောတတ်သည်။

တစ်ခါက ဆိုလျှင် အမေသည် မိမိအား မကြာခဏ အော်ငေါက်နေသည်။ အမေ မတော်တဆ ဖြစ်၍ သေရသည့် အကြောင်းကို ပြန်၍ တွေးလိုက်မိ၏။ အမေ အော်ဟစ် အကူအညီ တောင်းသံကို ယခုတိုင် ကြားယောင်နေဆဲ။ ဤသည်ကို ပြန်သတိရတော့ ပြုံးမိသည်။

သည်တော့ တိုနီ သီချင်း ဆိုသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ချည်တစ်ခင်က တစ်ပဲနိ
အပ်တစ်ချောင်းက တစ်ပဲနိ
သို့ဖြင့် ငွေတွေ ကုန်ရသည်။
ဟိုက်.. မြွေပါ လွတ်သွားပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

အခြား အချိန်၊ အခြား နေရာမှာသာ ဆိုလျှင် အလက် ပီတာမှာ အောင်မြင်သည့် ပန်းချီဆရာမ တစ်ယောက် ဖြစ်ချေမည်။ သူမ မှတ်မိသလောက် သူမသည် အရောင်တွေကိုသာ အာရုံ စွဲထင်၏။ မြင်သမျှလည်း အရောင်တွေ၊ ကြားသမျှလည်း အရောင်တွေ၊ ရသည့် အနံ့ပင် အရောင်ဖြင့် ရသည်။

ဖခင်၏ အသံမှာ အပြာ ဖြစ်၍ တစ်ခါတစ်ရံ အနီရောင် ဖြစ်သည်။

မိခင်၏ အသံမှာ အညိုရင့်ရောင် ဖြစ်သည်။

ဆရာမ၏ အသံမှာ အဝါရောင် ဖြစ်သည်။

ကုန်စုံဆိုင်ရှင်၏ အသံမှာ ခရမ်းရောင် ဖြစ်သည်။

သစ်ပင်များကို ဖြတ်တိုက်လာသော လေ၏ အသံမှာ အစိမ်းရောင် ဖြစ်သည်။

ရေကျသံမှာ မီးခိုးရောင် ဖြစ်သည်။

အလက် ပီတာမှာ အသက် နှစ်ဆယ် ရှိပြီ။ မျက်နှာလေးမှာလည်း ရှင်းပြီး အလွန် လှကာ ဆွဲဆောင်မှု ရှိသည်။ ယင်းမှာလည်း စိတ်ကြည်လင်၍ စိတ်ချမ်းသာမှု အပေါ် မူတည်သည်။ သို့ရာတွင် သူမမှာ ချစ်စရာ ကောင်းရသည့် အချိန်မျိုး မည်သည့် အခါမှ မရှိ။ သူမ၏ ရုပ်ရည် မည်သို့ ရှိသည်ကို သူမ မသိသည်ကလည်း ချစ်စရာ တစ်မျိုးပင်။ သူမမှာ ရှက်တတ်ပြီး ချိုသာစွာ ပြောတတ်သည်။ နူးညံ့ သိမ်မွေ့သည်။

အလက်ကို အီတလီ နိုင်ငံ၊ ရောမ မြို့တွင် မွေးသည်။

ထို့ကြောင့် အီတလီသံ ဝဲနေ၏။



mgyoe.com

mgyoe.com
SAMPLE BOOK

သူမက ရောမမြို့ကို ချစ်သည်။ ရောမမြို့၏ အမြင့် တစ်နေရာမှ လျှောက်ကြည့်ကာ ရောမမြို့ကို မိမိ ပိုင်ဆိုင်သည့် အလား ခံစားနေသည်။ ရောမမြို့၏ ရှေးဟောင်း ဘုရားကျောင်းကန် အဆောက်အအုံများကို ကြည့်ပြီး အဆိုပါ ရှေးခေတ်က မိမိ ရှိနေခဲ့သယောင် ထင်မိသည်။

သူမ ရောမ တစ်မြို့လုံးကို ခြေကျင် လျှောက်ကာ လည်ခဲ့သည်။ ထင်ရှားသော အဆောက်အအုံ မှန်သမျှကိုလည်း ဝင်ခဲ့၏။ ဗက်တီကန် ပြတိုက်နှင့် ဘိုဂီး ပန်းချီပြခန်းကိုလည်း ရောက်သည်။ ဤပြခန်းများမှ အီတလီ ရှေးဟောင်း ပန်းချီ အကျော်အမော်တို့၏ လက်ရာများကိုလည်း ကြည့်ရှု ခံစားခဲ့သည်။ သူတို့၏ ပန်းချီပညာ အရည်အသွေးများ မိမိထံ ကူးစက် ပျံ့နှံ့ခဲ့သည်ဟု ထင်မိသည်။

ထို့ကြောင့် သူမ ၁၆ ရာစုတွင် မွေးဖွားပြီး ထိုပန်းချီပညာရှင်ကြီးများနှင့် သိကျွမ်း ခင်မင်ချင်၏။

ထို့နောက်တွင်တော့ ပန်းချီဆရာမ တစ်ယောက် ဖြစ်ချင်စိတ် ပြင်းပြလာတော့သည်။

မိခင်၏ အညိုရင့်ရောင် အသံကို ပြန်လည် ကြားယောင်သည်။

'နင်ဟာ စာရွက်တွေနှင့် ဆေးတွေ သက်သက် ဖြုန်းတီးတာပဲ၊ နင့်မှာ အရည်အသွေး မရှိပါဘူး'

ကာလီဖိုးနီးယားကို ပြောင်းလာတော့ ပထမပိုင်းတွင် မနေတတ် မထိုင်တတ်။ နေသားကျအောင် မည်သို့ နေရမည်လည်း မသိ။ သို့ရာတွင် ကူပါတင်နို မြို့ကလေးကို သူမ သဘောကျလာသည်။ တစ်ယောက်တည်း လွတ်လပ်စွာလည်း နေနိုင်သည်။ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကော်ပိုရေးရှင်းတွင် အလုပ်လုပ်ရသည်ကိုလည်း သူမ နှစ်သက်၏။

ဤမြို့ကလေးတွင် ကြီးကြီးကျယ်ကျယ် ပန်းချီ ပြခန်းတွေ မရှိ။ အားလပ်ရက် ဆိုလျှင်တော့ ဆန်ဖရန်စစ္စကို မြို့ကို သွားပြီး ပန်းချီ ပြခန်းများကို လျှောက်ကြည့်သည်။

'အဲဒါတွေကို နင်က ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ၊ ငါနှင့် ပီဂျေ မူလီဂန် စားသောက်ဆိုင်ကို လိုက်ပြီး ပျော်လိုက်စမ်းပါဟာ'

တိုနီ ပရက်စကော့က ဆိုသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အလက်က 'နင် ပန်းချီကို ဝါသနာ မပါဘူးလား'

တိုနီက ရယ်လျက် 'ပန်းချီ ဆိုတာ ဘာလုပ်တာလဲ'

အလက် ပီတာတွင် ပြဿနာ တစ်ခုတော့ ရှိသည်။ သူမမှာ စိတ်ရှု စိတ်ကျ ရောဂါ တစ်ခု ရှိနေ၏။ အခြားလူများနှင့် ကင်းလွတ်နေရသည်ဟုလည်း ခံစားနေရသည်။ သူမ၏ စိတ် အနေအထားမှာ အပြောင်းအလဲ မြန်သည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေရာမှ ချက်ချင်းပင် စိတ်ပျက် ငြီးငွေ့သွားတတ်သည်။ မိမိ၏ စိတ်ကို မိမိ ထိန်းချုပ်၍ မရ။

မိမိ၏ ပြဿနာကို တိုနီ တစ်ယောက်ကိုသာ သူမ တိုင်ပင်ခဲ့သည်။ တိုနီက အရာရာကို ဖြေရှင်းတတ်ပေသည်။

ပြီးတော့လည်း ပြောနေကျ အတိုင်း 'ဟိုဟာမကြီးကို ကြည့်စမ်းပါဦး၊ ထုံထုံအအကြီးနှင့်'

တိုနီက အက်ရှ်လေအား ထိုသို့လျှင် နှိမ့်ချ ပြောတတ်သည်။

အလက်က ခေါင်းညိတ်လျက် 'သိပ်ပြီး တည်လွန်းတယ်၊ ရယ်တတ်အောင် သူ့ကို သင်ပေးရဦးမလားပဲ'

တိုနီက နှာခေါင်း ရှုပ်လျက် 'လင်ယူတတ်အောင်လည်း သင်ပေးဖို့ လိုလိမ့်မယ်'

တစ်ညတွင် ဆန်ဖရန်စစ္စကိုရှိ အိမ်ခြေ ရာခြေမဲ့ ဒုက္ခသည် ကယ်ဆယ်ရေး စခန်းသို့ သွားကာ ဒုက္ခသည်များအား အလက် ညစာ ကျွေးခဲ့ရသည်။ ထိုစခန်းရှိ အဘွားကြီး တစ်ယောက်မှာ အလက် လာသည်ကို အမြဲ စောင့်မျှော်နေ၏။ အဘွားကြီးမှာ ဘီးတပ် ကုလားထိုင်နှင့် သွားနေရသည်။ အလက်က ဘီးတပ် ကုလားထိုင်ကို တွန်း၍ စားပွဲဆီသို့ ပို့ပေးရသည်။

အဘွားကြီးက ကျေးဇူးတင်စွာဖြင့် 'အမေ့မှာသာ သမီးလေး တစ်ယောက်ရှိရင် မင်းကလေး အတိုင်း ဖြစ်စေချင်တယ်'

'အခုလို ကြားရတာ ဝမ်းသာပါတယ် အမေ၊ ကျေးဇူးတင်ပါတယ်'

အလက်က အဘွားကြီး လက်ကို ဖျစ်၍ ပြောသည်။ အလက်၏ ဝမ်းတွင်း၌ ရှိသော အသံကမူ ရှင့်မှာ သမီး ရှိရင် ရှင့်လို ဝက်မကြီးနှင့် တူနေ

mgyoe.com

mgyoe.com
SAMPLE BOOK

မှာပေါ့။ ထိုအတွေးကြောင့် အလက် စိတ်မကောင်း ဖြစ်သွားရသည်။ ထိုစကား များကို သူမ ကိုယ်ထဲမှ တစ်စုံတစ်ယောက်က ပြောလိုက်သလိုတည်း။ ထို အတိုင်း အမြဲတမ်း ဖြစ်နေသည်။

အလက်တို့ ဘုရားကျောင်းမှ ဘက်တီ ဟာဒီ ဆိုသော မိန်းမနှင့် အလက် ဈေးဝယ်ထွက်သည်။ နှစ်ယောက်သား စတိုးဆိုင် တစ်ဆိုင် ရှေ့မှာ ရပ်ပြီး ဘက်တီက မှန်ခန်းထဲတွင် ပြထားသော ဝတ်စုံ တစ်ခုကို သဘောကျကာ 'မလှဘူးလား ဟင်'

'ချစ်စရာကလေး'

အလက်က ဆိုသည်။ ရင်ထဲကတော့ ဒါထက် ညံ့တဲ့ ဝတ်စုံ မမြင်ဖူး သေးဘူး၊ ရှင်နှင့်တော့ လိုက်ပါတယ်ဟု ပြောနေသည်။

တစ်ညနေတွင် ဘုရားကျောင်းမှ ဦးသူတော် ဖြစ်သူ ရော်နယ်နှင့် ညစာ စားသည်။ ရော်နယ်က 'မင်းနှင့် အခုလို နေရတာ ပျော်တယ် အလက်ရယ်၊ နောင်လည်း မကြာခဏ စားကြရအောင်'

အလက်က ပြုံး၍ 'ကျွန်မလည်း သဘောကျပါတယ်'

သို့သော် သူမ၏ စိတ်ထဲမှ နောက်ဘဝမှာပဲ စားကြတာပေါ့ အကောင် ရယ်ဟု ပြောနေသည်။ ထိုစကားကြောင့် အလက် စိတ်မကောင်း ဖြစ်ရပြန် သည်။ ငါ ဘာဖြစ်နေသည်လဲ။ အဖြေက ပေါ်မလာ။

ရည်ရွယ်သည် ဖြစ်စေ၊ မရည်ရွယ်သည် ဖြစ်စေ မိမိ၏ ကားကို အနည်း ငယ်မျှ ကျော်မောင်းသွားရုံဖြင့် အလက် စိတ်ဆိုးတတ်သည်။

တစ်မနက်တွင် အလုပ်သို့ ကားမောင်းသွားစဉ် ကားတစ်စီးက သူမ ကား ကို ဖြတ်တက်သွားသည်။ သူမက အံကို ကြိတ်လျက် နင့်ကို ငါ အသေ သတ် မယ် အကောင်။ အခြား ကားမောင်းသူက တောင်းပန်သည့် အနေနှင့် လက် ကို ဝှေ့ယမ်းပြသည်။ အလက်ကလည်း ပြန်ပြုံးပြလိုက်၏။ သို့သော် ဒေါသ ကတော့ မပြေ။

မကောင်းသည့် စိတ်တွေ ဝင်လာပြီ ဆိုလျှင် လမ်းပေါ်မှ လူများ နှလုံး ရောဂါ ဖြစ်တော့မည်၊ သို့မဟုတ် ကားတိုက်ခံရတော့မည်၊ သို့မဟုတ်ကလည်း ဓား ထောက် လုခံရတော့မည်၊ သို့မဟုတ် အသတ်ခံရတော့မည် ဟူ၍ စဉ်းစား နေမိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ ဖြစ်သည်မျိုး စိတ်ထဲတွင် တကယ် ဖြစ်သည့်ပမာ ထင်ထင်ရှားရှား မြင်နေရ၏။ ခဏ ကြာတော့ ထိုအတွက် သူမ ရှက်နေရပြန်သည်။

စိတ်ကောင်း ဝင်နေပြန်ပြီ ဆိုလျှင်လည်း အလက်မှာ ခါတိုင်းနှင့် လုံးဝ မတူတော့။ စိတ်ရင်းမှန် အတိုင်း သနား ကြင်နာတတ်ပြီး အခြားသူများကိုလည်း အကူအညီ ပေးတတ်သည်။ မကောင်းစိတ်များ ဝင်လာတော့မည်ဟု ဆိုသော အသိကြောင့် အလက်မှာ စိတ်ညစ်ရသည်။ သို့ဖြင့် မကောင်းသည့် စိတ်များ ဝင်လာပြန်တော့သည်။

တနင်္ဂနွေ မနက်တိုင်း အလက် ဘုရားကျောင်းသို့ သွားသည်။ ဘုရားကျောင်းတွင် အိမ်ခြေ ရာခြေမဲ့ ဒုက္ခသည်များအား ကယ်ဆယ်ရေး အစီအစဉ် ရှိသည်။ ဒုက္ခသည်များအား ကျွေးမွေးခြင်း၊ ပန်းချီ သင်တန်းများ ပေးခြင်း၊ ကျောင်းသားများအား စာသင်ပေးခြင်း ဖြစ်၏။

အလက်က ကလေးများ၏ တနင်္ဂနွေ သင်တန်းကို ဦးဆောင်သည်။ ကလေးထိန်း ကျောင်းကိုလည်း ဝင်ကူ၏။ အလှူငွေ ကောက်ခံပွဲများကိုလည်း ဝင်၍ လုပ်အားပေးသည်။ အချိန် ရသမျှလည်း ဝင်လုပ်ပေး၏။ လူငယ်များအား ပန်းချီပညာ သင်ပေးရသည်ကို သူ အပျော်ဆုံး။

တစ်ခုသော တနင်္ဂနွေတွင် ဘုရားကျောင်း၌ ရန်ပုံငွေ ရှာဖွေရေး အဖွဲ့ ရှိသည်။

အလက်က မိမိ ရေးဆွဲထားသည့် ပန်းချီကားများကို ရောင်းချရန် ဘုရားကျောင်းသို့ ယူလာ၏။ ယင်းတို့ကို ကြည့်ကာ ဂိုဏ်းအုပ် ဘုန်းတော်ကြီး တအံ့တဩ ဖြစ်နေသည်။

'ဒီ.. ဒီကားတွေ ကောင်းလှချည်လား သမီး၊ ပန်းချီ ပြခန်းမှာ သွားရောင်းဖို့ ကောင်းတယ်'

အလက်က ရှက်သွေး ဖြာလျက် 'ဒီလောက်လည်း မဟုတ်ပါဘူး၊ ကျွန်မ အပျော် ဆွဲထားတာ'

ပွဲတော်မှာ အလွန်ပင် လူစည်ကားသည်။ ဘုရားကျောင်းသို့ လာနေကျ လူများကလည်း မိမိတို့၏ မိတ်ဆွေများ၊ မိသားစုများကို ခေါ်လာကြ၏။



mgyoe.com

mgyoe.com
SAMPLE BOOK

ကစားပွဲများနှင့် အနုပညာ ဆိုင်ရာ ပြပွဲများကို အခန်းငယ်ကလေးများ လုပ်၍ စီစဉ် ပေးထားသည်။

လှပစွာ ပြုလုပ်ထားသော ကိတ်မုန့်များ၊ လက်ဖြင့် ပြုလုပ်ထားသော မွေ့ရာများ၊ ရေတကောင်း လှလှကလေးများနှင့် ထည့်ထားသော အိမ်တွင် လုပ်သည့် ယိုများ၊ သစ်သားဖြင့် ပြုလုပ်ထားသော ကလေး ကစားစရာ အရုပ်များ စုံလင်လှ၏။ လူများမှာ တစ်ခန်းပြီး တစ်ခန်း လျှောက်သွားရင်း အခမဲ့ ပေးသည့် သကြားလုံးလေးများကို စားကာ ထိုတစ်နေ့ အတွက်သာ အသုံးကျသည့် ပစ္စည်းများကို ဝယ်ခြမ်းနေကြသည်။

'ဒါက အလှူပွဲပဲလေ'

မိန်းမ တစ်ယောက် သူမ၏ ခင်ပွန်းသည်ကို ပြောနေသံ အလက် ကြားလိုက်သည်။

မိမိ ရထားသည့် အခန်းငယ်ထဲတွင် ပတ်လည် ချိတ်ဆွဲထားသော မိမိ၏ ပန်းချီကားများကို အလက် ကြည့်လိုက်၏။

တောက်ပ၍ ပီပြင်သော အရောင်များနှင့် ဆွဲထားသည့် ရှုခင်းကားများမှာ ကြွနေတော့သည်။ ရင်ထဲတွင် မတင်မကျနှင့်။

'နင်ဟာ အလကား ဆေးတွေ ဝယ်ပြီး ပိုက်ဆံတွေ ဖြုန်းပစ်တယ်'

မိခင် အသံကို ကြားယောင်မိသည်။

လူတစ်ယောက် သူမ ပြခန်းဆီသို့ ရောက်လာပြီး 'ဟယ်.. ဒီကားတွေ မင်း ဆွဲတာလား'

သူ့အသံက အပြာရင့်ရောင်။

ဟင့်အင်း၊ မိုက်ကယ် အိန်ဂျယ်လို ဝင်လာပြီး ဆွဲသွားတာပါပဲဟု စိတ်ထဲမှာ ပြောလိုက်မိသည်။

'မင်းက အရည်အသွေး ရှိသားပဲ'

'ကျေးဇူးတင်ပါတယ်'

အရည်အသွေး ဆိုတာကို ဘယ်လောက်များ ရှင် နားလည်လို့လဲဟု စိတ်ထဲက ပြောဖြစ်သည်။

လူငယ် စုံတွဲ တစ်တွဲ အလက်၏ ပြခန်းကို လာကြည့်ပြီး 'အရောင်တွေကို ကြည့်စမ်းပါဦး၊ ကျွန်တော် တစ်ကား ဝယ်မယ်၊ ခင်ဗျား သိပ်တော်တာပဲ'

တစ်ညနေလုံး လူများ သူမ ပြခန်းသို့ ရောက်လာပြီး ပန်းချီကားတွေကို ဝယ်သူလည်း ဝယ်၊ ချီးမွမ်းသူလည်း ချီးမွမ်းနှင့်။

mgyoe.com

mgyoe.com SAMPLE BOOK

ချီးမွမ်းသည်များကို အလက် ယုံချင်သည်။ သို့ရာတွင် စိတ်ဆိုး စိတ်ယုတ်တွေ ဝင်လာသည့် အချိန်တွင်တော့ 'သူတို့ အားလုံး အလိမ်ခံရပြီ' ဟု စိတ်ထဲက ပြောနေသည်။

ပန်းချီကား အရောင်းအဝယ်သမား တစ်ယောက် ရောက်လာပြီး 'ဒီကား တွေဟာ အတော်ကို ကောင်းတယ်၊ ဒီလက်နှင့်ဆို မင်း လုပ်စားလို့ ရတယ်'

'ကျွန်မက အပျော်တမ်းသမားပါ'

အလက်က ငြင်းလိုက်သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဆက်မဆွေးနွေးတော့။

ထိုနေ့ ကုန်သော အခါ အလက်၏ ပန်းချီကား အားလုံး ရောင်းကုန်သွားသည်။ သူမက ငွေများကို စာအိတ်နှင့် ထည့်၍ ဂိုဏ်းချုပ် ဘုန်းတော်ကြီးအား ကပ်လိုက်သည်။

ဘုန်းတော်ကြီးက ယူလျက် 'ကျေးဇူးပဲ အလက်၊ သမီးဟာ ပါရမီ ရှိပါပေတယ်၊ လူတွေရဲ့ ဘဝတွေကို သမီး အများကြီး အလှဆင်ပေးနိုင်ခဲ့တယ်'

ကြားရဲ့လား အမေ။

ဆန်ဖရန်စစ္စကိုတွင် ရှိစဉ် ခေတ်သစ် ပန်းချီ ပြတိုက်သို့ အလက် သွားရောက်ကြည့်ရှုသည်။ အမေရိကန် ပန်းချီကားများကို စုဆောင်းထားရှိသည့် ဒီယန်း ပြတိုက်သို့လည်း ရောက်ခဲ့သည်။

လူငယ် ပန်းချီဆရာ အတော်များများက ချိတ်ဆွဲထားသော ပန်းချီကားများကို ကူးယူကြသည်။ လူငယ် ပန်းချီဆရာ တစ်ယောက်ထံသို့ အလက် မျက်လုံး ရောက်သွားသည်။ ထိုလူငယ်မှာ အသက် သုံးဆယ်ခန့် ရှိပြီး သွယ်လျလျ၊ ရွှေရောင် ဆံပင်နှင့် ဖြစ်သည်။ မျက်နှာမှာလည်း ပြည့်ဖြိုး၍ ထက်မြက်ဟန် ရှိသည်။ သူက ဂျော်ဂျီရာ အိုကစ်၏ ပန်းချီကားကို ကူးယူနေခြင်း ဖြစ်၏။ သူ့လက်ရာကလည်း အတော်ပင် ကောင်း၏။

မိမိအား အလက် စိုက်ကြည့်နေမှန်း သိတော့ သူက 'ဟဲလို' ဟု နှုတ်ဆက်လိုက်သည်။ သူ၏ အသံမှာ နွေးထွေးသော အဝါရောင် ဖြစ်သည်။

အလက်က ရှက်စနိုးနှင့် 'ဟဲလို'

လူငယ်က သူ ဆွဲနေသော ပန်းချီကားကို မေးငေါ့ပြလျက် 'ဘယ်လို သဘော ရသလဲ'

mgyoe.com SAMPLE BOOK

'အတော်လေး ကောင်းတယ်' ပြောပြီး သူမက ရင်တွင်းက ပြောမည့် စကားကို စောင့်နေသည်။ သို့ရာတွင် ထိုစကားများကို မကြားရ။ သူမ အံ့သြ နေသည်။ 'တကယ်ကို ကောင်းပါတယ်'

သူက ပြုံးလျက် 'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့် နာမည် ရစ်ချဒ်၊ ရစ်ချဒ် မယ်လ်တန်ပါ'

'ကျွန်မက အလက် ပီတာပါ'

'ဒီကို မကြာခဏ လာတတ်သလား'

'ဟုတ်ကဲ့၊ မကြာခဏ ဆိုသလိုပါပဲ၊ ကျွန်မက ဆန်ဖရန်စစ္စကိုမှာ နေ တာ မဟုတ်ပါဘူး'

'ဘယ်မှာ နေတာလဲ'

'ကူပါတင်နို မြို့မှာပါ'

ရှင့်အလုပ် မဟုတ်ပါဘူး ဟူ၍ လည်းကောင်း၊ ဘာသိစရာ ရှိလို့လဲ ဟူ၍ လည်းကောင်း ရင်ထဲက အသံတွေ ပေါ်မလာ။ မိမိ ဘာဖြစ်နေပြီလဲ။

'သိပ်ကောင်းတဲ့ မြို့ကလေးပါ'

'ကျွန်မလည်း သဘောကျတယ်'

ရင်ထဲက ကန့်လန့် စကားတွေ ပေါ်မလာ။

ပန်းချီကားကို ဆွဲပြီးတော့ သူက 'ကျွန်တော် ဆာနေတယ်၊ ခင်ဗျားကို နေ့လယ်စာ ကျွေးပါရစေ၊ ဒီယန်း ကော်ဖီဆိုင်က အစားအသောက် အတော် လေး ကောင်းတယ်'

အလက် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် 'ကောင်းသားပဲ'

ရင်ထဲတွင် ကန့်လန့် စကားတွေ ပေါ်မလာခဲ့။ အလက် အတွက် ပျော် ရွှင်ဖွယ်ရာ အဖြစ်အပျက်တည်း။

နေ့လယ်စာမှာ အတော်ပင် စား၍ ကောင်းသည်။ အလက်၏ စိတ်ထဲ၌ ကန့် လန့် အတွေးတွေလည်း ဝင်မလာခဲ့။ နှစ်ယောက်သား ပန်းချီ အကျော်အမော် ကြီးများ အကြောင်း ပြောဖြစ်ကြသည်။ အလက်က မိမိ ရောမမြို့တွင် ကြီး ပြင်းခဲ့ရသည့် အကြောင်း ရစ်ချဒ်အား ပြောပြသည်။

'ကျွန်တော် ရောမကို မရောက်ဖူးဘူး၊ တစ်နေ့တော့ ရောက်ဖူးမှာပေါ့ လေ'

mgyoe.com

mgyoe.com SAMPLE BOOK

ရောမကို ရှင်နှင့် အတူ သွားရလျှင် အတော် ပျော်စရာ ကောင်းမည်ဟု အလက် တွေးနေသည်။

စားသောက်ပြီးတော့ ရစ်ချဒ်မှာ တစ်ခန်းတည်းနေ သူငယ်ချင်းအား လှမ်းတွေ့သဖြင့် မိမိတို့ စားပွဲသို့ လာရန် လှမ်းခေါ်လိုက်ပြီး 'မင်း ဒီကို လာမယ် ဆိုတာ ငါ မသိဘူး ဂယ်ရီ၊ မင်းကို မိတ်ဆက် ပေးရဦးမယ်၊ ဒါ အလက် ပီတာတဲ့၊ သူက ဂယ်ရီ ကင်းပါ'

ဂယ်ရီမှာ အသက် သုံးဆယ် နီးပါးခန့် ရှိသည်။ အပြာရောင် မျက်လုံး များနှင့်။ ဆံပင်က ပခုံးကို ထောက်နေသည်။

'တွေ့ရတာ ဝမ်းသာပါတယ် ဂယ်ရီ'

'ဂယ်ရီဟာ ကျွန်တော် အထက်တန်း ကျောင်းသား ဘဝကတည်းက အချစ်ဆုံး သူငယ်ချင်းပါ အလက်'

'ဟုတ်တယ်၊ ကျွန်တော်နှင့် ရစ်ချဒ်ဟာ ဆယ်နှစ်လောက် ပေါင်းလာခဲ့တာ၊ အဲဒီ အကြောင်းတွေ ခင်ဗျား သိချင်တယ် ဆိုရင်လည်း..'

'ဂယ်ရီ၊ မင်း သွားစရာ ရှိတယ် မဟုတ်လား'

ဂယ်ရီက အလက်ကို လှည့်ကြည့်ပြီး 'ရှိတယ်၊ ကျွန်တော့်ရဲ့ ကမ်းလှမ်းချက်ကိုတော့ မမေ့ပါနှင့်နော်၊ မင်းတို့ နှစ်ယောက်စလုံးကို ပြန်တွေ့ဦးမယ်'

ဂယ်ရီ ထွက်သွားသည်ကို နှစ်ယောက်သား ကြည့်နေကြသည်။

ပြီးတော့ ရစ်ချဒ်က 'အလက်'

'ဟုတ်ကဲ့'

'ခင်ဗျားကို ကျွန်တော် နောက်ထပ် တွေ့ခွင့် ရမလား ဟင်'

'ကောင်းသားပဲ'

တနင်္လာနေ့ကျတော့ အလက်က မိမိ၏ အဖြစ်အပျက်များကို တိုနီအား ပြောပြသည်။

'ပန်းချီဆရာနှင့်တော့ မပတ်သက်ချင်စမ်းပါနှင့်ဟာ၊ သူ ရေးတဲ့ ပန်းချီကားပေါ်က သစ်သီးတွေကိုပဲ နင် စားရလိမ့်မယ်၊ သူ့ကို နင် ထပ်တွေ့ဦးမလို့လား'

အလက်က ပြုံးလျက် 'အေးဟ၊ သူ ငါ့ကို သဘောကျနေပုံ ရတယ်၊ ငါလည်း သူ့ကို သဘောကျတယ်၊ ငါ သူ့ကို တကယ် သဘောကျတယ်ဟာ'

mgyoe.com

mgyoe.com SAMPLE BOOK

သာမန် သဘောထား ကွဲလွဲမှုလေးမှသည် အကြီးအကျယ် ငြင်းခုံမှုမျိုး အထိ ဖြစ်တတ်သည်။ ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဖရန့်မှာ နှစ်ပေါင်း ၄၀ တာဝန် ထမ်းဆောင်ပြီးနောက် အနားယူတော့မည် ဖြစ်သည်။ တာဝန် လွှဲအပ်ပွဲတွင် သူ နုတ်ထွက်သွားသည်ကို စိတ်မကောင်းကြ။ သူ့ကို လက်ဆောင် ပေးလိုက်ရန် လှူဖို့ဝုက် ဆွေးနွေးကြသည်။ နာရီ တစ်လုံး ပေးမည်လား။ ငွေ ပေးမည်လား။ အနားယူ လည်ပတ်ရန် စီစဉ်ပေးမည်လား။ ပန်းချီကား တစ်ချပ် ပေးမည်လား။ သူက ပန်းချီကို မြတ်နိုးတတ်သည်။

'ဘုရားကျောင်း နောက်ခံနှင့် သူ့ရဲ့ ပုံတူ တစ်ပုံ တစ်ယောက်ယောက် ဆွဲခိုင်းရင် မကောင်းဘူးလား'

သူတို့က အလက်ဘက်သို့ လှည့်၍ 'မင်း ဆွဲပေးနိုင်မလား'

သူတို့က အလက်ကို မေးသည်။

သူမက ဝမ်းမြောက်စွာဖြင့် 'ရပါတယ်'

ဝေါလ်တာ မန်းနင်းမှာ ဘုရားကျောင်း ဂေါပက ဦးဆောင် အဖွဲ့ဝင် တစ်ဦး ဖြစ်၍ ငွေအများဆုံး လှူဒါန်းခဲ့သူ ဖြစ်သည်။ အောင်မြင်သော လုပ်ငန်းရှင် တစ်ဦးလည်း ဖြစ်၏။ သို့ရာတွင် သူက အခြား သူများ၏ အောင်မြင်မှုကို လက်ခံသူ မဟုတ်ပေ။

သူက 'ကျွန်တော့် သမီးလည်း ပန်းချီ သိပ်တော်တယ်၊ သူ့ကို ခိုင်းရင် ကောင်းမယ်'

တစ်စုံတစ်ယောက်က ထပြီး 'သူတို့ နှစ်ယောက်စလုံးကို ဆွဲခိုင်းရင် မကောင်းဘူးလား၊ ပြီးတော့မှ ဂိုဏ်းချုပ်ကြီးကို ဘယ်ကား လက်ဆောင် ပေးရမလဲ ဆိုတာ မဲခွဲ ဆုံးဖြတ်ကြတာပေါ့'

အလက်က ပုံတူကို ရေးဆွဲသည်။ ငါးရက် ကြာအောင် ဆွဲခဲ့ရ၏။ အတော်လည်း လက်ရာမြောက်သည်။ နောက်တစ်ပတ် တနင်္ဂနွေတွင် ပန်းချီကား နှစ်ကားကို ရွေးချယ်ရန် အစည်းအဝေး ထိုင်ကြသည်။ သူမ၏ ပန်းချီကားကို တွေ့တော့ ဝိုင်းဝန်း ချီးကျူးကြ၏။

'တကယ်ပဲ တူလိုက်တာကွာ၊ ပန်းချီကားထဲကနေ လမ်းလျှောက်ပြီး ထွက်လာတော့မလိုပဲ'

'ဂိုဏ်းချုပ်ကြီးက သိပ်ကြိုက်မှာပဲ'


mgyoe.com

mgyoe.com SAMPLE BOOK

'ဒီကားကို ပြတိုက်မှာတောင် ထားဖို့ ကောင်းတယ် အလက်ရယ်'

ဝေါလ်တာ မန်းနင်းက သူ့သမီး ဆွဲထားသော ပန်းချီကားကို ထုတ်ယူလိုက်သည်။ အတော်လေး ကောင်းသည့် ပန်းချီကားပါပေ။ သို့ရာတွင် အလက်၏ ပန်းချီကိုတော့ မမီ။

တစ်ယောက်က 'ကောင်းသားပဲ၊ ဒါပေမဲ့ အလက်ရဲ့ ကားက ပိုပြီး..'

'ကျွန်တော်လည်း သဘောတူတယ်'

ဤတွင် ဝေါလ်တာ မန်းနင်းက 'ကဲ တညီတညွတ်တည်း ဆုံးဖြတ်ဖို့ လိုတယ်၊ ကျွန်တော့် သမီးက ပန်းချီပညာနှင့် လုပ်စားနေတာ၊ အပျော်သဘောနှင့် ဆွဲတဲ့လူ မဟုတ်ဘူး၊ ဒီကားကို သူက ဂုဏ်ပြုတဲ့ သဘောနှင့် ဆွဲပေးတာ၊ သူ့ကို ပယ်ချလို့ မဖြစ်ဘူး'

'ဒါပေမဲ့ ဝေါလ်တာရယ်..'

'မဟုတ်သေးဘူး၊ ခင်ဗျားတို့ တစ်သဘောတည်း ဖြစ်ဖို့ လိုတယ်၊ ဂိုဏ်းချုပ်ကြီးကို ကျွန်တော့် သမီးရဲ့ ကားကို ပေးမလား၊ လုံးဝ မပေးဘဲ ထားမလား'

ဤတွင် အလက်က ဝင်၍ 'အဲဒီ ပန်းချီကားကို ကျွန်မ သဘောကျပါတယ်၊ ဂိုဏ်းချုပ်ကြီးကို အဲဒီ ပန်းချီကားပဲ ပေးလိုက်ပါ'

ဝေါလ်တာ မန်းနင်းက ပြုံးပြီး 'ဂိုဏ်းချုပ်ကြီးကတော့ ဒီပန်းချီကားကို တော်တော် သဘောကျမှာပဲ'

ထိုနေ့ညနေ ဝေါလ်တာ မန်းနင်း အိမ်ကို ပြန်သော အခါ ကားတစ်စီးက သူ့ကို တိုက်ပြီး ထွက်ပြေးသွားလေသည်။

ထိုသတင်းကို အလက် ကြားတော့ အတော်ပင် တအံ့တသြ ဖြစ်ခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

အလုပ် နောက်ကျမည် စိုး၍ ရေကို အမြန် ချိုးနေစဉ် အသံ တစ်ခုကို အက်ရှ်လေ ကြားလိုက်ရသည်။ တံခါး ဖွင့်နေသည်လား။ တံခါး ပိတ်နေသည်လား။ သူမ ရေပန်းကို ပိတ်၍ နားစွင့်လိုက်သည်။ ရင်ထဲကလည်း တဒိန်းဒိန်းနှင့်။ အားလုံး တိတ်ဆိတ်နေသည်။

ထိုနေရာတွင် သူမ ခေတ္တမျှ ရပ်နေလိုက်သည်။ တစ်ကိုယ်လုံးလည်း ရေစက်လက်နှင့်။ ထို့နောက် ကိုယ်ကို ကပျာကယာ ရေသုတ်ပြီး ညေ့ခန်းထဲသို့ လှမ်းဝင်လိုက်သည်။ အရာရာ ပုံမှန် အတိုင်းပင်။ မိမိစိတ်က ထင်နေ၍ ဖြစ်မည်။ အမြန် အဝတ်အစား ဝတ်မှ။

အတွင်းခံ အဝတ်များ ထားသည့် အံဆွဲဆီသို့ လျှောက်သွားပြီး အံဆွဲကို ဆွဲဖွင့်လိုက်သည်။ အထဲကို ကြည့်လိုက်တော့ မယုံနိုင်စရာပင်။ တစ်စုံတစ်ယောက် မိမိ၏ အတွင်းခံ ပစ္စည်းများကို မွှေနှောက်သွားလေပြီ။

သူမ၏ ဘရာစီယာများနှင့် ခြေအိတ်ရှည်များ စုပုံနေသည်။ ယင်းတို့ကို သပ်သပ်ရပ်ရပ် ခွဲထားနေကျ။

အက်ရှ်လေ ကြောက်လွန်း၍ ဗိုက်တွေပင် နာလာသည်။ ထိုသူသည် မိမိ၏ ခြေအိတ်ရှည်များကို ယူ၍ မတော်တရော်တွေ လုပ်သွားခဲ့သည်လား။ သူ မိမိကို စိတ်ကူးဖြင့် မတော်မတရား ပြုကျင့်ခဲ့ပြီလား။ အက်ရှ်လေ အသက်ပင် မရှူနိုင်။ ရဲကို သွားတိုင်လျှင် ကောင်းမည်။ သို့သော် မိမိကို သူတို့ ယုံပါမည်လား။

မိမိ၏ အတွင်း ပစ္စည်းများကို မွှေနှောက်သွားရုံဖြင့် သူတို့က စုံစမ်းပေးနိုင်ပါမည်လား။ တစ်စုံတစ်ယောက် မိမိ နောက်က လိုက်နေသည်ဟု ပြောလျှင်လည်း သူ့ကို မိမိ မြင်သလားဟု မေးမည်။



mgyoe.com

mgyoe.com SAMPLE BOOK

မိမိကို ခြိမ်းခြောက်သူ၊ အန္တရာယ် ပေးမည့်သူ ရှိသလားဟု မေးလျှင်လည်း မိမိ မဖြေတတ်။ ထို့ကြောင့် ရဲကို တိုင်၍ မဖြစ်။

သူမ အဝတ်အစားများကို အမြန် ဝတ်လိုက်သည်။ ဤတိုက်ခန်းမှ အမြန်ထွက်လိုသည်။ မိမိအား သူ မတွေ့နိုင်သည့် နေရာသို့ ရောက်မှ ဖြစ်တော့မည်။

သို့သော် ထိုလူသည် မိမိ မည်သည့် နေရာတွင် နေသည်၊ မည်သည့်နေရာတွင် အလုပ် လုပ်သည် စသည်တို့ကို သိထားပြီး ဖြစ်မည်။ သူနှင့် ပတ်သက်၍မူ မိမိ ဘာမျှ မသိ။

မိမိ အခန်းတွင် သေနတ်လည်း ဆောင်မထားချင်။ သို့သော် အကာအကွယ်တွေ ရှိမှ ဖြစ်မည်။ သူမ မီးဖိုထဲသို့ သွား၍ သံမဏိ ဓားကို ယူကာ အိပ်ခန်းထဲသို့ ပြန်လာပြီး ခုတင် ဘေးရှိ မှန်တင်ခုံ အံဆွဲထဲသို့ ထည့်လိုက်သည်။

မိမိ၏ အောက်ခံ အဝတ်အစားများ မိမိဘာသာ ရောနှောပစ်မိခြင်းလည်း ဖြစ်နိုင်သည်။ ထိုအတိုင်း ဖြစ်စရာ ရှိ၏။ မိမိ ထင်မိထင်ရာ တွေးနေသည်လား။

အောက်ထပ် ဝင်ပေါက်ရှိ စာဘူးထဲတွင် မိမိ အတွက် စာတစ်စောင် ရောက်နေ၏။ ပို့လိုက်သည့် လိပ်စာမှာ ဘက်ဖို့ဒ် အထက်တန်းကျောင်း၊ ဘက်ဖို့ဒ်မြို့၊ ပင်ဆိုက်ဗေးနီးယား ပြည်နယ် ဟူ၏။ လိပ်စာကို အက်ရှ်လေ နှစ်ကြိမ်တိုင် ပြန်ဖတ်သည်။

**ဆယ်နှစ်မြောက် ပြန်လည် တွေ့ဆုံပွဲ**

ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ၊

သူခိုး ဖြစ်စေ၊ သူတောင်းစား ဖြစ်စေ

လွန်ခဲ့သည့် ဆယ်နှစ်က မိမိတို့ အတန်းသားများ မွန်မြတ် တရားမျှတခဲ့သည်ကို စဉ်းစားမိပါသလား။ ယင်းကို သိရန် ယခု အခွင့်အရေး ပေါ်လာပါပြီ။ ဇွန်လ ၁၅ ရက်နေ့တွင် ပြန်လည် ဆုံစည်းကြပါမည်။ အစားအသောက်၊ ယမကာ၊ တီးဝိုင်း၊ အကများလည်း ပါပါမည်။ ပျော်ရွှင်စွာ တက်ရောက်စေချင်ပါသည်။

လူကြီးမင်း လာသည်ကို ကြိုသိရန် ဖိတ်ကြားမှုကို လက်ခံကြောင်း ကတ်ပြားကို စာတိုက်မှ တစ်ဆင့် ပေးပို့စေလိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူကြီးမင်းကို အားလုံးက မျှော်နေကြပါမည်။

ကားမောင်းလာရင်း ဖိတ်စာ အကြောင်း အက်ရှ်လေ စဉ်းစားလာသည်။

အားလုံးက မျှော်နေကြမည်ဟု ဆိုသည်။ ဂျင် ကလာရီ တစ်ယောက်တော့ ထိုအထဲတွင် မပါ။ သူမ နာကြည်းစွာ တွေးနေမိသည်။

ကလာရီ ပြောခဲ့သော စကားများကို သူမ ပြန်လည် အမှတ်ရနေ၏။ ဂျင် ကလာရီအား ယုံကြည်ခဲ့မိ၍ ဘူတာရုံတွင် စောင့်စားကာ ရင်နာခဲ့ရသည်များကိုလည်း သတိရမိပြန်သည်။

သူ စိတ်ပြောင်းသွားခဲ့သည်။ သူ ယောက်ျား ပီသလျှင် မိမိကို လာပြောဖို့တော့ ကောင်းသည်။ ယခုတော့ မိမိမှာ ဘူတာရုံတွင် မတ်တတ် ရပ်လျက် တစ်ယောက်တည်း ကျန်နေခဲ့ရသည်။

ဖိတ်စာကို မေ့ပစ်လိုက်တော့မည်။ မိမိ မသွားလိုတော့။

တီဂျီအိုင် သောကြာနေ့ စားသောက်ဆိုင်တွင် ရှိန်း မီလာနှင့် အတူ အက်ရှ်လေ နေ့လယ်စာ စားသည်။ နှစ်ယောက်သား အခန်းငယ်ကလေး တစ်ခုတွင် တိတ်ဆိတ်စွာ စားသောက်နေကြ၏။

ရှိန်းက 'မင်းကို ကြည့်ရတာ အတွေး လွန်နေတဲ့ ပုံပဲ'

'ဆောရီးပဲ'

အတွင်းခံ အဝတ်အစားများ ကိစ္စကို ရှိန်း မီလာအား ပြောမည် ကြံပြီးကာမှ မသင့်သဖြင့် မပြောဘဲ နေလိုက်သည်။

'ကျွန်မတို့ အထက်တန်းကျောင်းက ပြန်လည် တွေ့ဆုံပွဲ ဖိတ်စာ ပို့လိုက်လို့'

'မင်း သွားမလား'

'မသွားပါဘူး'

အဖြေမှာ ထင်သည်ထက် ပို၍ ခိုင်မာစွာ ထွက်ပေါ်လာသည်။

ရှိန်း မီလာက သူမကို စူးစမ်းသလို ကြည့်ရင်း 'ဘာဖြစ်လို့ မသွားတာလဲ၊ အဲဒီလို ပွဲမျိုးက ပျော်စရာ ကောင်းတယ်'

ထိုပွဲသို့ ဂျင် ကလာရီ တက်ရောက်မည်လား။


mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမနှင့် ကလေးတွေရော ပါလာမည်လား။

သူက မိမိကို ဘာပြောမည်နည်း။

မင်းကို ငါ ဘူတာရုံမှာ လာမတွေ့ဖြစ်ဘူးကွာဟု ပြောမည်လား။

မင်းကို လက်ထပ်မယ် ဆိုတာ ကိုယ် လိမ်ပြောမိတာပါဟု ပြောမည်လား။

'မသွားတော့ပါဘူး'

ဖိတ်ကြားထားသည်နှင့် ပတ်သက်၍ အက်ရှ်လေ ခေါင်းထဲတွင် မေ့ပျောက်ပစ်၍ မရ။ မိမိနှင့် အရင်က အတန်းတူ ကျောင်းသားတွေကို ပြန်တွေ့ရလျှင် မည်မျှ ကောင်းမည်နည်း။ မိမိနှင့် ရင်းနှီးသူ သူငယ်ချင်းများကလည်း သိပ်မများလှ။

ထူးထူးခြားခြား ရင်းနှီးသူ ဆို၍ ဖလော်ရင့် ရှစ်ဖာ တစ်ယောက်သာ ရှိသည်။ ဖလော်ရင့် တစ်ယောက် ဘာတွေ ဖြစ်နေပြီလဲ။ ဘက်ဖို့ဒ် မြို့ကလေး မည်မျှ ပြောင်းလဲသွားပြီနည်း။

အက်ရှ်လေ ပက်တာဆင်မှာ ပင်ဆိုက်ဗေးနီးယား ပြည်နယ်၊ ဘက်ဖို့ဒ် မြို့ကလေးတွင် ကြီးပြင်းခဲ့သည်။ သူမ၏ ဖခင်မှာ ဘက်ဖို့ဒ် ခရိုင် ဆေးရုံမှ ဆေးရုံအုပ်ကြီး ဖြစ်သည်။ ယင်းမှာ တစ်နိုင်ငံလုံးရှိ ထိပ်တန်း ဆေးရုံ တစ်ရာတွင် ပါဝင်သည်။

ဘက်ဖို့ဒ် မြို့ကလေးမှာ သာသာယာယာလည်း ရှိသည်။

ပျော်ပွဲစား ထွက်ရန် ဥယျာဉ်များ ရှိပြီး ငါးမျှားရန် မြစ်များ ရှိကာ တစ်နှစ်ပတ်လုံး ပျော်ပွဲ ရွှင်ပွဲများ ရှိသည်။

ထိုမြို့ကလေးတွင် အက်ရှ်လေ ပျော်ခဲ့စဉ်က အကြောင်းတွေကို ပြန်လည် သတိရကာ ပြုံးမိသည်။ ပြန်သွားလျှင် ကောင်းမည် ထင်၏။ ဂျင် ကလာရီ တစ်ယောက် ထိုပွဲသို့ တက်လာလိမ့်မည် မထင်။

မိမိ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အက်ရှ်လေက ရှိန်း မီလာအား ပြောပြလိုက်သည်။

'ကျွန်မ သောကြာနေ့ သွားမယ်၊ တနင်္ဂနွေနေ့ည ပြန်လာမယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'သိပ်ကောင်းတယ်၊ ဘယ်အချိန် ပြန်ရောက်မယ် ဆိုတာ ကြိုပြော၊ လေဆိပ်မှာ လာကြိုမယ်'

'ကျေးဇူးပါပဲ ရှိန်းရယ်'

နေ့လယ်စာ စားပြီး ပြန်လာတော့ သူမ မိမိ အလုပ် လုပ်ရာ အခန်းငယ်ကလေးဆီသို့ ဝင်သွားပြီး ကွန်ပျူတာကို ဖွင့်လိုက်သည်။ ကွန်ပျူတာပေါ်တွင် အစက်အပြောက်ကလေးများ ပေါ်ကာ ထိုအထဲတွင် ပုံရိပ် တစ်ခု ပေါ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

သူမ ကြည့်နေစဉ် ကြောက်စရာ လက်တစ်ချောင်းက သားလှီးဓား တစ်ချောင်းကို ကိုင်လျက် မှန်သားပြင်၏ အပေါ်နားဆီ၌ ပေါ်လာသည်။

ထို့နောက် ကွန်ပျူတာပေါ်တွင် ပေါ်နေသော သူမ၏ ပုံရိပ် တစ်ခုဆီသို့ ဓားက ထိုးရန် ချိန်ရွယ်လျက် ရှိသည်။

အက်ရှ်လေ ကြောက်လန့်တကြား အော်လိုက်၏။

'အမယ်လေး'

သူမ ကွန်ပျူတာကို ပိတ်လိုက်ပြီး ရုတ်တရက် ခုန်၍ မတ်တတ် ရပ်လိုက်သည်။

ရှိန်း မီလာ အပြေး ရောက်လာပြီး 'ဘာဖြစ်လို့လဲ အက်ရှ်လေ'

သူမက တုန်ယင်စွာဖြင့် 'ကွန်.. ကွန်ပျူတာထဲမှာ'

ရှိန်းက ကွန်ပျူတာကို ဖွင့်လိုက်သည်။ မြက်ခင်းပေါ်တွင် လိမ့်သွားသော အပ်ချည်လုံးကလေး တစ်လုံးကို ကြောင်လေး တစ်ကောင်က လိုက်နေသည့် ပုံသာလျှင် ပေါ်လာ၏။

ရှိန်းက အက်ရှ်လေကို နားမလည်နိုင်စွာ ကြည့်လျက် 'ဘာ'

'မ.. မရှိတော့ဘူး'

'ဘာ မရှိတော့တာလဲ'

သူမက ခေါင်းကို ယမ်းလျက် 'ဘာမှ မဟုတ်တော့ပါဘူး၊ ကျွန်မ အခုတလော သိပ်ပင်ပန်းနေတယ်၊ အားနာလိုက်တာ ရှိန်းရယ်'

'ဒေါက်တာ စပိမင်းနှင့် သွားပြလိုက်ပါလား'

ဒေါက်တာ စပိမင်းမှာ ကွန်ပျူတာသမားများ စိတ်ဖိစီးမှုဒဏ် ခံရလျှင် ကြည့်ရှုပေးရန် ကုမ္ပဏီက ငှားထားသည့် စိတ်ပညာ ဆရာဝန် ဖြစ်သည်။ သူ့

mgyoe.com

mgyoe.com SAMPLE BOOK

ကို ယခင်ကလည်း တစ်ခါ ပြခဲ့ဖူး၏။ တစ်စုံတစ်ယောက်ကို ပြောပြရလျှင် ကောင်းမည် ထင်၏။

'ဟုတ်ကဲ့၊ ကျွန်မ သွားပြလိုက်ပါ့မယ်'

ဒေါက်တာ ဘင် စပိမင်းမှာ အသက် ငါးဆယ်ကျော်ခန့် ရှိသည်။ သူ၏ ရုံးခန်းမှာ အဆောက်အအုံ၏ အစွန်ဆုံးတွင် ရှိပြီး အေးချမ်းမှု ရှိသည်။

'ညတုန်းက ကျွန်မ ကြောက်စရာ အိပ်မက်တွေ မက်တယ်၊ ပန်းခြံကြီး တစ်ခုထဲမှာ ထွက်ပြေးနေရတယ်၊ ပန်းခြံထဲမှာ ပန်းတွေကလည်း ဝေလို့၊ လူတွေရဲ့ မျက်နှာတွေကလည်း ရုပ်ဆိုးဆိုးတွေ၊ ကျွန်မကိုလည်း အော်ဟစ် ပြောနေတယ်၊ ဘာတွေ ပြောနေတယ် ဆိုတာကိုတော့ ကျွန်မ မကြားရဘူး၊ ကျွန်မ တစ်နေရာရာဆီကို ဦးတည် ပြေးနေတယ်၊ ဘယ်နေရာကိုလဲ ဆိုတာ ကျွန်မ မသိဘူး'

အက်ရှ်လေ မျက်လုံးကို မှိတ်ပြီး ပြောနေရာမှ မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်သည်။

'တစ်နေရာရာဆီကနေ ထွက်ပြေးတာလား၊ တစ်ခုခုက လိုက်လို့ ထွက်ပြေးတာလား'

'အဲဒါတော့ မသိဘူး၊ ကျွန်မ နောက်ကို လိုက်နေတယ်လို့ ထင်တယ်၊ ရူးတော့ ရူးကြောင်ကြောင်လိုပဲ၊ တစ်စုံတစ်ယောက်က ကျွန်မကို သတ်ချင်နေတယ်လို့ ကျွန်မ ထင်တယ်'

ဒေါက်တာ စပိမင်းက သူမကို ခေတ္တမျှ အကဲခတ်နေပြီး 'ခင်ဗျားကို ဘယ်သူက သတ်ချင်နေတာလဲ'

'ကျွန်မ.. ကျွန်မ အဲဒါတော့ မသိဘူး'

'ခင်ဗျား နောက်ကို လိုက်နေတယ် ဆိုတဲ့ လူကို မြင်သလား'

'ဟင့်အင်း'

'ခင်ဗျား တစ်ယောက်တည်း နေတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'တစ်ယောက်ယောက်နှင့် တွေ့နေရတာမျိုး ခင်ဗျား ရှိသလား၊ ဥပမာ ချစ်ရေးချစ်ရာနှင့် ပတ်သက်လို့ပေါ့လေ'

'ဟင့်အင်း၊ လောလောဆယ် မရှိသေးပါဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒါဆို အခုမှ ဖြစ်တာလား၊ ဆိုလိုတာက မိန်းမ တစ်ယောက်က ဘဝမှာ ယောကျ်ားသား မရှိရင် စိတ်တင်းကျပ်မှုမျိုးတွေ ဖြစ်လာတတ်တယ်'

ကာမဂုဏ် ဖြေဖျောက်ရန် လိုသည်ဟု သူ ဆိုလိုနေသည်လား။ သို့သော် သူမ ဘာမျှ ပြန်မပြောလိုက်။

ဆရာဝန်က ဆက်၍ 'ခင်ဗျား အလုပ်တွေ သိပ်ပိနေတယ်လို့ ထင်တယ် အက်ရှ်လေ၊ သိပ်တော့ ပူစရာ မရှိဘူး ထင်ပါတယ်၊ စိတ်တင်းကျပ်မှုကြောင့် ဖြစ်တာလို့ ထင်ပါတယ်၊ လောလောဆယ် နားနားနေနေ နေလိုက်ပါ၊ များများ နားပေးပါ'

'ကျွန်မ ကြိုးစားပါ့မယ်'

ရှိန်း မီလာ သူမကို စောင့်နေသည်။

'ဆရာဝန်က ဘာပြောလိုက်သလဲ'

အက်ရှ်လေက ကြိုးစား၍ ပြုံးရင်း 'ဘာမှ မဖြစ်ဘူးတဲ့၊ အလုပ်ဒဏ် ပိလို့တဲ့'

'ဒါနှင့် ပတ်သက်ပြီး တစ်ခုခု လုပ်ကြတာပေ့ါ၊ ပထမဦးဆုံး မင်း ဒီနေ့ အနားယူလိုက်ပါလား'

ရှိန်း၏ အသံက စိုးရိမ်ဟန် ပါနေသည်။

'ကျေးဇူးပါပဲ'

အက်ရှ်လေက သူ့ကို ကြည့်ကာ ပြုံးပြလိုက်သည်။ သူသည် ချစ်စရာ ကောင်း၍ မိတ်ဆွေကောင်း ပီသသူ တစ်ယောက်ပါပေ။ မိမိ၏ နောက်သို့ လိုက်သူမှာ သူတော့ မဟုတ်တန်ရာ။

နောက်တစ်ပတ်တွင် အက်ရှ်လေမှာ ကျောင်း ပြန်လည် တွေ့ဆုံပွဲ အကြောင်း ကိုသာ တွေးနေမိသည်။ မိမိ သွားနေသည်မှာ မှားများ မှားနေပြီလား။ ဂျင် ကလာရီနှင့် တွေ့လျှင် မည်သို့ လုပ်မည်နည်း။ သူ့ကြောင့် မိမိ မည်မျှ ထိခိုက် သွားသည်ကို သူ သိမှ သိပါလေစ။ မိမိကိုရော သူ မှတ်မိပါဦးမည်လား။

ဘက်ဖို့ဒ် မြို့သို့ မသွားမီ တစ်ညတွင် အက်ရှ်လေ အိပ်၍ မပျော်။ လေယာဉ် လက်မှတ်ကို ပယ်ဖျက်ရန်ပင် အက်ရှ်လေ စိတ်ကူးမိသေးသည်။ မိမိ အတော်ပင် မိုက်မဲပါကလား။ အတိတ်က အတိတ်ပဲလေ။

mgyoe.com

mgyoe.com SAMPLE BOOK

လေဆိပ်တွင် လေယာဉ် လက်မှတ်ကို လဲတော့ အက်ရှ်လေ လက်မှတ်ကို ကြည့်ပြီး 'ဒီမယ်၊ ရှင်တို့ မှားနေပြီ ထင်တယ်၊ ကျွန်မက ရိုးရိုး လက်မှတ်ကို ဝယ်တာ၊ ဒါက ပထမတန်း လက်မှတ် ဖြစ်နေတယ်'

'ဟုတ်တယ်လေ၊ အစ်မပဲ ပြောင်းလိုက်တာ'

သူမက စာရေးကို စိုက်ကြည့်လျက် 'ကျွန်မက ဘာဖြစ်တယ်'

'အစ်မပဲ တယ်လီဖုန်းနှင့် ပထမတန်း လက်မှတ် ပြောင်းပေးဖို့ ဆက်တယ် မဟုတ်လား၊ ဒီမှာလေ၊ အစ်မရဲ့ အကြွေးဝယ် ကတ်'

စာရေးက စာရွက် တစ်ရွက်ကို ပြကာ ပြောနေသည်။ အက်ရှ်လေ ထို စာရွက်ကို ကြည့်၍ လေးတွဲ့စွာဖြင့် 'ဟုတ်ကဲ့'

တကယ်တော့ မိမိ ဖုန်းမဆက်ခဲ့။

ဘက်ဖို့ဒ်မြို့သို့ အက်ရှ်လေ စောစော ရောက်သွားပြီး နွေဦး ရာသီ ဟိုတယ်တွင် တည်းသည်။ ပြန်လည် တွေ့ဆုံပွဲမှာ ထိုညနေ ခြောက်နာရီမှ စမည်။ ထို့ကြောင့် မြို့ထဲသို့ လျှောက်လည်ရန် ဆုံးဖြတ်လိုက်သည်။

ဟိုတယ် ရှေ့တွင် သူမ တက္ကစီကို ငှားလိုက်၏။

'ဘယ်ကို သွားမလဲ အစ်မ'

'လှည့်ပတ် မောင်းတာပေါ့'

နှစ်ပေါင်း ကြာမှ ပြန်လာရသည့် အခါ မိမိ၏ ဇာတိ မြို့မှာ သေးငယ်လှသည်ဟု ထင်တတ်ကြ၏။ သို့သော် အက်ရှ်လေ အဖို့ ဘက်ဖို့ဒ်မှာ ထင်ထားသည်ထက် ပို၍ ကြီးနေသည်။ တက္ကစီမှာ မိမိ သွားလာခဲ့ဖူးသည့် လမ်းများ တစ်လျှောက် အပြန်အလှန် မောင်းနေသည်။ ဘက်ဖို့ဒ် ဂေဇက် သတင်းစာ တိုက်နှင့် ရုပ်မြင်သံကြားရုံတို့ကိုလည်း ဖြတ်ကျော်ခဲ့သည်။ မိမိ သိခဲ့ဖူးသည့် စားသောက်ဆိုင်များနှင့် ပန်းချီ ပြခန်းများကိုလည်း တွေ့ခဲ့သည်။ ဘက်ဖို့ဒ် ဆေးရုံကိုလည်း ကျော်ဖြတ်ခဲ့၏။ ဆေးရုံမှာ သုံးထပ် ဖြစ်၍ ကျက်သရေ ရှိလှသည်။ ထိုဆေးရုံတွင် လုပ်ရင်း ဖခင် နာမည် ကျော်ကြားလာခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က ဖခင်နှင့် မိခင် အော်ဟစ် ရန်ဖြစ်ကြသည်များကို သူမ ပြန် သတိရနေသည်။ ဘာကြောင့် ရန်ဖြစ်ရသည်ကိုမူ သူမ မမှတ်မိ။



mgyoe.com

mgyoe.com

SAMPLE BOOK

ငါးနာရီ ထိုးတော့ အက်ရှ်လေ မိမိ တည်းခိုရာ ဟိုတယ်သို့ ပြန်လာသည်။ မိမိ အခန်းထဲတွင် အက်ရှ်လေသည် ဝတ်စုံ တစ်စုံ လဲလိုက်၊ ပြန်ချွတ်လိုက်၊ နောက်တစ်စုံ လဲလိုက်နှင့် သုံးကြိမ်ခန့် လုပ်ပြီးမှ မိမိ ဝတ်သွားမည့် ဝတ်စုံကို ဆုံးဖြတ်ချက် ချနိုင်တော့သည်။ သူမက အနက်ရောင် ဝတ်စုံ ရိုးရိုးကလေး တစ်စုံကို ရွေးချယ်လိုက်၏။

အခမ်းအနားများ ပြင်ဆင်ထားသော ဘက်ဖို့ဒ် အထက်တန်းကျောင်းထဲသို့ သူမ ဝင်တော့ သူမမှာ မြင်ဖူးသလိုလို ရှိသည့် လူ ၁၂၀ ခန့် အလယ်သို့ ရောက်သွားသည်။ ယခင်က မိမိနှင့် တစ်တန်းတည်းသား သူငယ်ချင်းတွေမှာ အချို့ မမှတ်မိနိုင်လောက်အောင် ရုပ်ပြောင်းသွားကြသည်။ အချို့လည်း အနည်းငယ်မျှသာ ပြောင်းလဲ၏။

အက်ရှ်လေက တစ်စုံတစ်ယောက်ကို ရှာနေသည်။ ဂျင် ကလာရီ ဖြစ်၏။ သူရော ရုပ် အတော် ပြောင်းသွားပြီလား။ သူ့ဇနီးရော ပါလာမည်လား။

လူများ အက်ရှ်လေ အနီးသို့ ချဉ်းကပ်လာကြသည်။

'အက်ရှ်လေ မဟုတ်လား၊ ထရန့် တတာဆန်လေ၊ မင်းက အတော်လှတာပဲ'

'ကျေးဇူးပဲ၊ မင်းလည်း ဒီလိုပါပဲ ထရန့်ရာ'

'ကဲ ငါ့မိန်းမနှင့် မိတ်ဆက်ပေးရဦးမယ်'

'မင်း အက်ရှ်လေ မဟုတ်လား'

'ဟုတ်တယ်၊ ဟို.. အင်း'

'အတ် ဒါးဗီးလေ၊ မှတ်မိတယ် မဟုတ်လား'

'မှတ်မိတာပေါ့'

အတ်မှာ အဝတ်အစား မသားမနားနှင့်မို့ စိတ်မသိုးမသန့် ဖြစ်နေပုံလည်းရသည်။

အက်ရှ်လေကပင် 'အခြေအနေ ကောင်းရဲ့လား အတ်'

'ဟာ.. နင် သိတဲ့ အတိုင်း ငါက အင်ဂျင်နီယာ ဖြစ်ချင်တာ၊ ဒါပေမဲ့ ဖြစ်မလာဘူး'

mgyoe.com

mgyoe.com SAMPLE BOOK

'စိတ်မကောင်းလိုက်တာဟယ်'

'အေး ဘာပဲဖြစ်ဖြစ် စက်ဆရာတော့ ဖြစ်လာတယ်'

'အက်ရှ်လေ၊ ငါ လန်နီ ဟော်လန်လေ၊ ဟာ.. နင် သိပ်လှပါလား'

'ကျေးဇူးပဲ လန်နီ'

သူ အတော်ကလေး ဝနေသည်။ လက်သန်းတွင်လည်း စိန်လက်စွပ် တစ်ကွင်း စွပ်ထား၏။

'ငါ အခု အိမ်ခြံမြေ လုပ်ငန်း လုပ်နေတယ်၊ အတော်ကလေး အဆင်ပြေတယ်၊ နင် အိမ်ထောင်ကျပြီးပြီလား'

'ဟော့အေး'

'နင် နစ်ကီ ဖရန့်ကို မှတ်မိလား၊ ငါတို့ လက်ထပ်လိုက်ကြတယ်၊ အမြွာ မွေးတယ်'

'ဝမ်းသာပါတယ်ဟယ်'

လူတွေ ဆယ်နှစ် အတွင်း ဤမျှ ပြောင်းလဲသွားသည်မှာ အံ့ဩစရာ။ ပိုဝသူလည်း ပိုဝသွားပြီး ပိန်သည့် သူလည်း ပို၍ ပိန်သွားကြသည်။ ကြီးပွားသူလည်း ကြီးပွား၊ ရှားပါးသူလည်း ရှားပါး၊ အိမ်ထောင်ပြုသူ ပြု၊ ကွဲသူ ကွဲ၊ မိဘ ဖြစ်သူ ဖြစ်၊ မိဘမဲ့သူ မဲ့။

နေစောင်းလာသည်နှင့် တေးဂီတတွေ၊ ကပွဲတွေ ပါလာသည်။ အက်ရှ်လေမှာ မိမိ၏ အတန်းဖော် သူငယ်ချင်းဟောင်းတွေနှင့် စကား လက်ဆုံကျရင်း သူတို့၏ ဘဝများကို စူးစမ်းသည်။ သို့သော် သူမ၏ စိတ်က ဂျင် ကလာရီထံတွင်သာ ရှိနေသည်။ သူ့အရိပ်အယောင်ကို မတွေ့ရသေး။ သူ မလာဘူး ထင်ပါရဲ့။

ဤပွဲသို့ မိမိ လာမည် ဆိုသည်ကို သူ သိ၍ မျက်နှာချင်း မဆိုင်ဝံ့ ဖြစ်နေသည် ထင်၏။

ခပ်ချောချော အမျိုးသမီး တစ်ယောက် ရောက်လာသည်။

'အက်ရှ်လေ၊ ငါ နင့်ကို တွေ့ရမယ်လို့ တွက်ပြီးသား'

ဖလော်ရင့် ရှစ်ဖာ ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သူမအား တွေ့ရသဖြင့် အက်ရှ်လေ တကယ်ပင် ဝမ်းသာသည်။

ဖလော်ရင့်မှာ အက်ရှ်လေ၏ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဖြစ်သည်။ နှစ်ယောက်သား စကား ပြော၍ ရမည့် ထောင့်ကျကျ စားပွဲ တစ်လုံးကို သွားရောက် ထိုင်လိုက်ကြသည်။

'နင် တယ်လှပါလား ဖလော်ရင့်ရယ်'

'နင်လည်း လှတာပါပဲ၊ ငါ နည်းနည်း နောက်ကျသွားတယ်ဟာ၊ ကလေးက နည်းနည်း နေမကောင်းလို့၊ နင်နှင့် ငါ နောက်ဆုံး တွေ့ပြီးကတည်းက ငါ အိမ်ထောင်ကျတယ်၊ အဲဒီနောက် ငါ အိမ်ထောင် ကွဲသွားတယ်၊ အခုတောင် ငါ ကိုလူချော တစ်ယောက်နှင့် တွဲလာတာ၊ နင်ရော ကျောင်းဆင်းပွဲကတည်းက ပျောက်သွားတာ၊ ငါ နင့်ကို လိုက်ရှာသေးတယ်၊ နင်က ဒီမြို့မှာ မရှိတော့ဘူး'

'ငါတို့ လန်ဒန်ကို သွားတာ၊ အဖေက ငါ့ကို အဲဒီမှာ ကောလိပ် တက်ခိုင်းတယ်၊ ငါတို့ ကျောင်းဆင်းပွဲ ပြီးလို့ နောက်တစ်နေ့ မနက်မှာပဲ ငါတို့ ထွက်သွားကြတာ'

'နင့်ကို အဆက်အသွယ် ရဖို့ ငါ ကြိုးစားသေးတယ်၊ နင် ဘယ်ရောက်နေတယ် ဆိုတာ ငါ သိမယ်လို့ စုံထောက်တွေက တွက်တယ်၊ သူတို့က နင့်ကို လိုက်ရှာနေတာ၊ ဂျင် ကလာရီနှင့် နင် အတူတူ သွားကြဖို့ ရှိတာကို'

'စုံထောက်တွေ၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ လူသတ်မှုကို စုံစမ်းတဲ့ လူတွေပေါ့'

အက်ရှ်လေ တစ်ကိုယ်လုံး သွေးများ ခန်းခြောက်သွားသလို ထင်လိုက်ရသည်။

သူမက 'ဘာ.. ဘာလူသတ်မှုလဲ'

ဖလော်ရင့်က သူမကို စိုက်ကြည့်နေသည်။

ပြီးမှ 'ဘုရားရေ၊ နင် မသိဘူး၊ ဟုတ်လား'

'ဘာသိရမှာလဲဟ၊ နင် ဘာတွေ ပြောနေတာလဲ'

'ကျောင်းဆင်းပွဲ ပြီးလို့ နောက်တစ်ရက်မှာပဲ ဂျင်ရဲ့ မိဘတွေ ပြန်လာတော့ သူ့အလောင်းကို တွေ့ခဲ့ကြရတယ်၊ သူ့ကို ဓားနှင့် ထိုးသတ်ပြီး..'

အခန်းကြီး တစ်ခုလုံး လည်သွားသလို ခံစားလိုက်ရသည်။

အက်ရှ်လေမှာ စားပွဲစွန်းကို ကိုင်၍ ကိုယ်ကို ထိန်းလိုက်ရသည်။

ဖလော်ရင့်က သူမ လက်ကို ဆွဲထားလိုက်ရ၏။



mgyoe.com

mgyoe.com SAMPLE BOOK

'ငါ.. ငါ စိတ်မကောင်းပါဘူး အက်ရှ်လေရယ်၊ အဲဒီ အကြောင်းကို နင် သတင်းစာထဲမှာ ဖတ်ရမယ် ငါ ထင်လို့၊ အေးလေ နင်ကလည်း လန်ဒန်ကို သွားပြီကို'

အက်ရှ်လေ မျက်လုံးများကို တင်းတင်း မှိတ်ထားလိုက်သည်။ ထိုည သူမ အိမ်မှ ဂျင်၏ အိမ်သို့ သွားရန် အိမ်မှ ခိုးထွက်ခဲ့သေးသည်။ သို့သော် သူမ အိမ်သို့ ပြန်ခဲ့၏။ ပြီးတော့ မိုးလင်းအောင် စောင့်ခဲ့သည်။ အကယ်၍သာ မိမိ သူ့ထံ ရောက်ခဲ့လျှင် သူ သေစရာ အကြောင်း မရှိ။ ပြီးတော့ တစ်ချိန်လုံး မိမိ သူ့ကို မုန်းခဲ့မိ၏။

အို.. ဘုရား ဘုရား၊ သူ့ကို ဘယ်သူကများ သတ်သွားပါလိမ့်။

ဖခင် ပြောလိုက်သည့် စကားများကို ပြန်လည် ကြားယောင်ရသည်။

'မင်း ငါ့သမီးနှင့် လုံးဝ မပတ်သက်နှင့်၊ နားလည်လား၊ ဒီအနီးအနားတစ်ပိုက်မှာ မင်းကို ထပ်တွေ့ရရင် အရိုး တခြား အသား တခြား ဖြစ်ပြီသာ မှတ်'

အက်ရှ်လေ ထရပ်လိုက်ပြီး 'ငါ့ကို ခွင့်လွှတ်ပါ ဖလော်ရင့်ရယ်၊ ငါ နည်းနည်း နေမကောင်းလို့'

ထို့နောက် အက်ရှ်လေ ပြေးထွက်လာခဲ့သည်။

စုံထောက်များ မိမိ ဖခင်ထံ ဆက်သွယ်မည် အမှန်ပင်။ ဖခင် အဘယ်ကြောင့် မိမိကို မပြောသနည်း။

သူမ ပထမဆုံး လေယာဉ်ဖြင့် ကာလီဖိုးနီးယား ပြည်နယ်သို့ ပြန်လာခဲ့သည်။ အရဏ်တက်လောက်တွင် သူမ အိပ်ပျော်သွား၏။ အိပ်မက်ဆိုးတွေလည်း မက်ခဲ့သည်။ မှောင်ရိပ်ထဲတွင် ရပ်နေသည့် သဏ္ဍာန် တစ်ခုက ဂျင်ကလာရီကို အော်ဟစ် ပြောဆိုရင်း ဓားနှင့် ထိုးသတ်နေသည်။ ထိုလူ့ သဏ္ဍာန်က အလင်းရောင်ထဲသို့ ထွက်လာတော့ ယင်းမှာ သူမ ဖခင် ဖြစ်နေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၅

နောက်ပိုင်း လများတွင်တော့ အက်ရှ်လေ ချောက်ချားနေခဲ့ရသည်။ သွေးအလိမ်းလိမ်းနှင့် ဂျင် ကလာရီ၏ အလောင်းကြီးကို အမြဲ မြင်ယောင်နေ၏။ ဒေါက်တာ စပိမင်းနှင့် သွားတွေ့ရန် စဉ်းစားလိုက်သေးသည်။ သို့ရာတွင် ဤအကြောင်းကို အခြားလူများအား ပြောမပြချင်။ မိမိတွင် အပြစ် ရှိသည်ဟုလည်း ထင်မိသည်။ ယင်းမှာ ဖခင်၏ လက်ချက်လား ဟူ၍လည်း တွေးမိ၏။

ထိုအကြောင်းများကို မတွေးတော့ဘဲ အလုပ်ကို အာရုံစိုက်ရန် ကြိုးစားနေသည်။ သို့သော် မအောင်မြင်ခဲ့။ မိမိ ဒီဇိုင်း လုပ်နေသည့် ကုမ္ပဏီ အမှတ်တံဆိပ်ကို စိတ်ညစ်ညစ်နှင့် ကြည့်နေမိသည်။

ရှိန်း မီလာက သူမအား စောင့်ကြည့်နေရာမှ စိုးရိမ်သဖြင့် ‘နေကောင်းရဲ့လား အက်ရှ်လေ’

သူမက မပြုံးချင် ပြုံးချင် ပြုံးပြပြီး ‘ကောင်းပါတယ်’

‘မင်း သူငယ်ချင်း အဖြစ်နှင့် ပတ်သက်ပြီး ကိုယ် တကယ် စိတ်မကောင်းပါဘူး’

ဂျင့် အကြောင်းကို သူ့အား ပြောပြမိခဲ့သည်။

‘နောက်တော့လည်း ကျွန်မ စိတ်ပြေသွားမှာပါ’

‘ဒီည ညစာ စားဖို့ ဘယ့်နှယ်လဲ’

‘ကျေးဇူးတင်ပါတယ် ရှိန်းရယ်၊ ကျွန်မ စိတ်ထဲ သိပ်မကြည်သေးလို့ နောက်တစ်ပတ်မှပဲ သွားစားကြတာပေါ့’

‘ကောင်းပြီလေ၊ လိုတာ ရှိလည်း ပြောပါ’

‘ကျေးဇူးတင်ပါတယ်၊ ဘယ်သူမှလည်း ကူညီလို့ ရမယ် မထင်ပါဘူး’

mgyoe.com

mgyoe.com SAMPLE BOOK

တိုနီက အလက်အား 'ဟိုက္ကန္ဒြေရှင်မကြီးတော့ ပြဿနာ တက်နေပြီ၊ ပြဿနာလေး ဘာလေးလည်း တက်ဦးမှပေါ့'

'ငါကတော့ သူ့အတွက် စိတ်မကောင်းဘူးဟယ်၊ သူ့မှာ ဒုက္ခ ရောက်နေတာ'

'သွားစမ်းပါ၊ တို့မှာလည်း တို့ပြဿနာနှင့်၊ မဟုတ်ဘူးလားကွာ'

သောကြာနေ့ ညနေ ရုံးဆင်းမည် လုပ်တော့ ဒင်းနစ် တစ်ဘဲလ်က အက်ရှ်လေအား တားပြီး 'ဟေ့ တို့ကို နည်းနည်း ကူညီပါလား'

'ဝမ်းနည်းပါတယ် ဒင်းနစ်ရယ်၊ ကျွန်မ..'

'အေးအေးဆေးဆေးပေါ့ကွာ၊ မိန်းမ တစ်ယောက်ဆီက အကြံဉာဏ် တစ်ခု တောင်းချင်လို့'

သူက အက်ရှ်လေ၏ လက်ကို ဆွဲရင်း ပြောသည်။

'ဒင်းနစ်ရယ်၊ ကျွန်မ စိတ်လက် မကြည်လင်လို့'

'ကောင်မလေး တစ်ယောက်နှင့် တို့ ကြိုက်နေလို့၊ သူ့ကို တို့ လက်ထပ်ချင်တယ်၊ ဒါပေမဲ့ ပြဿနာတွေက ရှိနေတယ်၊ တို့ကို ကူညီပါလား'

အက်ရှ်လေက တုံ့ဆိုင်းနေသည်။ ဒင်းနစ်ကို သူမ သဘောမကျ။ သို့သော် သူ့ကို ကူညီ၍ အန္တရာယ်တော့ မရှိတန်ရာ။

'မနက်ဖြန်ထိအောင် မစောင့်နိုင်ဘူးလား'

'မင်းနှင့် အခု စကား ပြောမှ ဖြစ်မယ်၊ သိပ် အရေးကြီးလို့ပါ'

အက်ရှ်လေက သက်ပြင်း ချ၍ 'ကောင်းပြီလေ'

'မင်း အခန်းကို သွားကြမလား'

သူမက ခေါင်းကို ယမ်းလျက် 'ဟင့်အင်း'

မိမိ အခန်းတွင် ဆိုလျှင် သူ့ကို ပြန်နှင်၍ ရမည် မဟုတ်။

'ဒါဆိုလည်း တို့အခန်း လိုက်ခဲ့ပေါ့'

အက်ရှ်လေက အနည်းငယ် တွေနေပြီးမှ 'ကောင်းပါပြီ'

သူ့အခန်း ဆိုလျှင် မိမိ ပြန်ချင်သည့် အချိန် ပြန်၍ ရသည်။ သူ ချစ်နေသည့် မိန်းမနှင့် ပတ်သက်၍ မိမိ သူ့ကို ကူညီလျှင် သူ မိမိကို မနှောင့်ယှက်တန်ရာ။

mgyoe.com

mgyoe.com
SAMPLE BOOK

တိုနီက အလက်အား ‘ဏ္ဍမြွေရှင်မကြီးကတော့ လူယုတ်မာ အခန်းကို လိုက်သွားမယ်၊ သူ ဒီလောက်တောင် မိုက်မဲမယ်လို့ နင် ထင်သလား၊ သူ့မှာ ဦးနှောက်တွေ ဘယ်ရောက်ကုန်ပြီလဲ’

‘သူက ဟိုကောင်ကို ကူညီတာပါ၊ ဘာမှ မဖြစ်လောက်..’

‘သွားစမ်းပါ အလက်ရာ၊ နင်တို့ ငါတို့ အရွယ် ရောက်လာပြီ ဆိုရင် ယောကျ်ားတွေက စော်ကားချင်တာ’

ဒင်းနစ် တစ်ဘဲလ်၏ အခန်း ပြင်ဆင်ထားပုံမှာ ကြောက်စရာ ကောင်းသည်။ သရဲကားများ၏ ရုပ်ရှင် ပိုစတာများ၊ ဝတ်စုံမဲ့ မော်ဒယ်လ် ပုံများ၊ တောရိုင်းတိရစ္ဆာန်တို့ ကိုက်ဖဲ့ စားသောက်နေသည့် ပုံများ ချိတ်ဆွဲထားသည်။ မဖွယ်မရာ သစ်သား ပန်းပုရုပ်များလည်း ပြန့်ကျဲနေ၏။

ဤသည်မှာ သူရူး တစ်ယောက်၏ အခန်းပေတည်း။

အက်ရှ်လေ ထွက်ပြေးချင်စိတ် ပေါက်မိသည်။

‘မင်း လာတာကို တို့ သိပ်ဝမ်းသာတယ်ကွာ၊ တကယ်လည်း ကျေးဇူးတင်တယ်’

‘ကျွန်မ ကြာကြာ မနေနိုင်ဘူး ဒင်းနစ်၊ ရှင်နှင့် ကြိုက်နေတယ် ဆိုတဲ့ မိန်းမရဲ့ အကြောင်း ပြောပါ’

‘သူက တစ်မျိုးတော့ တစ်မျိုးပဲကွ’ ဒင်းနစ်က စီးကရက် တစ်လိပ်ကို ထုတ်လိုက်ပြီး ‘စီးကရက် သောက် ဦးမလား’

‘ကျွန်မ ဆေးလိပ် မသောက်ပါဘူး’

သူ ဆေးလိပ် မီးညှိနေသည်ကို အက်ရှ်လေ ကြည့်နေသည်။

သူက ‘အရက် သောက်မလား’

‘ကျွန်မ အရက်လည်း မသောက်ပါဘူး’

သူက ရယ်ကျဲကျဲနှင့် ‘မင်းက ဆေးလိပ် မသောက်၊ အရက်လည်း မသောက်၊ ဒါဆို တစ်မျိုးပဲ ကျန်တော့တာပေါ့၊ ဟုတ်လား’

သူမက အသံ ခပ်ပြတ်ပြတ်ဖြင့် ‘ဒင်းနစ်၊ ရှင် ဘာမှ ကိစ္စ မရှိဘူး ဆိုရင်..’

mgyoe.com

mgyoe.com SAMPLE BOOK

'နောက်တာပါကွာ'

သူက အရက် ဗီရိုဆီသို့ လျှောက်သွားပြီး ဝိုင်တစ်ခွက် ငှဲ့လိုက်သည်။ ပြီးတော့ ဖန်ခွက်ကို သူမအား လှမ်းပေးပြီး 'ဝိုင်ကလေး နည်းနည်းတော့ သောက်ပါ၊ ဒါလောက်နှင့်တော့ မင်းမှာ မထိခိုက်ပါဘူး'

သူမက ဝိုင်ကို တစ်ငုံ သောက်လိုက်ပြီး 'ကဲ ရှင့်အမျိုးသမီး အကြောင်း ပြောပါဦး'

ဒင်းနစ် တစ်ဘဲလ်က သူမ ဘေးတွင် ဝင်ထိုင်ပြီး 'ဒီလို မိန်းကလေးမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူးကွ၊ သူက မင်းလိုပဲ အတော် ချစ်စရာ ကောင်းတယ်၊ ပြီးတော့..'

'တော်တော့ရှင်၊ ဒါဆို ကျွန်မ ပြန်တော့မယ်'

'တို့က မင်းကို ချီးကျူးနေတာပဲ၊ ထားပါတော့၊ အဲဒီ မိန်းကလေးက တို့ကို အရူးအမူး ဖြစ်နေတယ်၊ ဒါပေမဲ့ သူ့မိဘတွေကတော့ ဂုဏ်ပကာသန မက်တယ်၊ တို့ကိုလည်း မုန်းတယ်'

အက်ရှ်လေ ဘာမှ မပြောသေး။

'အဲဒီတော့ တကယ်လို့ တို့က ယူမယ် ဆိုရင် သူက ယူမှာ၊ ဒါပေမဲ့ သူ့ မိဘတွေနှင့်တော့ ဝေးသွားရလိမ့်မယ်၊ နောက်ပြီး သူကလည်း မိဘတွေကို ပိုပြီး ခင်တွယ်တယ်၊ တကယ်လို့ တို့ သူ့ကို လက်ထပ်လိုက်ရင် မိဘတွေက လည်း သူ့ကို ပစ်ပယ်မှာ သေချာတယ်၊ အဲဒါဆို သူ တစ်နေ့မှာ တို့ကို အပြစ် တင်လာလိမ့်မယ်၊ ကဲ ပြဿနာကို သိပြီ မဟုတ်လား'

အက်ရှ်လေ ဝိုင်ကို နောက်တစ်ငုံ သောက်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ..'

ထို့နောက်တွင်တော့ အချိန်တို့သည် မှုန်ဝါး ပျောက်ကွယ်သွားကုန်တော့ သည်။

အက်ရှ်လေ တဖြည်းဖြည်း နိုးလာပြီး တစ်စုံတစ်ခု ဖြစ်နေပြီမှန်း သိလိုက် သည်။ သူမ မူးယစ်ဆေးဝါး သောက်ထားသလို ဖြစ်နေ၏။ မျက်လုံးကိုပင် အတော် ကြိုးစား ဖွင့်နေရသည်။ အခန်းကို ဝေ့ဝိုက် ကြည့်လိုက်တော့ အလန့် တကြား ဖြစ်မိ၏။ သူမမှာ အပေါ်စား ဟိုတယ် တစ်ခု၏ ခုတင် တစ်လုံးပေါ် တွင် အဝတ်အစား ကင်းမဲ့စွာ လှဲလျောင်းလျက်သား ဖြစ်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူမ ကြိုးစား၍ ထထိုင်လိုက်တော့ ခေါင်းမှာ အတော် ကိုက်နေ၏။ သူမ ဘယ်နေရာ ရောက်နေသည်လည်း မသိ။ မည်သို့ ရောက်လာသည်လည်း မသိ။ စားပွဲပေါ်တွင် စားသောက်ဖွယ် စာရင်း တစ်ခု။ ထ၍ လှမ်းယူကြည့်လိုက်တော့ ရှီကာဂို လု ဟိုတယ် ဟူ၏။

ယင်းကို ပြန်ဖတ်ပြီး သူမ အတော်ပင် အံ့အားသင့်သွားရသည်။ မိမိ ရှီကာဂိုတွင် ဘာလာလုပ်သနည်း။ ဤနေရာသို့ ရောက်နေသည်မှာ မည်မျှ ကြာခဲ့သနည်း။

ဒင်းနစ် တစ်ဘဲလ်၏ တိုက်ခန်းသို့ သူမ သွားလည်သည်မှာ သောကြာနေ့က ဖြစ်၏။ ယနေ့ ဘာနေ့ပါလိမ့်။ ကြောက်ကြောက်လန့်လန့်ဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

တစ်ဖက်မှ 'အမိန့်ရှိပါ'

အက်ရှ်လေ စကား ပြောရန်ပင် အတော် ကြိုးစားနေရသည်။

'ဒီနေ့ ဘာနေ့လဲ'

'ဒီနေ့ ၇ ရက်'

'မဟုတ်ဘူး၊ ဒီနေ့ ဘာနေ့လဲလို့ မေးတာ'

'ဩော် ဒီနေ့ တနင်္လာနေ့'

အက်ရှ်လေ တယ်လီဖုန်းကို ကမန်းကတန်း ပြန်ချလိုက်သည်။ တနင်္လာနေ့ ဆိုပါလား။ မိမိ နှစ်နေ့နှင့် နှစ်ည သတိ လွတ်ခဲ့ရသည်ပဲ။ ခုတင်စွန်းတွင် ထိုင်ရင်း ပြန်စဉ်းစားကြည့်နေသည်။

မိမိ ဒင်းနစ် တစ်ဘဲလ်၏ တိုက်ခန်းသို့ သွားခဲ့သည်။ ဝိုင်တစ်ခွက်ကို သောက်သည်။ ထို့နောက်တွင်တော့ ဘာကိုမျှ သတိမရတော့။

ဝိုင်ခွက်ထဲတွင် သူ တစ်စုံတစ်ရာ ထည့်ခဲ့ခြင်း ဖြစ်မည်။ ထို့ကြောင့် မိမိ သတိ လွတ်သွားခြင်း ဖြစ်မည်။ ထိုကဲ့သို့သော ဆေးများ အကြောင်း မိမိ ဖတ်ခဲ့ဖူးသည်။

သူ့အမျိုးသမီးနှင့် ပတ်သက်၍ အကြံဉာဏ် တောင်းမည် ဆိုခြင်းမှာ လှည့်စားမှုသာ ဖြစ်မည်။ မိမိကလည်း ရူးပြီး ယုံခဲ့မိသည်။ မိမိ လေဆိပ်သို့ သွားခဲ့သည်ရော၊ ရှီကာဂိုသို့ လေယာဉ်ဖြင့် လာခဲ့သည်ရော၊ ဤခပ်ညံ့ညံ့ ဟိုတယ်ကလေးတွင် ဒင်းနစ် တစ်ဘဲလ်နှင့် တည်းခဲ့သည်ရော ဘာကိုမျှ သတိမရ။ ပိုဆိုးသည်က ဤအခန်းထဲတွင် ဘာတွေ ဖြစ်ခဲ့သည်ကို သတိမရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိမိ ဤနေရာမှ အမြန် ထွက်မှ ဖြစ်မည်။ မိမိ ခန္ဓာကိုယ်ကို မသတီချင်တော့။ မိမိကို သူ ဘာလုပ်သွားသနည်း။ ထိုအကြောင်းတွေကို တွေးမနေတော့ဘဲ ရေချိုးခန်းကလေးထဲသို့ ဝင်ပြီး ရေချိုးလိုက်သည်။

သူမ ကိုယ်ပေါ်မှာ အညစ်အကြေးတွေ ကုန်စင်အောင် ရေပန်းမှ ရေနွေးများဖြင့် သူမ၏ ကိုယ်ကို ဆေးကြောပစ်နေသည်။

မိမိ ကိုယ်ဝန် ရှိလျှင် ဒုက္ခ။ သူနှင့် ရမည့် ကလေး အကြောင်းကို စဉ်းစားလိုက်တော့ အလွန်ပင် စက်ဆုပ်သွားမိသည်။

သူမ ရေပန်းအောက်မှ ထွက်၍ ကိုယ်ကို ရေသုတ်ပြီး ဗီရိုဆီသို့ လျှောက်သွားသည်။ မိမိ အဝတ်အစားများ ပျောက်နေသည်။ ဗီရိုထဲတွင် အနက်ရောင်သားရေ မီနီ စကတ် တစ်ထည်၊ အပေါ်စား ကိုယ်ကျပ် အင်္ကျီ တစ်ထည်နှင့် ဒေါက်မြင့် ရှူးဖိနပ် တစ်ရန်တို့ကိုသာ တွေ့ရသည်။ ထိုအဝတ်အစားများကို မဝတ်လို။ သို့သော် အခြား ဝတ်စရာလည်း မရှိ။

သူမ ကပျာကယာ ဝတ်ပြီး မှန်ထဲ ကြည့်လိုက်တော့ မိမိမှာ မိန်းမပျက်ရုပ် ပေါက်နေကြောင်း တွေ့လိုက်ရသည်။

ပိုက်ဆံအိတ်ထဲ ကြည့်လိုက်တော့လည်း ဒေါ်လာ လေးဆယ်သာ ကျန်တော့သည်။ သူမ၏ ချက်လက်မှတ် စာအုပ်နှင့် အကြွေးဝယ် ကတ်ပြားများတော့ ရှိနေဆဲ။ တော်ပါသေးရဲ့။

သူမ စင်္ကြံသို့ ထွက်လိုက်သည်။ တစ်စုံတစ်ယောက်မျှ မရှိ။

ဓာတ်လှေကားဖြင့် အဝင်ဝ ခန်းမဆီသို့ ဆင်းလာကာ ငွေချေ စားပွဲဆီသို့ လျှောက်သွားသည်။ ထို့နောက် အသက် ကြီးကြီး ငွေကိုင်အား သူမ၏ အကြွေးဝယ် ကတ်ကို ပေးလိုက်သည်။

ငွေကိုင်က 'သွားတော့မလို့လား၊ နေရတာ အဆင်ပြေတယ် မဟုတ်လား'

အက်ရှ်လေက သူ့ကို စိုက်ကြည့်ရင်း သူ ဘာအဓိပ္ပာယ်နှင့် ပြောသနည်းဟူ၍ တွေးလိုက်သည်။ သူ ပြောသည့် အဓိပ္ပာယ်ကိုလည်း မသိချင်။ ဒင်းနစ်တစ်ဘဲလ် ဘယ်အချိန် ထွက်သွားသည်ကို သူ့အား မေးချင်သည်။ သို့သော် မမေးသည်က အကောင်းဆုံး။

ငွေကိုင်က သူမ၏ အကြွေးဝယ်ကတ်ကို စက်ထဲကို ထည့်လိုက်သည်။ ထို့နောက် မျက်မှောင်ကြုတ်လျက် နောက်တစ်ကြိမ် ပြန်ထည့်လိုက်ပြန်သည်။

နောက်ဆုံးတွင် သူက 'ခင်ဗျား ကတ်မှာ ရှိတဲ့ ငွေနှင့် ပိုသုံးထားလို့ စက်ထဲကို ထည့်လို့ မရတော့ဘူး'

mgyoe.com

mgyoe.com SAMPLE BOOK

အက်ရှ်လေ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'မဖြစ်နိုင်တာဘဲ၊ တစ်ခုခု မှားလို့ ဖြစ်မယ်'

စာရေးက ပခုံး တွန့်လျက် 'တခြား အကြွေးဝယ်ကတ် ရှိသေးလား'

'ဟင့်အင်း မရှိဘူး၊ ချက်လက်မှတ် ယူမလား'

သူက အက်ရှ်လေ၏ အဝတ်အစားများကို ကြည့်ကာ သဘောမကျသလို နှင့် 'ရပါတယ်'

'ကျွန်မ တယ်လီဖုန်း ဆက်ချင်တယ်'

'တယ်လီဖုန်း ဟိုထောင့်က အခန်းကလေးထဲမှာ ရှိတယ်'

'ဆန်ဖရန်စစ္စကို ဆေးရုံကပါ'

'ဒေါက်တာ စတီဗင် ပက်တာဆင်နှင့် ပြောပါရစေ'

'ခဏနော်'

'ဒေါက်တာ ပက်တာဆင်ရဲ့ ရုံးခန်းကပါ'

'ဆာရာလား၊ အက်ရှ်လေပါ၊ အဖေနှင့် စကား ပြောချင်လို့'

'သူ ခွဲစိတ်ခန်းထဲ ရောက်နေတယ် မစ္စ ပက်တာဆင်'

အက်ရှ်လေမှာ တယ်လီဖုန်းကို တင်းတင်း ဆုပ်ထားလျက်က 'သူ အဲဒီမှာ ဘယ်လောက် ကြာမလဲ'

'ပြောဖို့တော့ ခက်တယ်၊ အဲဒါ ပြီးရင် နောက်ထပ် ခွဲစိတ်ဖို့တွေလည်း ရှိတယ်'

'ကျွန်မ သူနှင့် ပြောရမှ ဖြစ်မယ်၊ သိပ်အရေးကြီးလို့ပါ၊ သူ့ကို တစ်ခု လောက် ပြောပေးပါ၊ သူ အချိန် ရရချင်း ကျွန်မဆီ ဖုန်းပြန်ဆက်ပါလို့'

သူမက တယ်လီဖုန်းရုံကလေးထဲရှိ တယ်လီဖုန်း နံပါတ်ကို ကြည့်ပြီး ဖခင်၏ ညေ့်ကြို စာရေးမ ဆာရာအား ပြောလိုက်သည်။ ပြီးမှ 'ကျွန်မ သူ ဖုန်းမဆက်မချင်း ဒီက စောင့်နေမယ်'

'ကျွန်မ ဆက်ဆက် ပြောလိုက်ပါ့မယ်'

ဟိုတယ် ဧည့်ခန်းထဲတွင် သူမ တစ်နာရီခန့် ကြာအောင် ထိုင်စောင့်ခဲ့ရသည်။ ဖြတ်လျှောက်သွားသူများကလည်း သူမကို ကွက်ကြည့် ကွက်ကြည့်နှင့်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ အဝတ်အစားများကို ဝတ်ထားရသည်မှာ အဝတ် ဗလာနှင့် နေရသကဲ့သို့ ခံစား နေရသည်။

နောက်ဆုံးတွင် တယ်လီဖုန်းသံ မြည်လာတော့ သူမ လန့်ဖျပ်သွား၏။

သူမ တယ်လီဖုန်း ရုံကလေးဆီသို့ ပြေးသွားပြီး 'ဟယ်လို'

'အက်ရှ်လေလား'

ဖခင်၏ အသံ ဖြစ်သည်။

'အဖေ ကျွန်မ..'

'ဘာဖြစ်လို့လဲ'

'သမီး ရှီကာဂိုကို ရောက်နေတယ်'

'ရှီကာဂိုမှာ သမီး ဘာသွားလုပ်တာလဲ'

'လောလောဆယ်တော့ မပြောပါရစေနှင့်ဦး၊ သမီး လေယာဉ် လက်မှတ် တစ်စောင် လိုချင်တယ်၊ သမီးမှာ ပိုက်ဆံလည်း မရှိတော့ဘူး၊ ကူညီပါဦး အဖေ'

'အေးပါ၊ ကိုင်ထားနော်'

နောက်သုံးမိနစ်ခန့် ကြာသော အခါ ဖခင်က ဖုန်းပြန်ကိုင်ပြီး 'အဲဒီက နေ အမေရိကန် လေကြောင်းလိုင်း လေယာဉ် တစ်စင်း မနက် ဆယ်နာရီ မိနစ် လေးဆယ်မှာ ထွက်ဖို့ ရှိတယ်၊ လေကြောင်း ခရီးစဉ် အမှတ် ၄၀၇၊ လေဆိပ် ဝင်ပေါက်မှာ လေယာဉ် လက်မှတ် ဝင်ယူလိုက်၊ ဒီကို ရောက်ရင် သမီးကို အဖေ လာကြိုမယ်'

'ဟင့်အင်း၊ သမီး အခန်းကို ပြန်ပြီး အဝတ်အစား လဲချင်သေးတယ်'

ဤအဝတ်အစားများနှင့် ဖခင်အား မမြင်စေလို။

'ကောင်းပြီ၊ ဒါဖြင့် အဖေ လာပြီး သမီးနှင့် ညစာ စားမယ်၊ အဲဒီကျမှ အကြောင်းစုံ ပြောပြတာပေါ့'

'ကျေးဇူးပဲ အဖေ၊ ကျေးဇူးတင်လိုက်တာ'

အိမ်အပြန် လေယာဉ်ပေါ်တွင် ဒင်းနစ် တစ်ဘဲလ် မိမိ အပေါ် ပြုမူမှုနှင့် ပတ်သက်၍ စဉ်းစားကာ ခွင့်မလွှတ်နိုင် ဖြစ်ရသည်။ ရဲကို သွားတိုင်မည်ဟု သူမ ဆုံးဖြတ်လိုက်သည်။ သူ့ကို ဤအတိုင်းတော့ လွှတ်မပေးနိုင်။ အခြား မိန်းမ ဘယ်နှယောက်ကိုရော သူ ထိုသို့ ပြုမူခဲ့သနည်း။

mgyoe.com

mgyoe.com SAMPLE BOOK

မိမိ အခန်းကို ပြန်ရောက်တော့ လုံခြုံ စိတ်ချရာ အရပ်သို့ ပြန်ရောက်သကဲ့သို့ ခံစားရသည်။ လက်ရှိ ဝတ်ထားသည့် လျှပ်ပေါ်လော်လည်သည့် အဝတ်အစားများအား ချွတ်ပစ်ချင်လှလေပြီ။ သူမက အဝတ်အစားများကို အမြန်ဆုံး ချွတ်ပစ်လိုက်၏။

ဖခင်နှင့် မတွေ့မီ သူမ ရေ တစ်ခါ ထပ်ချိုးချင်သည်။ အဝတ် ဗီရိုဆီသို့ အသွား သူမ ရုတ်တရက် ရပ်လိုက်မိသည်။ မှန်တင်ခုံပေါ်တွင် စီးကရက်တို တစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

စားသောက်ဆိုင်တွင် ထောင့်ကျကျ စားပွဲ တစ်ခုတွင် နေရာ ယူလိုက်ကြသည်။ အက်ရှ်လေ၏ ဖခင်မှာ သူမအား စိုးရိမ်စိတ်ဖြင့် ကြည့်နေသည်။ ပြီးမှ 'ရှီကာဂိုမှာ သမီး ဘာသွားလုပ်တာလဲ'

'ကျွန်မ⋯ ကျွန်မ မသိဘူး'

ဖခင်က သူမအား နားမလည်နိုင်သလို ကြည့်လျက်က 'မသိဘူး၊ ဟုတ်လား'

ဖြစ်သမျှ အကြောင်းကို ပြန်ပြောရန် မဆုံးဖြတ်မီ သူမ တုံ့ဆိုင်းနေသည်။ ဖခင် အနေဖြင့် အကြံပေးကောင်း ပေးနိုင်လိမ့်မည်။ သူမက 'ဒင်းနစ် တစ်ဘဲလ်က သူ့ ပြဿနာ တစ်ခုကို ဖြေရှင်းပေးဖို့ သူ့တိုက်ခန်းကို ခေါ်တယ်'

'ဒင်းနစ် တစ်ဘဲလ် ဟုတ်လား၊ ဟို ပရမ်းပတာ ကောင်လား၊ သူနှင့် ဘာဖြစ်လို့ သွားပတ်သက်ရတာလဲ'

တစ်ခါက ဖခင်အား မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆက်ပေးခဲ့ဖူးသည်။ မိမိ မှားသွားပြီမှန်း အက်ရှ်လေ သိလိုက်သည်။ ဖခင်သည် သူမ၏ ပြဿနာများနှင့် ပတ်သက်လျှင် အရမ်းကာရော လုပ်တတ်သည်။ အထူးသဖြင့် ယောကျာ်းများနှင့် ပတ်သက်၍ ဖြစ်၏။

သူမက 'သိပ်အရေးမကြီးပါဘူး အဖေ'

'ငါ သိချင်တယ်၊ ပြောစမ်း'

အက်ရှ်လေ ခေတ္တမျှ ငြိမ်၍ ထိုင်ရင်း တွေးဆနေသည်။ ပြီးမှ 'ဒင်းနစ်ရဲ့ အခန်းမှာ ကျွန်မ ဝိုင်တစ်ခွက် သောက်မိတယ်၊ ပြီးတော့⋯'


mgyoe.com

mgyoe.com SAMPLE BOOK

သူမ ပြောနေစဉ် ဖခင်၏ မျက်နှာမှာ ဒေါသရိပ်တွေ ပေါ်လာသည်။ သူ့ကို ကြည့်၍ အက်ရှ်လေ ကြောက်လာမိသည်။

သူမက ပြောလက်စကို ရပ်လိုက်တော့ ဖခင်က 'မရဘူး၊ ငါ ကြားချင်တယ်၊ အကုန် ပြော'

ထိုညက အက်ရှ်လေ လဲလျောင်းရင်း အိပ်မပျော်နိုင် ဖြစ်နေသည်။ အတွေးများကလည်း ယောက်ယက်ခတ်နေ၏။

ဒင်းနစ် မိမိ အပေါ် ပြုခဲ့သည်နှင့် ပတ်သက်၍ လူတွေ ကြားကုန်လျှင် ရှက်စရာ။ အလုပ်ထဲမှ လူအားလုံး ဖြစ်ပျက်သမျှကို သိကုန်ကြတော့မည်။ အခြားလူများ အပေါ် သူ နောက်ထပ် ထိုသို့ မလုပ်စေရ။ ရဲကို တိုင်မည်။

ဒင်းနစ် မိမိကို ကျိတ်ကြိုက်နေကြောင်း လူတွေက သတိ ပေးခဲ့သည်။ သို့သော် မိမိက ဥပေက္ခာ ပြုခဲ့၏။ ယခု ပြန်ကြည့်တော့မှ ထိုအရိပ် လက္ခဏာကို တွေ့နေရ၏။ မိမိ အခြားလူနှင့် စကား ပြောသည်ကို ဒင်းနစ် မကြိုက်။ မိမိကိုလည်း ညစာ စားရန် မကြာခဏ ခေါ်သည်။ မကြာခဏလည်း လိုက်ချောင်းနေ၏။

ဘာပဲဖြစ်ဖြစ် မိမိ နောက်မှ လိုက်နေသူကိုတော့ သိရလေပြီ။

နံနက် ရှစ်နာရီခွဲ အလုပ် သွားရန် ပြင်ဆင်နေစဉ် တယ်လီဖုန်း မြည်လာသည်။ သူမက ဖုန်းကို ကောက်ကိုင်ပြီး 'ဟယ်လို'

'အက်ရှ်လေ၊ ရှိန်းပါ၊ သတင်း ကြားပြီးပြီလား'

'ဘာသတင်းလဲ'

'ရုပ်မြင်သံကြားမှာ လာတဲ့ သတင်းလေ၊ ဒင်းနစ် တစ်ဘဲလ်ရဲ့ အလောင်း အခုပဲ တွေ့ကြတယ်တဲ့'

ရုတ်တရက် ကမ္ဘာမြေကြီး တစ်ခုလုံး လည်သွားသည်ဟု ထင်လိုက်ရသည်။

'အို ဘုရား ဘုရား၊ ဘယ်လို ဖြစ်တာလဲ'

'ရဲဌာန ပြောချက် အရတော့ သူ့ကို ဓားနှင့် ထိုးသတ်သွားတာလို့ ဆိုတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၆

ဆမ် ဘလိတ်မှာ ကူပါတင်နီ ရဲစခန်းတွင် ဒုရဲအုပ် ဖြစ်အောင် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသည်။ စခန်းမှူး၏ ညီမ ဆာရီနာ ဒေါင်းလင်းနှင့်လည်း လက်ထပ်ခဲ့သည်။ သူမမှာ နှုတ်ကလည်း ထက်၏။ သူမအား ထိန်းနိုင်သူမှာ ဆမ် ဘလိတ် တစ်ယောက်သာ ရှိသည်။

ဆမ်ကတော့ အရပ် ပုပု၊ ပျော့ပျောင်း၍ သိမ်မွေ့သော အမူအရာလည်း ရှိသည်။ သူတော်စင် တစ်ယောက်ပမာ သည်းခံနိုင်သူလည်း ဖြစ်၏။ ဆာရီနာ၏ အပြုအမူများ မည်မျှပင် ကြမ်းတမ်းစေကာမူ သူမ စိတ်ပြေသည် အထိ သူ စောင့်သည်။ ပြီးတော့မှ သူမအား အေးအေးဆေးဆေး ပြောပြသည်။

ဆမ် ဘလိတ်မှာ စခန်းမှူး မက် ဒေါင်းလင်းနှင့် ခင်မင်သဖြင့် ထိုရဲစခန်းတွင် ဝင်ရောက် လုပ်ကိုင်ခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက်မှာ တစ်ကျောင်းတည်း တက်ကာ အတူ ကြီးပြင်းခဲ့ကြသူများ ဖြစ်သည်။

ဘလိတ်မှာ ရဲလုပ်ငန်းကို ခင်တွယ်၍ လုပ်ငန်းတွင်လည်း တော်သည်။ အလုပ်တွင် ဇွဲလည်း ကောင်းသည်။

ထို့ကြောင့် ရဲတပ်ဖွဲ့တွင် အကောင်းဆုံး ရဲစုံထောက် တစ်ယောက် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ထိုနေ့ မနက် စောစောက ဆမ် ဘလိတ်မှာ စခန်းမှူး ဒေါင်းလင်းနှင့် ကော်ဖီ အတူ သောက်နေကြသည်။

ဒေါင်းလင်းက 'ညတုန်းက ငါ့ညီမ မင်းကို တော်တော် ဒုက္ခ ပေးတယ် ဆို၊ အိမ်နီးပါးချင်းတွေက ဆူလို့ ဆိုပြီး ငါ့ဆီ ဖုန်းဆက်တာ ခြောက်ခါလောက် ရှိတယ်၊ ဆာရီနာက အော်တဲ့ နေရာမှာ ချန်ပီယံပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ဆမ်က ပခုံး တွန့်လျက် 'နောက်ဆုံးတော့ သူ ငြိမ်သွားအောင် ငါ ချော့လို့ ရပါတယ် မက်ရယ်'

'ငါနှင့် အတူ မနေရတာ တော်သေးတာပေါ့ကွာ၊ သူ ဘယ်လိုများ ဖြစ်သွားတာလဲ မသိဘူး၊ သူက ဒေါသ သိပ်ကြီး..'

သူတို့ စကား ပြောနေစဉ် 'စခန်းမှူး၊ အရေးပေါ် ရဲတပ်ဖွဲ့ ဖုန်းနံပါတ် ၉၁၁ ကို ဖုန်းနှင့် အကြောင်းကြားတယ်၊ ဆန်နီဗေး ရိပ်သာလမ်းမှာ လူသတ်မှု ဖြစ်နေတယ်တဲ့'

ဒေါင်းလင်းက ဆမ် ဘလိတ်ကို လှမ်းကြည့်သည်။

ဘလိတ်က ခေါင်းညိတ်လျက် 'ငါ သွားလိုက်မယ်'

နောက် ၁၅ မိနစ် ကြာတော့ ဒင်းနစ် တစ်ဘဲလ်၏ တိုက်ခန်းထဲသို့ ဆမ် ဘလိတ် ရောက်သွားသည်။

ဧည့်ခန်းထဲတွင် ပတ္တရောင် ရဲတစ်ယောက်က အဆောက်အအုံ ကြီးကြပ်ရေးမှူးအား မေးမြန်းနေသည်။

ဘလိတ်က 'အလောင်းက ဘယ်မှာလဲ'

ပတ္တရောင် ရဲက အိပ်ခန်းဆီသို့ မေးငေါ့ပြပြီး 'ဟိုထဲမှာ ဆရာ'

သူ့မျက်နှာလည်း ဖြူဖပ်ဖြူရော်နှင့်။

ဆမ် ဘလိတ် အိပ်ခန်းထဲသို့ ဝင်သွားပြီး တန့်သွားသည်။ အဝတ်အစား ကင်းမဲ့သော အမျိုးသား တစ်ယောက်၏ အလောင်းကြီးမှာ ခုတင်ပေါ်တွင် ကန့်လန့်ဖြတ် ကားကားကြီး ဖြစ်နေသည်။ တစ်ခန်းလုံးလည်း သွေးတွေ အိုင်ထွန်းနေ၏။ ခုတင်နားသို့ ကပ်သွားကြည့်တော့ သွေးထွက်သည့် နေရာကို တွေ့လိုက်ရသည်။ ရိုက်ခွဲထားသော ပုလင်းဖြင့် သေသူကို နောက်ကျောမှ အကြိမ်ကြိမ် ထိုးခဲ့ခြင်း ဖြစ်၏။ ကိုယ်ထဲတွင်လည်း ပုလင်းစတွေနှင့်။

'လူသား တစ်ယောက် အနေနှင့် ဒီလောက်တောင် လုပ်ရက်သလား'

သူက ရေရွတ်နေမိသည်။ ဘာလက်နက်မျှလည်း မတွေ့။ အခန်းကို ပိုက်စိပ်တိုက် ရှာပြီးလောက်ချေပြီ။

ဒုရဲအုပ် ဘလိတ်မှာ အဆောက်အအုံ ကြီးကြပ်ရေးမှူးအား မေးမြန်းရန် ဧည့်ခန်းထဲသို့ ပြန်သွားခဲ့သည်။

'သေတဲ့ လူကို ခင်ဗျား သိလား'



mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ကဲ့ ဆရာ၊ ဒါ သူ့အခန်းပါ'

'သူ့နာမည် ဘယ်သူလဲ'

'ဒင်းနစ် တစ်ဘဲလ်ပါ'

ဘလိတ်က ရေးခြစ် မှတ်သားလိုက်ပြီး 'သူ ဒီမှာ နေတာ ဘယ်လောက်ကြာပြီလဲ'

'သုံးနှစ်နီးပါး ရှိပါပြီ'

'သူနှင့် ပတ်သက်လို့ ခင်ဗျား ဘာပြောနိုင်မလဲ'

'သိပ်တော့ မသိဘူး ဆရာ၊ တစ်ဘဲလ်ဟာ ခပ်လျှိုလျှို နေတတ်တယ်၊ အိပ်ခန်း လခလည်း အချိန်မှန် ပေးတယ်၊ မကြာခဏ မိန်းမ တစ်ယောက်ကို ခေါ်လာတာတော့ ရှိတယ်၊ အဲဒီ မိန်းမတွေကလည်း အပျက်မတွေ ဖြစ်ပုံ ရပါတယ်'

'သူ ဘယ်မှာ အလုပ် လုပ်သလဲ၊ ခင်ဗျား သိသလား'

'ဟုတ်ကဲ့ သိပါတယ်၊ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကော်ပိုရေးရှင်းမှာပါ၊ သူက ကွန်ပျူတာ ပညာရှင်ပါ'

ဘလိတ်က နောက်တစ်ကြိမ် ရေးမှတ်လိုက်ပြီး 'အလောင်းကို ဘယ်သူတွေ့တာလဲ'

'အိမ်ဖော် မာရီယာပါ၊ မနေ့က ပိတ်ရက်လေ၊ ဒါကြောင့် ဒီမနက်မှ သူလာတာ'

'အဲဒီ မိန်းမနှင့် စကား ပြောချင်တယ်'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ခေါ်ပေးပါ့မယ်'

မာရီယာမှာ အသား မည်းမည်း၊ အသက် လေးဆယ်ကျော်ခန့်ရှိ ဘရာဇီး လူမျိုး တစ်ယောက် ဖြစ်သည်။ ထိတ်လန့် ကြောက်ရွံ့နေပုံလည်း ရ၏။

'အလောင်းကို ခင်ဗျား တွေ့တာလား မာရီယာ'

'ကျွန်မ သတ်တာ မဟုတ်ပါဘူး၊ ကျွန်မ ကျိန်ပြောရဲပါတယ်'

သူမမှာ အလွန်ပင် ထိတ်လန့် တုန်လှုပ်နေသည်။ သူမက ဆက်၍ 'ကျွန်မ ရှေ့နေ ငှားရမလား ဟင်'

'ဟင့်အင်း၊ ခင်ဗျား ရှေ့နေ ငှားစရာ မလိုပါဘူး၊ ဘယ်လို ဖြစ်တယ် ဆိုတာသာ ပြောပါ'


mgyoe.com

mgyoe.com SAMPLE BOOK

'ဘာမှ မဖြစ်ပါဘူး၊ ဆိုလိုတာက ကျွန်မ ဒီမနက် ခါတိုင်းလိုပဲ သန့်ရှင်းရေး လုပ်ဖို့ ဒီအခန်းထဲ ဝင်လာတယ်၊ သူ မရှိတော့ဘူးလို့ ကျွန်မ ထင်နေတာ၊ သူက အမြဲတမ်း မနက် ခုနစ်နာရီ ဆိုရင် ထွက်သွားရော၊ ဧည့်ခန်းတွေကို ကျွန်မ သန့်ရှင်းရေး လုပ်တယ်၊ ပြီးတော့..'

'ခင်ဗျား ဒီအခန်း သန့်ရှင်းရေး မလုပ်ခင် ဒီအခန်း ဘယ်လို ဖြစ်နေတယ် ဆိုတာရော မှတ်မိသလား'

'ဘာကို ဆိုလိုတာလဲ ဆရာ'

'ပစ္စည်းတွေကို ရွှေ့သေးလား၊ ဒီကနေ ယူသွားတဲ့ ပစ္စည်းရော ရှိသလား'

'အင်း.. ဝိုင်ပုလင်း တစ်လုံး ကြမ်းပြင်ပေါ်မှာ ကျကွဲနေပါတယ်၊ ကပ်စေးစေးနှင့် ကျွန်မ..'

'အဲဒါကို ခင်ဗျား ဘာလုပ်သလဲ'

'အမှိုက် ခြေတဲ့ စက်ထဲ ထည့်ပြီး ခြေပစ်လိုက်ပါတယ်'

'နောက်ထပ် ဘာလုပ်သေးလဲ'

'ဆေးလိပ်ခွက်တွေကို ရှင်းပါတယ်'

'အဲဒီ အထဲမှာ စီးကရက် အတိုတွေ ရှိသလား'

သူမက ပြန်စဉ်းစားနေပြီးမှ 'တစ်ခု တွေ့တယ်၊ အဲဒါကို မီးဖိုခန်းထဲက အမှိုက်ခြင်းထဲ ထည့်ထားလိုက်တယ်'

'ကဲ သွားကြည့်ရအောင်'

ဘလိတ်က မာရီယာ နောက်မှ မီးဖိုခန်းထဲ လိုက်သွားသည်။ သူမက အမှိုက်ခြင်းကို လက်ညှိုး ထိုးပြ၏။ အထဲတွင် နှုတ်ခမ်းနီ စွန်းနေသော စီးကရက်တို တစ်ခုကို တွေ့ရသည်။

ဘလိတ်က ယင်းကို ယူ၍ သက်သေခံပစ္စည်း ထည့်သည့် ပလတ်စတစ် အိတ်ထဲသို့ ထည့်လိုက်သည်။

သူက မာရီယာအား ဧည့်ခန်းထဲသို့ ပြန်ခေါ်လာပြီး 'ဒီအခန်းထဲကနေ တစ်ခုခု ပျောက်နေတာမျိုး ရှိသလား၊ အဖိုးတန် ပစ္စည်း တစ်ခုခုလိုမျိုးပေါ့'

သူမက လှည့်ပတ်ကြည့်ပြီး 'ကျွန်မတော့ အဲဒီလို မထင်ဘူး၊ မစ္စတာ တစ်ဘဲလ်ဟာ ပန်းပုရုပ်ကလေးတွေ စုတတ်တယ်၊ အဲဒါနှင့် ပတ်သက်ပြီး ငွေတွေ သုံးပစ်တယ်၊ အဲဒါတွေ အားလုံးတော့ ဒီမှာ ရှိနေတယ်လို့ ထင်ပါတယ်'

ဤသို့ ဆိုလျှင် ပစ္စည်း လိုချင်၍ မဟုတ်။ မူးယစ်ဆေးဝါးကြောင့်လား။ လက်စားချေခြင်းလား။ ချစ်သူချင်း မပြေလည်၍လား။

mgyoe.com

mgyoe.com SAMPLE BOOK

'အခန်းကို သန့်ရှင်းပြီးတော့ ခင်ဗျား ဘာလုပ်သလဲ'

'ခါတိုင်းလိုပဲ ကျွန်မ ဒီမှာ ဖုန်စုပ်စက်နှင့် စုပ်ထုတ်တယ်၊ အဲဒီနောက် ကျွန်မ အိပ်ခန်းထဲ ဝင်သွားတော့ သူ့ကို တွေ့ရတော့တာပါပဲ၊ ကျွန်မ ကျိန် ပြောရဲပါတယ်၊ ကျွန်မ သတ်တာ မဟုတ်ပါဘူး'

ခဏ ကြာတော့ ရင်ခွဲရုံ တာဝန်ခံနှင့် သူ့လက်ထောက်တို့ အလောင်း ထည့်သည့် အိတ်တစ်လုံး ယူလျက် ဝင်လာကြသည်။

နောက်သုံးနာရီ ကြာသော အခါ ဒုရဲအုပ် ဆမ် ဘလိတ် ရဲစခန်းသို့ ပြန်ရောက် လာသည်။

'ဘာတွေ တွေ့ခဲ့သလဲ ဆမ်'

'ဘာမှ သိပ်မတွေ့ပါဘူး၊ ဒင်းနစ် တစ်ဘဲလ်ဟာ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ်မှာ လုပ်တယ်၊ ကျွမ်းကျင် လုပ်သား တစ်ယောက်လိုဟာမျိုးပေါ့'

ဘလိတ်က ဒေါ်င်းလင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း ပြောသည်။

'ဒါပေမဲ့ သူ အသတ် မခံရအောင်တော့ မကျွမ်းကျင်လှရှာဘူးပေါ့'

'အသတ် ခံရရုံတင် မကဘူးကွ၊ အမဲ ဖျက်သလို ဖျက်သွားတာ၊ သူ့ အလောင်းကို မင်း မြင်စေချင်တယ်၊ စိတ်ရူးပေါက်ပြီး စိတ်ထင်တိုင်း လုပ် ချင်သလို လုပ်သွားတာ'

'ဘာမှ ထပ်ပြောစရာ မရှိတော့ဘူးလား'

'လက်နက်နှင့် ပတ်သက်လို့ အတိအကျ မသိရသေးဘူး၊ ဓာတ်ခွဲခန်းက အဖြေ ရမှပဲ သိမယ်၊ ဝိုင်ပုလင်းကို ချိုးပြီး သတ်တာတော့ ဖြစ်နိုင်စရာ ရှိ တယ်၊ သန့်ရှင်းရေး မိန်းမက အမှိုက်ဖျက် စက်ထဲ ထည့်ပြီး ဖျက်လိုက်လို့၊ ကျောမှာ စိုက်နေတဲ့ ပုလင်းစထဲမှာတော့ လက်ဗွေရာ ရှိနိုင်ကောင်းတယ်၊ ဘေး က အခန်းတွေ မေးကြည့်တော့လည်း ဘာမှ မသိရပါဘူး၊ သူ့အခန်းထဲ ဘယ်သူ ဝင်တယ် ဘယ်သူ ထွက်တယ် ဆိုတာလည်း သူတို့ မသိဘူးတဲ့၊ မသင်္ကာစရာ အသံဗလံလည်း မကြားရဘူးလို့ ပြောတယ်၊ ကြည့်ရတာတော့ တစ်ဘဲလ်ဟာ အများနှင့် ကင်းကင်းနေတတ်ပုံ ရတယ်၊ တစ်ခုတော့ ရှိတယ်၊ တစ်ဘဲလ်ဟာ မသေခင်မှာ ဖိုမကိစ္စ ဖြစ်သွားတယ်၊ အဲဒါနှင့် ပတ်သက်တဲ့ အထောက်အထား တွေ တွေ့ခဲ့ရတယ်၊ နှုတ်ခမ်းနီ ပေနေတဲ့ စီးကရက်တို တစ်ခုလည်း တွေ့တယ်၊ အဲဒါတွေကို ဒီအင်န်အေနှင့် စစ်ဖို့ လုပ်ထားတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒါနှင့် ပတ်သက်လို့ သတင်းစာတွေကတော့ အကြီးအကျယ် ရေးကြမှာပဲ၊ သတင်းစာ ခေါင်းစီး စာသားတွေကိုတောင် ငါ မြင်ယောင်နေတယ်၊ စိတ်ရူးပေါက်သူ တစ်ဦး စီလီကွန် တောင်ကြားကို တိုက်ခိုက်ခြင်း၊ ဒီအမှုကို ငါတို့ တတ်နိုင်သမျှ မြန်မြန် စုံစမ်းရမှာပဲ'

'ငါ အခုပဲ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကော်ပိုရေးရှင်းကို သွားလိုက်မယ်'

ရုံးထဲသို့ ဝင်ရန် အက်ရှ်လေ တစ်နာရီခန့် ကြာအောင် ဆုံးဖြတ်ယူရသည်။ တစ်ယောက်ယောက်က မိမိကို ကြည့်လျှင် အားလုံးက မိမိ တစ်ခုခု ဖြစ်နေမှန်း သိကုန်ကြလိမ့်မည်။ မိမိ မသွားပြန်လျှင်လည်း ဘာကြောင့် မလာသနည်းဟု အားလုံးက သိချင်ကြမည်။ ရဲတွေတောင် ရောက်နေပြီး စုံစမ်းနေလောက်ပြီ။ မိမိ အမှန်ကို ပြောလျှင်လည်း သူတို့ ယုံမည် မဟုတ်။ ဒင်းနစ် တစ်ဘဲလ်ကို သတ်သည်ဟု မိမိကို စွပ်စွဲကြလိမ့်မည်။ သူတို့ ယုံလျှင်သော်မှ မိမိ အပေါ် ဒင်းနစ် ပြုမူပုံနှင့် ပတ်သက်၍ ဖခင် သိပါသည်ဟု ဆိုလျှင် သူတို့ ဖခင်ကို စွပ်စွဲကြလိမ့်မည်။

ဂျင် ကလာရီ အသတ်ခံရမှုနှင့် ပတ်သက်၍ ပြန်တွေးမိသည်။

ဖလော်ရင့် ပြောလိုက်သည့် စကားကို သူမ ပြန်ကြားယောင်နေ၏။

အက်ရှ်လေ မျက်လုံးများကို တင်းတင်း မှိတ်ထားလိုက်သည်။ ဘုရား‥ ဘုရား၊ ဘာတွေ ဖြစ်ကုန်ပါလိမ့်၊ ဘာတွေ ဖြစ်ကုန်ပါလိမ့်။

ဝန်ထမ်းများ ရပ်၍ စကား ပြောနေကြသော အလုပ်ခန်းထဲသို့ ဒုရဲအုပ် ဆမ်ဘလိတ် ဝင်လာသည်။ သူတို့ မည်သည့် အကြောင်း ပြောနေသည်ကို ဆမ်ဘလိတ် ခန့်မှန်းမိ၏။ ရှိန်း မီလာ၏ ရုံးခန်းသို့ သူ ဝင်သွားသည်ကို အက်ရှ်လေ လှမ်းကြည့်နေသည်။

ရှိန်းက သူ့ကို နှုတ်ဆက်ရန် မတ်တတ် ရပ်ပြီး 'ဒုရဲအုပ် ဘလိတ်ပါလား ခင်ဗျာ'

'ဟုတ်ပါတယ်'

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်ပြီး ရှိန်းက 'ထိုင်ပါ ခင်ဗျာ'


mgyoe.com

mgyoe.com
SAMPLE BOOK

ဆမ် ဘလိတ်က ထိုင်လိုက်ပြီး 'ဒင်းနစ် တစ်ဘဲလ်က ဒီက ဝန်ထမ်းဆိုတာ ကျွန်တော် သိထားပါတယ်'

'မှန်ပါတယ်၊ လူတော် တစ်ယောက်ပါ၊ အတော်ကို စိတ်မကောင်းစရာပါပဲ'

'သူ ဒီမှာ အလုပ် လုပ်တာ သုံးနှစ်လောက် ရှိပြီပေါ့နော်'

'ဟုတ်ပါတယ်၊ သူက ကျွန်တော်တို့ရဲ့ ကွန်ပျူတာ ကျွမ်းကျင်သူပါ၊ ကွန်ပျူတာနှင့် ပတ်သက်လို့ သူ မလုပ်တတ်တာ မရှိဘူး'

'သူ့ရဲ့ လူမှုရေး ကိစ္စတွေနှင့် ပတ်သက်ပြီး ဘာပြောနိုင်တာ ရှိလဲ'

ရှိန်း မီလာက ခေါင်းခါပြီး 'သိပ်မပြောနိုင်ပါဘူး၊ တစ်ဘဲလ်ဟာ လူတွေနှင့် ခပ်ကင်းကင်း နေတတ်တယ်'

'သူဟာ မူးယစ်ဆေးဝါး သုံးစွဲတတ်တယ်လို့ရော ထင်ပါသလား'

'ဝေးသေး'

'လောင်းကစားရော လုပ်တတ်သလား၊ တစ်ယောက်ယောက်ကို သူ အကြွေးတွေ အများကြီး ပေးစရာ ရှိတာမျိုးပေါ့'

'မရှိနိုင်ပါဘူး၊ သူက လခလည်း ကောင်းတယ်၊ ငွေကိုလည်း စစ်စီပြီး သုံးတတ်တယ်'

'မိန်းမတွေနှင့် ပတ်သက်လို့ရော သူ့မှာ ရည်းစားတွေ ဘာတွေများ ရှိလား'

'မိန်းမတွေက သူ့ကို အတော် ကျတယ်၊ ဟိုတလောတုန်းကလည်း မိန်းမတစ်ယောက်ကို သူ လက်ထပ်ဖို့ စဉ်းစားနေတယ်လို့ လျှောက်ပြောနေတာပဲ'

'အဲဒီ အမျိုးသမီးရဲ့ နာမည်ကိုရော သူ ပြောသေးလား'

ရှိန်း မီလာက ခေါင်းခါပြီး 'ဟင့်အင်း၊ ကျွန်တော့်ကိုတော့ မပြောဘူး'

'ခင်ဗျားရဲ့ ဝန်ထမ်း တချို့နှင့် စကား ပြောလို့ ရမလား'

'ရပါတယ်၊ ပြောပါ၊ တစ်ခုတော့ ရှိတယ်၊ သူတို့လည်း စိတ်မကောင်းဖြစ်နေကြတယ်'

အလောင်းကို တွေ့လျှင် သူတို့ ပို၍ စိတ်မကောင်း ဖြစ်ကြဦးမည်ဟု ဘလိတ် တွေးနေမိသည်။ နှစ်ယောက်သား ရုံးခန်း အပြင်ဘက် အလုပ်ခန်းဘက်သို့ ထွက်လာခဲ့သည်။

ရှိန်း မီလာက အသံကို မြှင့်လျက် 'တစ်ဆိတ်လောက် နားထောင်ကြပါ၊ ဒါ ဒုရဲအုပ် ဘလိတ်ပါ၊ သူ နည်းနည်းပါးပါး မေးစမ်းချင်လို့'

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ထမ်းများက လုပ်လက်စ အလုပ်များကို ရပ်၍ နားထောင်နေကြသည်။

ဘလိတ်က 'မစ္စတာ တစ်ဘဲလ် အဖြစ်ကို အားလုံး သိပြီး ဖြစ်ကြပါလိမ့်မယ်၊ သူ့ကို သတ်တဲ့ တရားခံကို ရှာဖို့ ခင်ဗျားတို့ရဲ့ အကူအညီ လိုပါတယ်၊ သူ့မှာ ရန်သူ ရှိသလား ဆိုတာ ခင်ဗျားတို့ထဲက ဘယ်သူ သိပါသလဲ၊ သူ့ကို သတ်လောက်အောင် မုန်းတဲ့လူ ရှိသလား ဆိုတာရော သိတဲ့လူ ရှိပါသလား'

အားလုံး တိတ်ဆိတ်နေကြသည်။

ထို့ကြောင့် ဘလိတ်က ဆက်၍ 'သူ လက်ထပ်ဖို့ စိတ်ဝင်စားနေတဲ့ မိန်းမ တစ်ယောက် ရှိပါတယ်၊ အဲဒါနှင့် ပတ်သက်လို့ ခင်ဗျားတို့ထဲက ဘယ်သူနှင့် ဆွေးနွေးခဲ့ပါသလဲ'

အက်ရှ်လေမှာ အသက်ပင် မရှူရဲတော့။ ပြောဆို အချိန် ကျလေပြီ။ တစ်ဘဲလ် မိမိအား မည်သို့ ပြုမူသည်နှင့် ပတ်သက်၍ ဒုရဲအုပ်အား ပြောပြမှ ဖြစ်တော့မည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပြောပြစဉ်က ဖခင်၏ အမူအရာကို သူမ မှတ်မိနေသည်။ လူသတ်မှုနှင့် ပတ်သက်၍ ဖခင်အား စွပ်စွဲကြတော့မည်။

ဖခင်သည် မည်သူ့ကိုမျှ သတ်နိုင်ဖွယ် မရှိ။ သူက ဆရာဝန်၊ ခွဲစိတ်ဆရာဝန်။ ဒင်းနစ် တစ်ဘဲလ်မှာ ရက်ရက်စက်စက် အသတ်ခံရခြင်း ဖြစ်သည်။ ဒုရဲအုပ် ဘလိတ်က ဆက်၍ ပြောနေသည်။

'သောကြာနေ့ ညနေက သူ ရုံးဆင်းသွားတဲ့ အခါ နောက်ဆုံး ဘယ်သူ မြင်လိုက်သေးလဲ'

တိုနီ ပရက်စကော့မှာ စိတ်ထဲမှ လုပ်လေ၊ ပြောလိုက်လေ ဣန္ဒြေရှင်မကြီးရဲ၊ သူ့ အခန်းကို နင် သွားတယ် ဆိုတာ ပြောလိုက်ပါလားဟု ပြောနေသည်။

ဒုရဲအုပ် ဘလိတ်မှာ စိတ်ပျက်သွားသည့် အမူအရာကို ဖုံးကွယ်လျက် ဆက်လက် ရပ်နေသည်။ ပြီးမှ 'သူနှင့် ပတ်သက်ပြီး အရေးကြီးတဲ့ အချက်အလက် တစ်ခု မှတ်မိတာ ရှိရင် ကျေးဇူးပြုပြီး ကျွန်တော့်ဆီကို ဖုန်းဆက်ပေးစေချင်ပါတယ်၊ ကျွန်တော် မစ္စတာ ရှိန်း မီလာကို ဖုန်းနံပါတ် ပေးထားပါတယ်၊ ကျေးဇူးတင်ပါတယ်'

ရှိန်းနှင့် အတူ သူ ထွက်ပေါက်ဆီသို့ သွားနေသည်ကို အားလုံးက ဝိုင်းကြည့်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အက်ရှ်လေမှာ အတော်ပင် စိတ်သက်သာရာ ရသွားတော့သည်။

ဘလိတ်က ရှိန်းဘက်သို့ လှည့်၍ 'ဒီအထဲမှာ သူ နည်းနည်း ရင်းနှီးတဲ့ လူ ရှိလား'

'သိပ်မရှိပါဘူး၊ ခင်းနစ်ဟာ ဘယ်သူနှင့်မှ ရင်းရင်းနှီးနှီး မနေဘူး၊ ကွန်ပျူတာသမား ကောင်မလေး တစ်ယောက်ကိုတော့ သူ ကြိုက်နေတယ်၊ ဒါပေမဲ့ သူ ပိုးလို့ မစွံဘူး ဖြစ်နေတယ်'

ဘလိတ်က သွားနေရာမှ ရုတ်တရက် ရပ်လိုက်ပြီး 'အဲဒီ အမျိုးသမီး အခု ဒီထဲမှာ ရှိလား'

'ရှိပါတယ်'

'ကျွန်တော် သူနှင့် စကား ပြောချင်တယ်'

'ကောင်းပါပြီ၊ ကျွန်တော့် ရုံးခန်းထဲမှာ တွေ့လို့ ရပါတယ်'

သူတို့ ပြန်လှည့်လာသည်ကို အက်ရှ်လေ မြင်နေရသည်။ မိမိ၏ အခန်းငယ်ကလေးထဲသို့ လာနေခြင်း ဖြစ်၏။ သူမ မျက်နှာတွေလည်း ထူပူသွားသည်။

'အက်ရှ်လေ၊ ဒုရဲအုပ် ဘလိတ်က မင်းနှင့် စကား ပြောချင်တယ်တဲ့'

အခု ဆိုရင် သူ သိသွားပြီလား။ တစ်ဘဲလ်၏ တိုက်ခန်းသို့ မိမိ သွားသည်ကို သူ မေးတော့မည်။ မိမိ ဂရုစိုက်မှ ဖြစ်မည်။

ဘလိတ်က သူမအား စိုက်ကြည့်ပြီး 'စိတ်မရှိပါနှင့်နော် မစ္စ ပက်တာဆင်'

'ကိစ္စ မရှိပါဘူး'

သူမက ရှိန်း မီလာ၏ ရုံးခန်းထဲသို့ သူနှင့် အတူ လိုက်သွားသည်။

'ထိုင်ပါ'

နှစ်ယောက်သား ထိုင်ပြီးတော့ ဘလိတ်က 'ခင်းနစ် တစ်ဘဲလ်ဟာ ခင်ဗျားကို သဘောကျနေတယ်လို့ ကျွန်တော် သိထားပါတယ်'

'ကျွန်မ.. ကျွန်မ.. ဟို.. ဟုတ်ကဲ့ပါ'

'ခင်ဗျား သူနှင့် အပြင် ထွက်တာမျိုး ရှိလား'

သူ့တိုက်ခန်းကို သွားသည်မှာ သူနှင့် အပြင် ထွက်တာမျိုးတော့ မဟုတ်။

သူမက 'မရှိပါဘူး'

'သူ လက်ထပ်ချင်တယ် ဆိုတဲ့ အမျိုးသမီးနှင့် ပတ်သက်ပြီး ခင်ဗျားကို ပြောဖူးသလား'


mgyoe.com

mgyoe.com SAMPLE BOOK

တဖြည်းဖြည်း အတွင်း နှိုက်လာလေပြီ။ မိမိကို တီးခေါက်နေသည်လား။ တစ်ဘဲလ်၏ တိုက်ခန်းသို့ သူမ သွားသည်ကို သူ သိနေသည်လား။ မိမိ လက်ဖွဲ့ရာများလည်း သူတို့ တွေ့ကောင်း တွေ့မည်။ တစ်ဘဲလ် မိမိ အပေါ် ပြုမူသည်နှင့် ပတ်သက်၍ မိမိ ပြောမှ ဖြစ်တော့မည်။ သို့သော် ပြောလိုက်လျှင် ဖခင်ကို ဖော်ထုတ်လိုက်သလို ဖြစ်မည်။ ထိုမှ တစ်ဆင့် ဂျင် ကလာရီ သတ်မှုနှင့်ပါ ပတ်သက်လာနိုင်ဖွယ် ရှိသည်။ ထိုအကြောင်းရော သူတို့ သိပြီးပြီလား။ သို့သော် ဘက်ဖို့ဒ်မြို့ ရဲဌာနက ကူပါတင်နို ရဲဌာနကိုတော့ လှမ်းအကြောင်းကြားစရာ မရှိ။

ဒုရဲအုပ် ဘလိတ်က သူမကို ကြည့်ပြီး အဖြေကို စောင့်နေသည်။ ပြီးမှ 'မစ္စ ပက်တာဆင်'

'ရှင်.. စိတ်မရှိပါနှင့်နော်၊ ကျွန်မ စိတ်ထဲ မကောင်းလို့ပါ'

'ကျွန်တော် သဘောပေါက်ပါတယ်၊ သူ လက်ထပ်မယ် ဆိုတဲ့ မိန်းကလေးနှင့် ပတ်သက်ပြီး တစ်ဘဲလ် ပြောပြဖူးသလား'

'ဟုတ်ကဲ့၊ ဒါပေမဲ့ နာမည်တော့ မပြောဘူး'

မိမိ ဖြေသည်မှာ အမှန်ပဲ မဟုတ်လား။

'တစ်ဘဲလ် နေတဲ့ တိုက်ခန်းကို မင်း ရောက်ဖူးသလား'

အက်ရှ်လေ သက်ပြင်း ချလိုက်သည်။ မိမိ ငြင်းလိုက်လျှင်တော့ ဆက်မေးမည် မဟုတ်တော့။

သို့သော် မိမိ လက်ဗွေ တွေ့သွားကြလျှင်တော့..။

'ဟုတ်ကဲ့'

'တစ်ဘဲလ် နေတဲ့ အခန်းကို မင်း ရောက်ဖူးတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်'

သူက အက်ရှ်လေကို သေချာ ကြည့်လျက် 'မင်း ပြောတော့ သူနှင့် အတူ အပြင် မထွက်ဘူး ဆို'

အက်ရှ်လေ၏ စိတ်များ ကယောက်ကယက် ဖြစ်ကုန်ကြသည်။

'မှန်ပါတယ်ရှင်၊ ချိန်းသွားတာမျိုး မဟုတ်ပါဘူး၊ သူ မေ့ကျန်ခဲ့တဲ့ စာရွက် တချို့ သွားပို့တာပါ'

'အဲဒါ ဘယ်တုန်းကလဲ'

မိမိ ထောင်ချောက် မိနေပြီ။

'အဲဒါ.. အဲဒါ ဟိုတစ်ပတ်တုန်းကပါ'



mgyoe.com

mgyoe.com
SAMPLE BOOK

'သူ့အခန်းကို ခင်ဗျား အဲဒီ တစ်ကြိမ်ပဲ ရောက်ဖူးတာပေါ့'

'မှန်ပါတယ်ရှင်'

မိမိ လက်ဗွေရာများ တွေ့သွားကြလျှင်တော့ အဖြေက ရှင်းသွားလိမ့်မည်။

ဘလိတ်က ထိုင်ရင်း သူမကို လေ့လာနေသည်။ သူမ မလုံမလဲ ဖြစ်ရ၏။ အမှန် အတိုင်း ပြောချလိုက်ချင်သည်။ ဖောက်ထွင်းသူ တစ်ယောက် ဝင်၍ သတ်သွားသည်လည်း ဖြစ်နိုင်သည်။ ပြီးခဲ့သည့် ဆယ်နှစ်က ဤမြို့သို့ မိုင်သုံးထောင် ဝေးသော အရပ်၌ ဂျင် ကလာရီအား သတ်သွားသူသည် ထိုဖောက်ထွင်းသူပင် ဖြစ်ကောင်း ဖြစ်နိုင်သည်။ တိုက်ဆိုင်မှုကို ယုံလျှင်ပေါ့။

သေလိုက်စမ်းပါ အဖေရာ။

ဒုရဲအုပ် ဘလိတ်က 'ဒါ အတော် ကြီးတဲ့ ပြစ်မှုပါ၊ ရည်ရွယ်ချက်နှင့် ပတ်သက်ဟန်တော့ မရှိဘူး၊ ဒါပေမဲ့ ကျွန်တော် ရဲတပ်ဖွဲ့ထဲ လုပ်နေတဲ့ သက်တမ်း တစ်လျှောက်လုံး ရည်ရွယ်ချက်နှင့် မသတ်တဲ့ အမှုမျိုး မတွေ့ဖူးဘူး၊ ဒါနှင့် ဒင်းနစ် တစ်ဘဲလ် မူးယစ်ဆေးဝါး သုံးတယ်လို့ ခင်ဗျား သိထားလား'

'သူ မသုံးတာ သေချာပါတယ်'

'ဒါဆို ဘာ ကျန်တော့လဲ၊ မူးယစ်ဆေးဝါးနှင့်လည်း မပတ်သက်ဘူး၊ ဓားပြ တိုက်ခံရတာလည်း မဟုတ်ဘူး၊ သူများကိုလည်း အကြွေး ပေးစရာ မရှိဘူး၊ ဒီတော့ ချစ်ရေးချစ်ရာ ကိစ္စနှင့်ပဲ ပတ်သက်စရာ ရှိတော့တယ်၊ သူ့ကို မနာလိုနေတဲ့ လူတစ်ယောက်က သတ်တာမျိုးလိုပေါ့'

သမီးကို ကာကွယ်လိုသော ဖခင် တစ်ယောက်က သတ်တာမျိုးလေလား။

'ကျွန်မလည်း ရှင် ပြောသလိုပဲ နားမလည်နိုင်အောင် ဖြစ်ရပါတယ် ရဲအုပ်မင်း'

ဘလိတ်က သူမအား စိုက်ကြည့်နေသည်။

သူ့မျက်နှာက 'ကျုပ် ခင်ဗျား ပြောတာကို မယုံဘူး အမျိုးသမီး' ဟု ပြောနေသယောင်။

ဘလိတ်က ထရပ်လိုက်သည်။ ပြီးတော့ ကတ်ပြား တစ်ပြားကို ထုတ်၍ အက်ရှ်လေအား ပေးပြီး 'တကယ်လို့ ခင်ဗျား တစ်ခုခုများ သတိရလို့ ပြောစရာ ရှိရင် ကျွန်တော့်ကို ဖုန်းဆက်ပြောနိုင်ပါတယ်'

'ဟုတ်ကဲ့၊ ကျွန်မ ပြောပါ့မယ်'

'ကဲ သွားဦးမယ်'

mgyoe.com

mgyoe.com SAMPLE BOOK

သူ ထွက်သွားသည်ကို အက်ရှ်လေ လိုက်ကြည့်နေသည်။ ပြီးသွားလေပြီ။ ဖခင်လည်း လွတ်သွားလေပြီ။

ထိုညနေ အက်ရှ်လေ အိမ်ပြန်ရောက်တော့ တယ်လီဖုန်း လက်ခံ စကားပြောစက်ထဲတွင် သတင်း တစ်ခု ရောက်နေသည်။

'မင်းကို ညက ကိုယ် အတော် ခိုက်သွားတယ်ကွာ၊ တကယ် ပြောတာပါ၊ ဒီညတော့ မင်း သတိထားပေတော့၊ မင်း ပြောထားတဲ့ အတိုင်းလေ၊ ခါတိုင်း အချိန် ခါတိုင်း နေရာပေါ့'

ထိုအသံကို နားထောင်ရင်း အက်ရှ်လေ ရပ်နေမိသည်။ မိမိ ရှုံးနေပြီထင်၏။ ဤသည်မှာ ဖခင်နှင့်တော့ မဆိုင်။ ဤသည်၏ နောက်ကွယ်တွင် တစ်စုံတစ်ယောက်တော့ ရှိမည်။ မည်သူနည်း။ ဘယ်လို လုပ်နေသနည်း။

နောက်ငါးရက် ကြာသော အခါ အကြွေးဝယ်ကတ် ကုမ္ပဏီမှ စာတစ်စောင် ရောက်လာသည်။ အချက် သုံးချက်ကို သတိထားလိုက်မိ၏။

အဝတ်အထည် ဆိုင်မှ ဒေါ်လာ ၄၅၀ ဖိုး အကြွေး တောင်းခံလွှာ။

ဆပ်ကပ် ကလပ်မှ ဒေါ်လာ ၃၀၀ အကြွေး တောင်းခံလွှာ။

လူဝီ စားသောက်ဆိုင်မှ ဒေါ်လာ ၂၅၀ ဖိုး အကြွေး တောင်းခံလွှာ။

ထိုအဝတ်အထည်ဆိုင်၊ ထိုကလပ်နှင့် ထိုစားသောက်ဆိုင်များ၏ အမည်ကို အက်ရှ်လေ တစ်ခါမျှ မကြားဖူးခဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၇

ဒင်းနစ် တစ်ဘဲလ် သတ်မှုနှင့် ပတ်သက်သော သတင်းများကို အက်ရှ်လေ ပက်တာဆင် သတင်းစာနှင့် ရုပ်မြင်သံကြားများမှ နေ့တိုင်း ကြည့်သည်။

သတင်းများ အရ လမ်းဆုံးပြီး စုံစမ်း မရ ဖြစ်နေ၏။

ပြီးသွားပါပြီ။ နောက်ထပ် စိတ်ပူရန် မလိုတော့။

အက်ရှ်လေ တစ်ယောက်တည်း တွေးနေသည်။

ထိုညနေက ဒုရဲအုပ် ဆမ် ဘလိတ် သူမ တိုက်ခန်းသို့ ရောက်လာသည်။ သူ့ကို မြင်တော့ အက်ရှ်လေ အာခေါင်တွေ ခြောက်သလို ခံစားရသည်။

ဘလိတ်က 'ကျွန်တော် လာတာ ဒုက္ခ ပေးတယ်လို့တော့ မထင်ပါနှင့်နော်၊ အိမ်ပြန်ရင်း ခင်ဗျားကို ခဏ ဝင်တွေ့ရင် ကောင်းမလားလို့ စဉ်းစားပြီး ဝင်ခဲ့တာပါ'

အက်ရှ်လေက တံတွေးကို မျိုချရင်း 'ရပါတယ်၊ ဝင်ခဲ့ပါ'

ဘလိတ်က အခန်းထဲသို့ ဝင်လာသည်။

'တိုက်ခန်းလေးက ကောင်းသားပဲ'

'ကျေးဇူးတင်ပါတယ်'

'ဒင်းနစ် တစ်ဘဲလ်ကတော့ ဒီလို ပရိဘောဂတွေ သုံးမှာ မဟုတ်ဘူး ဆိုတာ သေချာတယ်'

အက်ရှ်လေ ရင်တွေ ခုန်လာသည်။

'အဲဒါတော့ ကျွန်မ မသိဘူး၊ တစ်ခါမှ သူ ဒီအခန်းကို မရောက်ဖူးဘူး'

'ဩော် ရောက်များ ရောက်ဖူးသလားလို့'

'မဟုတ်ဘူး ရဲအုပ်မင်း၊ ကျွန်မ ပြောပြီးပြီ မဟုတ်လား၊ သူနှင့် ကျွန်မ တစ်ခါမှ ချိန်းတွေ့တာမျိုး မရှိဖူးဘူးလို့'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ပါပြီ၊ ကျွန်တော် ထိုင်လို့ ရမလား'

'ထိုင်ပါရှင်'

'ကျွန်တော် ဒီအမှုမှာ အတော် အခက်အခဲ တွေ့နေတယ် မစ္စ ပက်တာဆင်၊ ဘယ်လိုမှ ပုံဖော်လို့ မရဘူး၊ ကျွန်တော် ပြောခဲ့သလိုပဲ၊ လူသတ်မှုမှာ အကြောင်း ရှိရမယ်၊ ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ်က လူတွေ အားလုံးကို ကျွန်တော် မေးကြည့်ပြီးပြီ၊ တစ်ဘဲလ် အကြောင်း ကောင်းကောင်း သိတဲ့လူ သိပ်မရှိဘူး၊ သူက တစ်ကိုယ်တော်သမား'

အက်ရှ်လေ နားထောင်နေသည်။ ဘယ်တော့ ပွဲသိမ်း ထိုးချက် ဝင်မလဲဟု စောင့်နေ၏။

'သူတို့ ပြောတဲ့ အတိုင်း ဆိုရင်တော့ သူ စိတ်ဝင်စားတာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်'

သူ တစ်ခုခု သိထားပြီ ထင်၏။ သို့မဟုတ်ကလည်း အစ်ထုတ်နေခြင်းလည်း ဖြစ်နိုင်သည်။

အက်ရှ်လေက စကားလုံးကို ရွေး၍ 'သူ ကျွန်မကို စိတ်ဝင်စားခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်မမှ သူ့ကို စိတ်မဝင်စားတာ၊ ဒါကိုလည်း သူ့ကို ကျွန်မ ရှင်းရှင်း ပြောခဲ့ပြီးပြီပဲ'

သူက ခေါင်းညိတ်လျက် 'ဟုတ်ပါပြီ၊ ခင်ဗျား သူ့တိုက်ခန်းကို စာရွက်စာတမ်းတွေ သွားပို့ပေးတယ် ဆိုတော့ ကောင်းတာပေါ့လေ'

အက်ရှ်လေက ဘာ စာရွက်တွေလဲဟု ပြောမည် ကြံပြီးကာမှ သတိရသဖြင့် 'ဒါ.. ဒါ သိပ်တော့ ပြဿနာ မရှိပါဘူး၊ ကျွန်မ လမ်းကြုံလို့ ဝင်ပေးတာပဲ'

'ဟုတ်ပါတယ်၊ တစ်ဘဲလ် လုပ်ခဲ့တာနှင့် ပတ်သက်လို့ သူ့ကို တစ်ယောက်ယောက်က အတော် စိတ်ဆိုးနေတာ ဖြစ်နိုင်တယ်'

အက်ရှ်လေ တောင့်တောင့်ကြီး ရပ်နေပြီး ဘာမှ မပြောဘဲ နေလိုက်သည်။

ဘလိတ်က ဆက်၍ 'ကျွန်တော် ဘာမုန်းတတ်သလဲ သိလား၊ ဖော်ထုတ်လို့ မရတဲ့ လူသတ်မှုတွေပါ၊ အဲဒီလို လူသတ်မှုတွေ ဆိုရင် ကျွန်တော့်မှာ စိတ်ဂနာမငြိမ် ဖြစ်ရတယ်၊ လူသတ်မှု တစ်ခုဟာ ဖြေရှင်းလို့ မရတော့ဘူး ဆိုရင် လူသတ်သမား သိပ်တော်လွန်းလို့တော့ မဖြစ်နိုင်ဘူး၊ ရဲက ညံ့လို့ပဲ ဖြစ်ရမယ်၊ အခုထိတော့ ကျွန်တော် ကံကောင်းနေတုန်းပဲ၊ ကျွန်တော် ကိုင်တဲ့ လူသတ်မှု

mgyoe.com

mgyoe.com SAMPLE BOOK
မှန်သမျှကို ဖော်ထုတ်နိုင်ခဲ့တယ်' သူက မတ်တတ် ရပ်ပြီး 'ဒီအမှုကိုလည်း ကျွန်တော် အလျှော့ ပေးမှာ မဟုတ်ဘူး၊ ကောင်းတဲ့ သတင်း အချက်အလက်လေး ပေးစရာ ရှိရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပါ မစ္စ ပက်တာဆင်'

'စိတ်ချပါ'

သူ ထွက်သွားသည်ကို အက်ရှ်လေ ကြည့်နေသည်။ မိမိကို သတိ ပေးသည့် အနေဖြင့် သူ ရောက်လာသည်လား။ မိမိကို ပြောသွားသည်ထက် သူ ပိုသိနေသည်လား။

တိုနီ အင်တာနက်ကို ပို၍ စိတ်ဝင်စားလာသည်။ ယန်းကလောက်နှင့် ကွန်ပျူတာပေါ်တွင် စကား ပြောရသည်ကို ပို၍ ပျော်လာ၏။

သို့သော် အခြားလူများနှင့်လည်း ကွန်ပျူတာနှင့် စကား ပြောဖြစ်သည်။

'တိုနီလား၊ ဘယ်တွေ ရောက်နေသလဲ၊ ဒီကွန်ပျူတာ စကားပြောခန်းကနေ မင်းကို စောင့်နေတာ'

'စောင့်ရကျိုး နပ်မှာပါ၊ ရှင့်အကြောင်းကို ပြောပါဦး၊ ဘာလုပ်လဲ'

'ကျွန်တော်က ဆေးဆိုင် တစ်ဆိုင်မှာပါ၊ ကျွန်တော်ဟာ ခင်ဗျား အတွက် အသုံးကျမှာပါ၊ ခင်ဗျား ဆေးဝါးတွေ ဘာတွေ သုံးတတ်လား'

'သွားစမ်းပါ'

'တိုနီလား'

'မှန်ပါတယ်၊ မာ့က်လား'

'ဟုတ်ပါတယ်'

'ရှင် အခုတလော အင်တာနက် သိပ်မချိတ်ပါလား'

'အလုပ် များနေလို့၊ ခင်ဗျားကို တွေ့ချင်တယ် တိုနီ'

'ပြောစမ်းပါ၊ ရှင်က ဘာအလုပ် လုပ်သလဲ'

'ကျွန်တော် စာကြည့်တိုက်မှူးပါ'

'အဲဒီ အလုပ်က ပျော်စရာ ကောင်းလား ဟင်၊ အားလုံး စာအုပ်တွေနှင့် တခြား..'

'ကျွန်တော်တို့ ဘယ်တော့ တွေ့ကြမလဲ'


mgyoe.com

mgyoe.com SAMPLE BOOK

'ဗေဒင် သွားမေးကြည့်ပေါ့'

'ဟဲလို တိုနီ၊ ကျွန်တော့် နာမည်က ဝမ်ဒီပါ'

'ဟဲလို ဝမ်ဒီ'

'ခင်ဗျား ကြည့်ရတာ ပျော်တတ်ပုံ ရတယ်'

'ကျွန်မက ဘဝမှာ ပျော်ပျော် နေတယ်'

'ကျွန်တော် ခင်ဗျားကို ပိုပျော်လာအောင် လုပ်ပေးချင်တယ်'

'ရှင်က ဘယ်လို လုပ်ပေးနိုင်လို့လဲ'

'အင်း ခင်ဗျားဟာ အသစ်အဆန်းတွေကို စမ်းမကြည့်ရဲတဲ့ အမြင်ကျဉ်းသူ တစ်ယောက် မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်၊ ခင်ဗျားကို ပျော်စရာလေးတွေ လုပ်ပေးချင်တယ်'

'ကျေးဇူးတင်ပါတယ် ဝမ်ဒီ၊ ရှင်ဟာ ကျွန်မ လိုချင်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူး'

ထို့နောက် ယန်း ကလောက်နှင့် ပြန်ဆက်မိပြန်သည်။

'နေကောင်းရဲ့လား'

'ကောင်းပါတယ်'

'တို့ မင်းကို လွမ်းလိုက်တာ၊ လူကိုယ်တိုင် သိပ်တွေ့ချင်တာပဲ'

'ကျွန်မလည်း တွေ့ချင်တာပါပဲ၊ ဓာတ်ပုံ ပို့လိုက်တဲ့ အတွက် သိပ်ကျေးဇူးတင်တယ်၊ ရှင်က လူချောပဲ'

'မင်းလည်း လှပါတယ်၊ တစ်ယောက် အကြောင်း တစ်ယောက် သိဖို့ အရေးကြီးတယ်၊ မင်းတို့ ကုမ္ပဏီ ကွိဘက်မြို့မှာ ကျင်းပတဲ့ ကွန်ပျူတာ ညီလာခံကို လာဦးမလား'

'ဘာရယ်၊ အဲဒါ ကျွန်မ မသိပါလား၊ ဘယ်တော့ လုပ်မှာလဲ'

'နောက်သုံးပတ် ကြာရင်လေ၊ ကုမ္ပဏီကြီး အတော်များများ လာလိမ့်မယ်၊ မင်း ဒီကို ရောက်လာပါစေလို့ ဆုတောင်းတယ်'

'ကျွန်မလည်း ဒီလိုပါပဲ'

'မနက်ဖြန် ဒီအချိန်လောက် (ကွန်ပျူတာနှင့်) ဆုံကြဦးမလား'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဆုံတာပေါ့'

နောက်တစ်နေ့ မနက်တွင် ရှိန်း မီလာ အက်ရှ်လေထံ လျှောက်သွားပြီး 'ကွိဘက်မှာ ကွန်ပျူတာ ညီလာခံကြီး တစ်ခု လုပ်မယ် ဆိုတာ မင်း သိလား အက်ရှ်လေ'

သူမက ခေါင်းညိတ်လျက် 'သိတယ်၊ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်'

'ကျွန်တော်လည်း အဖွဲ့ တစ်ဖွဲ့ လွှတ်ရင် ကောင်းမလားလို့ စဉ်းစား နေတာ'

'ကုမ္ပဏီတွေ အားလုံး သွားကြမှာ၊ ဆင်မန်တက်ရော မိုက်ခရိုဆော့ဖ် ရော အက်ပဲရော သွားကြမှာ၊ ကွိဘက်မှာ အတော် ကြီးကြီးကျယ်ကျယ် လုပ် ကြမှာ၊ အဲဒီကို ခရီး သွားရမယ် ဆိုရင် ခရစ္စမတ် ပွဲတော် အထူးဆုကြေး ရတာနှင့် အတူတူပဲ'

ရှိန်း မီလာက သူမ စိတ်ပါလက်ပါ ဖြစ်နေသည်ကို ကြည့်ကာ ပြုံးပြီး 'တို့ ကြည့်လိုက်ဦးမယ်လေ'

နောက်တစ်နေ့ မနက်တွင် ရှိန်း မီလာက အက်ရှ်လေအား သူ့အခန်းထဲသို့ ခေါ်တွေ့သည်။

သူက 'မင်း ခရစ္စမတ်ပွဲကို ကွိဘက်မှာ မနွှဲချင်ဘူးလား'

'ကျွန်မတို့ သွားမယ် ဟုတ်လား၊ ဟာ.. ပျော်စရာကြီး'

အက်ရှ်လေ မြူးထူးစွာ ပြောလိုက်သည်။ ယခင်တုန်းကတော့ ခရစ္စမတ် ပွဲကို ဖခင်နှင့် အတူ နွှဲသည်။ ယခု နှစ်တော့ ဖခင်နှင့် အတူ နွှဲရမည်ကို မနွှဲလို။

'မင်း အနွေးထည်တော့ များများ ယူသွား'

'မပူပါနှင့်၊ ကျွန်မ ယူသွားမှာပါ၊ ကျွန်မ သိပ်သွားချင်နေတာ ရှိန်းရဲ့'

တိုနီ အင်တာနက် စကားပြောခန်းတွင် ဆက်သွယ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ယန်းကလောက်၊ ကုမ္ပဏီက ကျွန်မတို့ အုပ်စု တစ်စုကို ကွိဘက် ညီလာခံ လွှတ်မလို့တဲ့'

'ဟာ ကောင်းလိုက်တာ၊ ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ တိုနီတို့ ဘယ်တော့ ရောက်မလဲ'

'နှစ်ပတ် အတွင်း ရောက်မယ်၊ ကျွန်မတို့ ၁၅ ယောက် ပါမယ်'

'သိပ်ကောင်းတာပဲ၊ သိပ် အရေးပါတဲ့ ကိစ္စ တစ်ခု ဖြစ်တော့မယ်လို့ ကျွန်တော် ထင်နေတယ်'

'ကျွန်မလည်း ဒီလိုပဲ ထင်ပါတယ်'

အလွန် အရေးပါသည့် ကိစ္စ တစ်ခုပင်။

အက်ရှ်လေ ရုပ်မြင်သံကြား သတင်းကို အမြဲ ကြည့်သည်။ သို့သော် ဒင်းနစ် တစ်ဘဲလ် သတ်မှုနှင့် ပတ်သက်၍ ဘာမျှ တိုးတက်ခြင်း မရှိသေး။ သူမ စိတ်သက်သာရာ အနည်းငယ် ရလာသည်။ အကယ်၍ ရဲများ ဒီလူသတ်မှုတွင် မိမိနှင့် ပတ်သက်နေသည်ဟု သိစေဦးတော့၊ ဖခင်နှင့် ပတ်သက်မည်ဟုတော့ ထင်ကြမည် မဟုတ်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဖခင်အား မေးမည်ဟု ကြိုးစားကြည့်သည်။ သို့သော် နောက်ဆုတ်ခဲ့ရသည်ချည်း။ သူ မဟုတ်ခဲ့လျှင် မည်သို့ လုပ်မည်နည်း။ သူ့အား လူသတ်သမားဟု စွပ်စွဲသည့် အတွက် မိမိအား ခွင့်လွှတ်နိုင်ပါမည်လား။

သူ့တွင် အပြစ် ရှိသည် ဆိုလျှင်လည်း ယင်းကို မိမိ မသိလို။ မိမိ မခံစားနိုင်။ သူ ထိုသို့ လုပ်သည် ဆိုလျှင်တော့ မိမိအား ကာကွယ်ရန် သူ လုပ်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အနည်းဆုံး မိမိ သူ့ကို ဤခရစ္စမတ် ပွဲတော်တွင် ရင်မဆိုင်လို။

အက်ရှ်လေ ဆန်ဖရန်စစ္စကိုရှိ ဖခင်ထံ တယ်လီဖုန်း ဆက်လိုက်သည်။ သူမက ဆိုင်းမဆင့် ဗုံမဆင့်။

'ဒီနှစ် ခရစ္စမတ်မှာ သမီး အဖေနှင့် မဆုံနိုင်ဘူး၊ သမီးတို့ ကုမ္ပဏီက ကနေဒါ နိုင်ငံ ကွန်ပျူတာ ညီလာခံကို သွားရမယ်'

ခေတ္တ အသံ တိတ်သွားသည်။



mgyoe.com

mgyoe.com
SAMPLE BOOK
ပြီးမှ 'အချိန် မဟုတ်ကြီးကွာ၊ သမီးနှင့် အဖေ ခရစ္စမတ်ပွဲမှာ အမြဲတမ်း အတူ နွှဲခဲ့တာပဲ'

'မတတ်နိုင်ဘူး အဖေ'

'အဖေ့မှာ သမီး တစ်ယောက်တည်း ရှိတော့တာ'

'ဟုတ်ပါတယ် အဖေ၊ သမီးမှာလည်း အဖေ တစ်ယောက်တည်း ရှိတာ'

'အဲဒါ အရေးကြီးတာပေါ့'

ထိုသို့ အရေးကြီး၍ သတ်သည်များလား။

'ညီလာခံက ဘယ်မှာ လုပ်မှာလဲ'

'ကွိဘက်မှာပါ၊ အဲဒါ..'

'ဟာ သိပ်သာယာတဲ့ မြို့ပေါ့၊ ဟိုအရင်တုန်းက အဖေလည်း ရောက်ဖူးတယ်၊ အဖေ ပြောမယ်၊ အဲဒီ အချိန်လောက် ဆိုရင် ဆေးရုံမှာ အဖေ လုပ်စရာ သိပ်မရှိဘူး၊ အဖေ လေယာဉ်နှင့် အဲဒီကို လာခဲ့မယ်၊ ခရစ္စမတ် ညစာ အဲဒီမှာ အဖေနှင့် အတူ စားကြတာပေါ့'

အက်ရှ်လေက ကမန်းကတန်း 'အဲဒီလို မဖြစ်ဘူး ထင်..'

'သမီး တည်းတဲ့ ဟိုတယ်မှာ အဖေ့ အတွက် အခန်း တစ်ခန်း ငှားထားလိုက်၊ အစဉ်အလာကို မဖျက်ချင်ဘူး သမီးရယ်'

သူမ တုံ့ဆိုင်းနေရာမှ ဖြည်းညင်းစွာ ပြန်ပြောလိုက်သည်။

'ဟုတ်ပါတယ် အဖေ'

မိမိ သူ့ကို မည်သို့ ရင်ဆိုင်ရမည်နည်း။

အလက် တစ်ယောက် ပျော်နေသည်။ သူမက တိုနီအား 'ငါတော့ ကွိဘက်ကို တစ်ခါမှ မရောက်ဖူးဘူး၊ အဲဒီမှာ ပြတိုက်တွေ ရှိသလား ဟင်'

'ရှိတာပေါ့၊ အဲဒီမှာ ဘာမဆို ရှိတယ်၊ ဆောင်းရာသီ အားကစားတွေလည်း အများကြီးပဲ၊ ရေခဲပြင် လျှောစီးတာတို့ စကိတ် စီးတာတို့'

အလက် ကြက်သီး ထသွားပြီး 'အေးတဲ့ ရာသီကို ငါ မုန်းတယ်၊ အားကစားလည်း ငါ ဝါသနာ မပါဘူး၊ လက်အိတ်တွေ စွပ်ထားလည်း ထုံကျဉ်နေတာပဲ၊ ငါကတော့ ပြတိုက်တွေထဲမှာပဲ နေမယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ဂလိုဘယ် ကွန်ပျူတာ ဂရပ်ဖစ် ကုမ္ပဏီမှ အဖွဲ့ ကွိဘက်မြို့သို့ ရောက်သွားသည်။ အပြင်ဘက်တွင် အပူချိန် ရေခဲမှတ်အောက် ရောက်နေသည်။ လမ်းများမှာလည်း နှင်းတွေနှင့် ဖုံးလွှမ်းလျက် ရှိ၏။

ယန်းကလောက်က တိုနီအား သူ့အိမ် ဖုန်းနံပါတ် ပေးထားသည်။ သူမ က ဟိုတယ်ကို ရောက်ရောက်ချင်း ဖုန်းဆက်လိုက်သည်။

'ကျွန်မ ဖုန်းဆက်တာ သိပ်နောက်မကျပါဘူးနော်'

'ဘယ်ကျမလဲ၊ ခင်ဗျား ဒီရောက်မယ် ဆိုတာ ယုံတောင် မယုံဘူး၊ ခင်ဗျားကို ကျွန်တော် ဘယ်တော့ လာတွေ့ရမလဲ'

'မနက်ဖြန်မှာ ကျွန်မတို့ မနက်ပိုင်း ညီလာခံ လုပ်မယ့် နေရာကို သွားမယ်၊ ဒါပေမဲ့ ကျွန်မ အသာ လစ်ထွက်လာပြီး ရှင်နှင့် နေ့လယ်စာ စားမယ်'

'ဟုတ်ပြီ၊ လီပဲရစ်ဘရက် ဆိုတဲ့ စားသောက်ဆိုင် တစ်ဆိုင် ရှိတယ်၊ ဂရင်း အော်လီ လမ်းမှာ၊ အဲဒီကို တစ်နာရီထိုး လာခဲ့ပါလား'

'လာခဲ့မယ်'

ညီလာခံ ကျင်းပရာ လေးထပ် အဆောက်အအုံကြီးမှာ ညီလာခံ တက်ရောက်သူ ထောင်ပေါင်း များစွာ ဆုံသည်။ မနက် ကိုးနာရီတွင် ခန်းမကျယ်ကြီးများ၌ တစ်ကမ္ဘာလုံးရှိ ကွန်ပျူတာ ကျွမ်းကျင်သူ ပညာရှင်ကြီးများ စုဝေး ရောက်ရှိလာကြသည်။ ပြီးတော့ နောက်ဆုံး တိုးတက်မှု အခြေအနေများကို ဆွေးနွေး ကြသည်။ မာလ်တီ မီဒီယာ အခန်းများ၊ ပြပွဲ ခန်းမများ၊ ဗီဒီယို အစည်းအဝေး ခန်းမများဖြင့် ပြည့်နေတော့သည်။

တိုနီမှာ ပျင်းနေ၏။ စကားတွေသာ ပြောနေကြသည်။ ဘာမျှ လုပ်စရာ မရှိ။ ၁၂ နာရီ ၄၅ မိနစ်တွင် ညီလာခံ ခန်းမထဲမှ သူမ လစ်ထွက်သွားပြီး ကားတစ်စီး ငှားကာ စားသောက်ဆိုင်သို့ လာခဲ့သည်။

ယန်းကလောက်က သူမအား စောင့်နေ၏။

သူက သူမ လက်ကို ဆွဲလျက် 'ခင်ဗျား အခုလို လာနိုင်တဲ့ အတွက် သိပ်ဝမ်းသာတယ် တိုနီ'

'ကျွန်မလည်း ဒီလိုပါပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'ခင်ဗျား ဒီကို လာတဲ့ အခါ ပျော်သွားအောင် ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ဒီမြို့ကလေးဟာ သိပ်လည်းလို့ ပတ်လို့ ကောင်းတဲ့ နေရာပေါ့'

တိုနီက သူ့ကို ကြည့်၍ ပြုံးပြီး 'ကျွန်မ ပျော်မှာပါ'

'ကျွန်တော် ခင်ဗျားနှင့် အချိန် များများ တွေ့ချင်တယ်'

'ရတနာဆိုင် ဆိုတာကရော'

ယန်းကလောက်က ပြုံးလျက် 'ဆိုင်မှာကတော့ ကျွန်တော် မရှိရင်လည်း ဖြစ်ပါတယ်'

စားပွဲထိုးက စားသောက်ဖွယ် စာရင်း ယူလာသည်။

ယန်းကလောက်က တိုနီအား 'ကျွန်တော်တို့ရဲ့ ပြင်သစ် ကနေဒါ ဟင်းတွေကို မြည်းကြည့်မလား'

'ကောင်းသားပဲ'

'ဒါဆို ကျွန်တော် မှာပေးမယ်'

သူက စားပွဲထိုးအား ပြင်သစ် ဘာသာဖြင့် မှာပေးနေသည်။ ပြီးမှ တိုနီအား ရှင်းပြသည်။

'ဒါက ဒေသခံ အစားအစာပဲ၊ ဘဲပေါက်သား၊ ပန်းသီး အရက်နှင့် ချက်တာ၊ အထဲမှာလည်း ပန်းသီး အစာ သွပ်ထားတယ်'

'အရသာ ရှိမယ့် ပုံပဲ'

တကယ်လည်း အရသာ ရှိသည်။

နေ့လယ်စာ စားနေရင်း တစ်ယောက်၏ နောက်ကြောင်းကို တစ်ယောက်အား ပြောပြကြသည်။

တိုနီက 'ဒီလိုဆိုတော့ ရှင်က တစ်ခါမှ အိမ်ထောင်မကျဖူးသေးဘူးပေါ့'

'ဟင့်အင်း၊ ခင်ဗျားရော'

'မကျဖူးသေးဘူး'

'ကြိုက်တဲ့သူ မတွေ့သေးလို့လား'

'မတွေ့သေးဘူး'

ထို့နောက် ကွိဘက် မြို့ကလေး အကြောင်း ပြောကြသည်။ ကွိဘက် မြို့တွင် ပျော်စရာ ပါးစရာ အကြောင်းများလည်း ပြောကြ၏။

ယန်းကလောက်က 'ခင်ဗျား နှင်းလျှောစီးတတ်သလား'


mgyoe.com

mgyoe.com SAMPLE BOOK

တိုနီက ခေါင်းညိတ်လျက် 'ကျွန်မ သိပ်ဝါသနာ ပါတာ'

'ဟာ ကောင်းတယ်၊ ရေခဲပြင် စကိတ်တို့ နှင်းလျှော စီးတာတို့တွေ လည်း ရှိတယ်၊ ဈေးဝယ်လို့လည်း ကောင်းတယ်'

သူ စိတ်ခတ် တက်ကြွနေပုံမှာ ကလေး တစ်ယောက်နှင့် တူနေသည်။ ယခုလို လူတစ်ယောက်နှင့် တွေ့ဆုံ၍ စိတ်ချမ်းသာသည်မျိုး တိုနီ တစ်ခါမျှ မရှိခဲ့။

သူတို့ အုပ်စုမှာ မနက်ပိုင်း ညီလာခံ တက်၍ နေ့လယ်ပိုင်းတွင် လွတ်လပ်စွာ နေ၍ ရအောင် ရှိန်း မီလာက စီစဉ်ပေးသည်။

အလက်က တိုနီအား 'ဒီမှာ ငါ ဘာလုပ်ရမှန်း မသိဘူးဟာ၊ အေးလိုက် တာလည်း လွန်ရော၊ နင်ရော ဘာလုပ်မလဲ'

'အကုန် လုပ်မယ်'

တိုနီက ရယ်ကျဲကျဲနှင့် ဆိုသည်။

'ကောင်းမ'

တိုနီနှင့် ယန်းကလောက်တို့ နေ့လယ်စာနှင့် မွန်းလွဲစာ နေ့စဉ် စားကြသည်။ ယန်းကလောက်က တိုနီအား မြို့ကို လှည့်ပတ်ပြသည်။ ကွိဘက်လို နေရာမျိုး တိုနီ တစ်ခါမျှ မမြင်ဖူးခဲ့။

မြောက်အမေရိကတိုက်၏ ရာစုနှစ်ဟောင်းမှ ပြင်သစ် ရွာကလေးနှင့် တူသည်။ ရှေးဟောင်း လမ်းများမှာလည်း နာမည်တွေက အဆန်း။ လည်ပင်းကျိုး လှေကားလမ်း၊ ခံတပ် အောက်လမ်း၊ သဘော်သားခုန်လမ်း စသည်တို့ ဖြစ်၏။

သူတို့ လာစီတာဒဲ ရဲတိုက်ကြီးကိုလည်း ရောက်ခဲ့သည်။ ရှေးတုန်းက ကွိဘက် မြို့ကို အကာအကွယ် ပေးသည့် အုတ်တံတိုင်းကြီးလည်း ရှိသည်။ အတွင်းဘက်တွင်မူ အစောင့်အကြပ်များက ယခင်ကနှင့် မတူတော့။

နှစ်ယောက်သား ဈေးဆိုင် ပေါသည့် လမ်းများကိုလည်း ရောက်သည်။

ယန်းကလောက်က 'ဒါဟာ မြောက်အမေရိကတိုက်မှာတော့ ရှေးအကျ ဆုံး ကူးသန်း ရောင်းဝယ်ရေး ရပ်ကွက်ပဲ'

'အတော် ကောင်းတယ်နော်'



mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်သည့် နေရာတိုင်းတွင် အရောင် တလက်လက်နှင့် ခရစ္စမတ် သစ်ပင်များကို တွေ့နေရသည်။ ဒေသ ပုံစံအတိုင်း ပြင်ဆင်ထားကြပြီး လှည့်လည်ကြည့်ရှုသူများကိုလည်း တေးဂီတများဖြင့် ဖြေဖျော်နေကြ၏။

'ပျော်ရဲ့လားဟင်'

ယန်းကလောက်က မေးသည်။ အကြောင်း မရှိ အကြောင်းရှာ မေးမှန်း တိုနီ သိလိုက်၏။

ထို့ကြောင့် သူမက ခေါင်းညိတ်လျက် 'အရမ်း ပျော်တာပဲ'

အလက်ကမူ ပြတိုက်များတွင်သာ အချိန် ဖြုန်းနေသည်။ နာမည်ကြီး ပြတိုက်မှန်သမျှကိုလည်း ရောက်ခဲ့၏။ ယင်းမှ လွဲ၍ ကွိဘက်ရှိ အခြား အကြောင်းအရာများကို သူမ စိတ်မဝင်စား။ တစ်ခါတစ်ရံ ဟိုတယ်တွင် မစားသည့်အခါ သက်သတ်လွတ် ဆိုင်တစ်ဆိုင်တွင် သူမ စားသည်။

ရံဖန်ရံခါ ဆန်ဖရန့်စစ္စကိုတွင် ကျန်ခဲ့သော သူမ၏ ပန်းချီ မိတ်ဆွေ ရစ်ချတ် မယ်လ်ဒင်ကို သတိရမိသည်။ သူ ဘာများ လုပ်နေသနည်း။ မိမိကိုမှ သူ သတိရရဲ့လား။

အက်ရှ်လေကတော့ ခရစ္စမတ်ကို ကြောက်နေသည်။ ဖခင်ကို မလာနှင့်ဟု ဖုန်းဆက်မည် ကြံ၏။

သို့သော် မိမိ မည်သို့ အကြောင်းပြမည်နည်း။

အဖေသည် လူသတ်သမား။ သူ့ကို မိမိ မတွေ့ချင်။

ခရစ္စမတ်မှာ တစ်နေ့တခြား နီးလာလေပြီ။

'ကျွန်တော့်ရဲ့ ရတနာ ဆိုင်ကို လိုက်ပြဦးမယ်၊ ကြည့်မလား'

ယန်းကလောက်က တိုနီကို ပြောသည်။

တိုနီက ခေါင်းညိတ်လျက် 'ကြည့်ချင်တယ်'

ယန်းကလောက်၏ ရတနာ ဆိုင်မှာ ကွိဘက် မြို့လယ်တွင် ရှိသည်။ သူမ ဆိုင်ထဲ ဝင်သွားတော့ အတော်ပင် အံ့အားသင့်သွားရသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အင်တာနက်နှင့် ဆက်သွယ်မိတုန်းက သူ့တွင် ရတနာ ဆိုင်ကလေး တစ်ဆိုင် ရှိသည်ဟု ယန်းကလောက် ပြောခဲ့သည်။ ယခုမူ ဆိုင်မှာ အတော် ပင် ကြီးသည်။ စတိုးဆိုင်ကြီး ဖြစ်သည်။

ဝန်ထမ်း ခြောက်ယောက်ကလည်း ဝယ်သူတွေနှင့် အတော် အလုပ် များ နေ၏။

တိုနီက လှည့်ပတ် ကြည့်လိုက်ပြီး 'ဟာ အရမ်း ကောင်းပါလား'

သူက ပြုံးလျက် 'ကျွန်တော် ခင်ဗျားကို ခရစ္စမတ် လက်ဆောင်ကလေး တစ်ခု ပေးချင်တယ်'

'ဟင့်အင်း မလိုပါဘူး၊ ကျွန်မ..'

'ကျွန်တော် စိတ်မကောင်းအောင် မလုပ်ပါနှင့်ဗျာ'

ယန်းကလောက်က တိုနီအား ပစ္စည်းများ ပြထားသည့် မှန်ပုံး တစ်ခု ရှေ့သို့ ခေါ်သွားပြီး 'ဘယ်ဟာ ကြိုက်သလဲ၊ ပြော'

တိုနီက ခေါင်းခါလျက် 'ဒါတွေက သိပ်တန်ဖိုး ကြီးပါတယ်၊ ကျွန်မ..'

'ဒီလို မလုပ်ပါနှင့်ဗျာ'

တိုနီက သူ့ကို ခဏတွေမျှ ကြည့်နေပြီးနောက် ခေါင်းညိတ်၍ 'ကောင်း ပြီလေ'

သူမက မှန်ပုံးထဲသို့ ကြည့်လိုက်သည်။ မှန်ပုံး အလယ်လောက်တွင် စိန် ရံသော မြလက်စွပ်ကြီး တစ်ကွင်း ရှိ၏။

ထိုလက်စွပ်အား သူမ ကြည့်လိုက်သည်ကို ယန်းကလောက်က တွေ့ သဖြင့် 'မြလက်စွပ် လိုချင်သလား'

'သိပ်လှတာပဲ၊ ဒါပေမဲ့ အဲဒါက သိပ်ပြီး..'

'ယူပါဗျာ'

ယန်းကလောက်က ပြောပြီး မှန်ပုံးထဲမှ လက်စွပ်ကို ထုတ်လိုက်သည်။

တိုနီက 'မလုပ်ပါနှင့် ယန်းကလောက်ရယ်'

'မငြင်းပါနှင့်ဗျာ'

သူက လက်စွပ်ကို တိုနီ၏ လက်တွင် စွပ်ပေးလိုက်သည်။ လက်စွပ် ကလည်း အတော်ပင်။

'ဒါဟာ အမှတ် လက္ခဏာ တစ်ခုပါ'

တိုနီက သူ့လက်ကို ဆုပ်ပြီး 'ကျွန်မ.. ကျွန်မ ဘယ်လို ပြောရမှန်း တောင် မသိတော့ဘူး'

mgyoe.com

mgyoe.com
SAMPLE BOOK

'ကျွန်တော် အခုလို ပေးလိုက်ရတဲ့ အတွက် ပြောမပြတတ်အောင်ပါပဲ၊ ဒီနားမှာ စားသောက်ဆိုင် တစ်ဆိုင် ရှိတယ်၊ ဒီည အဲဒီမှာ ညစာ သွားစားကြရအောင်'

'ရှင့်သဘောပါပဲ'

'ကျွန်တော် ရှစ်နာရီမှ ဖုန်းဆက်မယ်'

ထိုည ခြောက်နာရီ ထိုးတော့ အက်ရှ်လေ၏ ဖခင် တယ်လီဖုန်း ဆက်လာသည်။

'သမီးတော့ စိတ်ပျက်သွားမလား မသိဘူး၊ ခရစ္စမတ်မှာ အဖေ အဲဒီကို မလာနိုင်ဘူး၊ တောင်အမေရိကက သိပ် အရေးကြီးတဲ့ လူနာ တစ်ယောက် နှလုံး ရောဂါ ထလာလို့ အဖေ အာဂျင်တီးနားကို သွားရမယ်'

'စိတ်မကောင်းလိုက်တာ အဖေရယ်'

အက်ရှ်လေက ယုံလောက်သည့် လေသံဖြင့် ပြောလိုက်သည်။

ဖခင်က 'အဖေတို့ ဒီအတွက် အစားထိုးပြီး နောက်တစ်ခါမှ စားကြတာပေါ့'

'ဟုတ်ကဲ့ အဖေ၊ ခရီးလမ်း သာယာပါစေ'

တိုနီမှာ ယန်းကလောက်နှင့် ညစာ စားရမည်ကို မျှော်လင့်နေမိသည်။ အတော်ပင် ပျော်စရာ ကောင်းသော ညနေကလေး ဖြစ်ပေလိမ့်မည်။ သူမ အဝတ်အစားလဲရင်း သီချင်းကလေး တညည်းညည်း လုပ်နေ၏။

မြို့လမ်းမရဲ့ အဆင်း အတက်
သိမ်းငှက်ဆိုင်မှာ အဝင် အထွက်
ဤနည်းဖြင့် ငွေတွေ ကုန်
ဟိုက်.. မြွေပါ လွတ်ခဲ့ပုံ။
ယန်းကလောက်က ကျွန်မကို ချစ်နေပြီ ထင်တယ် အမေ။

စားသောက်ဆိုင်မှာ ကွိဘက်မြို့ ရှေးဟောင်း ဘုတာရုံ အနီးတွင် ရှိသည်။ အတော်လည်း ကြီးသည်။ ရှည်လျားသော ဘားခန်းကြီး ရှိသည်။ စားပွဲများ

mgyoe.com

mgyoe.com SAMPLE BOOK

ကို နောက်ဘက်သို့ ဖြန့်၍ စီသွားသည်။ ညစဉ် ၁၁ နာရီ ဆိုလျှင် စားပွဲ ၁၂ လုံးလောက်ကို ဘေးသို့ ဖယ်ပြီး ကရန် နေရာ လုပ်သည်။

တိုနီနှင့် ယန်းကလောက်တို့ ကိုးနာရီလောက်တွင် ရောက်သွားသည်။ သူတို့ကို ဆိုင်ရှင်က အပေါက်ဝ၌ ဆီးကြိုသည်။

'တွေ့ရတာ အရမ်း ဝမ်းသာပါတယ် မစ္စတာ ယန်းကလောက်'

'ကျေးဇူးပဲ အင်ဒရေ၊ ဒါက မစ္စ တိုနီ ပရက်စကော့၊ ဒါက အင်ဒရေ နီကိုးလပ်လေ'

'တွေ့ရတာ ဝမ်းသာပါတယ် မစ္စ ပရက်စကော့၊ ဆရာတို့ အတွက် စားပွဲ အဆင်သင့် လုပ်ထားပါတယ်'

'ဒီက အစားအစာတွေက ကောင်းတယ်'

ထိုင်ပြီးတော့ ယန်းကလောက်က တိုနီအား ပြောလိုက်ခြင်း ဖြစ်သည်။

'ရှန်ပိန်နှင့် စကြတာပေါ့'

ထို့နောက် စားသောက်ဖွယ်များ မှာလိုက်သည်။ တိုနီမှာ ယန်းကလောက် ပေးထားသော မြလက်စွပ်ကိုသာ တကြည့်ကြည့် လုပ်နေ၏။

ပြီးတော့မှ သူမက 'ဒါလေးက တော်တော် လှတယ်နော်'

ယန်းကလောက် ကိုယ်ကို ရှေ့သို့ ကိုင်းလျက် 'ကျွန်တော်တို့ နှစ်ယောက် တွေ့ရတာ ပြောမပြတတ်လောက်အောင် ကျွန်တော် ဝမ်းသာတယ်ဗျာ'

'ကျွန်မလည်း ဒီလိုပါပဲ'

တေးဂီတသံ ထွက်ပေါ်လာသည်။ ယန်းကလောက်က တိုနီအား ကြည့်လျက် 'ကမလား ဟင်'

'ကောင်းသားပဲ'

ကသည်မှာလည်း တိုနီ၏ ဝါသနာ တစ်ခု ဖြစ်သည်။ ကပွဲ ကြမ်းပြင်ပေါ် ရောက်သည်နှင့် သူမ အရာရာကို မေ့သွားတော့သည်။ ဖခင်နှင့် အတူ ကနေသော ကလေးမ ငယ်ငယ်လေး ပမာတည်း။ အမေက 'ကလေးက မက တတ်သေးဘူး' ဟု ဆိုနေသယောင်။

ယန်းကလောက်က သူမကို တင်းတင်း ဖက်ထားသည်။ ပြီးတော့ 'မင်း အက သိပ်ကောင်းတာပဲနော်'

'ကျေးဇူးပါပဲ'

ကြားရဲ့လား အမေ။

သူမ အမြဲတမ်း ထိုသို့ နေသွားချင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟိုတယ်သို့ အပြန် လမ်းတွင် ယန်းကလောက်က 'ကိုယ့်အိမ်ကို လိုက်ပြီး တစ်ခွက်လောက် သောက်ပါဦးလား'

တိုနီက အနည်းငယ် တွေဝေနေပြီးမှ 'ဒီညတော့ မသောက်တော့ဘူး ယန်းကလောက်ရယ်'

'မနက်ဖြန် ဆိုရင်ကော'

သူမက ယန်းကလောက်၏ လက်ကို ဖျစ်ညှစ်လျက် 'မနက်ဖြန်ပေါ့'

နံနက် ဝေလီဝေလင်း သုံးနာရီတွင် ရဲအရာရှိ ရင်နီ ပတ္တရောင် ကားဖြင့် ဂရင်း အော်လေ လမ်းအတိုင်း မောင်းလာသည်။ ဤတွင် နှစ်ထပ်တိုက် နီနီ တစ်လုံး အိမ်ရှေ့ တံခါး ပွင့်နေသည်ကို သူ သတိပြုမိလိုက်၏။ သူက ကား ကို လမ်းဘေးတွင် ရပ်ပြီး စုံစမ်းရန် ကားထဲမှ ထွက်လိုက်သည်။ ပြီးတော့ အိမ်ရှေ့ တံခါးဆီသို့ လျှောက်သွားပြီး 'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

ပြန်၍ ထူးသံ မကြားရ။ သူက မီးလင်းဖို အခန်းထဲသို့ ဝင်ပြီး ထိုမှ တစ်ဆင့် ကျယ်ဝန်းသော ဧည့်ခန်းဆီသို့ ဝင်လာခဲ့သည်။

'ကျွန်တော်တို့ ရဲအဖွဲ့ကပါ၊ အိမ်ရှင်တို့ ရှိသလား'

ဘာသံမျှ မကြားရ။ တစ်အိမ်လုံး ထူးဆန်းစွာ တိတ်ဆိတ်နေသည်။

ရင်နီ သေနတ်အိတ်ကို ကြယ်သီး ဖြုတ်ထားလိုက်ပြီး အသံ ပေးရင်း အောက်ထပ်တွင် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာသည်။ လုံးဝ တိတ်ဆိတ် နေ၏။ မီးလင်းဖိုခန်းသို့ ပြန်လာတော့ အပေါ်ထပ်သို့ တက်သည့် လှေကား ကို တွေ့သည်။

'ဟဲလို'

ဘာသံမှ ပေါ်မလာ။ ရင်နီ အပေါ်ထပ်သို့ တက်လာသည်။ လှေကား ထိပ်သို့ ရောက်တော့ သေနတ်ကို ထုတ်ယူလိုက်၏။ အိမ်ရှင်များကို အော် ခေါ်ရင်း ရှည်လျားသော စင်္ကြံ အတိုင်း လျှောက်လာသည်။ ရှေ့တူရူရှိ အိပ် ခန်းမှာ တံခါး ပွင့်နေ၏။ ထိုအခန်းသို့ သွား၍ တံခါး ဖွင့်ကြည့်လိုက်သည် တွင် သူ့မျက်နှာ ရုတ်တရက် ဖြူရော်သွားတော့သည်။

'အလိုလေး'


mgyoe.com